MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 17 THE WEEK OF MAY 13 - 19, 2013
WWW.ICT.COM.MM

KKA
COMPUTER, MOBILE & DIGITAL STORE
KKA (1) Tel: 01 246 427, 09 73 88 7777
KKA (2) Tel: 01 253 352, 09 73 7777 73, 09 73 7777 33
KKA (3) Tel: 01 253 144, 09 433 55 777, 09 433 66 777



## မြို့ပြ စီမံကိန်းများအတွက် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်

## 3D Printer ထုတ် သေနတ် ပစ်ခတ်နိုင်

## ကမ္ဘာ့တတိယ အကြီးဆုံး ဖြစ်လာမည့် နေစွမ်းအင်သုံး စီမံကိန်း ဖော်ဆောင်မည်

## အမေရိကန် ဈေးကွက်ရဲ့ ဈေးအသက်သာဆုံး ကား (၅) စီး

## Suzukiမှ ရန်ကုန် စက်ရုံထုတ်ကားများ မေလကုန်တွင် စတင်ရောင်းချမည်

## သင့်ကို အလုပ်ရှင်က အလေးပေးလာဖို့



Toyota Prius 2013



Samsung Galaxy SIII (CDMA)



Canon PowerShot G15



Dell Latitude 10

Official Technology Partner of 27th SEA GAMES MYANMAR 2013
www.mmseagames2013.com
REDLINK COMMUNICATIONS
Certificate No. TH 10/5319
Sales Office & Service Center
* Pearl Condo : (+95 9) 73031684 ~ 85
* BAK (IT Mall) : (+95 9) 43170015
* Junction Square : (+95 9) 43170016
* Chaw Twin Gone : (+95 1) 660304, 664282
* Junction Maw Tin: (+95 9) 431 38326
ဖုန်းလိုင်းရှိရန်မလို
ချက်ချင်းဝယ် ချက်ချင်းသုံး
Broadband WiMAX Service



Model: ဆန်းသစ်လ, Makeup: မေဦး, Dress: နိုင်မြတ်ဝေ (Ever Nice Fashion), Photography: သန်းဇော်ဝင်း (Photo Magic

အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 17

# AOC i2367Fh

လင်းထက်

ပြည်တွင်း ဈေးကွက်အတွင်းသို့ မကြာခင် ရောက်ရှိလာတော့မယ့် AOCရဲ့ Modelသစ် အမျိုးအစားတစ်မျိုးနဲ့ မိတ်ဆက်ပေးလိုက်ပါသည်။ AOCရဲ့ 67 Series Monitor အမျိုးအစား ဖြစ်ပြီး ဆန်းသစ်တဲ့ ဒီဇိုင်းလေးနဲ့ တွေ့မြင်ရမှာ ဖြစ်ပါသည်။ Screen အကျယ်ကတော့ 23 လက်မ ကျယ်ဝန်းပြီး IPS Display Panel အမျိုးအစားကို အသုံးပြုထားပါသည်။ Monitorရဲ့ Resolutionကို 1920 x 1080အထိ အပြည့်အဝ ရရှိမှာဖြစ်ပြီး Contract Ration အနေနဲ့လည်း 50,000,000:1 ( DCR )အထိ ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါသည်။ LED Backlight Panel အမျိုးအစားကို အသုံးပြုပေးထားပြီး Powerစား သက်သာစေမှာ ဖြစ်ပါသည်။ Input Connector အနေနဲ့ VGAနဲ့ HDMI 2 Portတို့ကို တပ်ဆင်ထားပါသည်။ Resolutionကောင်းမွန်ပြီး၊ HD Movies တွေကို အပြည့်အဝ ကြည့်ရှုနိုင်မှာ ဖြစ်ပါသည်။ Monitorကို ပုံမှန်အတိုင်း Stand တပ်ဆင် အသုံးပြုနိုင်သလို Photo Frame ဒီဇိုင်းလေးနဲ့ သုံးချင်တယ်ဆိုရင်လည်း Standကို အလွယ်တကူ ဖြုတ်တပ် လုပ်နိုင်ပါသည်။ Computer အရောင်းဆိုင်များမှာ ဝယ်ယူရရှိနိုင်မှာဖြစ်ပြီး အသေးစိတ် စုံစမ်းချင်တယ်ဆိုရင်တော့ Star Universe Company၊ ဖုန်း-430-013ကို မေးမြန်းစုံစမ်းနိုင်ပါသည်။



# Model အသစ်ဝင်လာတဲ့ Star UPS


မင်းခန့်

Star Universe ကုမ္ပဏီမှ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိတဲ့ Star UPS များကို Model အသစ် ဒီဇိုင်းအသစ်နဲ့အတူ ဈေးနှုန်း ချိုသာစွာဖြင့် ပြည်တွင်း ဈေးကွက်အတွင်း ဝယ်ယူရရှိနိုင်ပြီ ဖြစ်ကြောင်း သိရပါသည်။ အခု Model အသစ်ကိုတော့ Plastic Caseနဲ့ ပြုလုပ်ထားပြီး ပေါ့ပေါ့ပါးပါး ဒီဇိုင်း ဆန်းဆန်းလေးနဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ UPS အမျိုးအစားကတော့ LED 650 VA အမျိုးအစားဖြစ်ပြီး Socket အနေနဲ့ မည်သည့် Power Cableနဲ့ မဆို တပ်ဆင် အသုံးပြုနိုင်မယ့် Multi Socket အမျိုးအစားကို တပ်ဆင်ပေးထားပါသည်။ UPSရဲ့ အရောင်ကိုတော့ အနက်ရောင်၊ ငွေရောင်၊ အပြာရောင် ဆိုပြီး သုံးရောင် ရွေးချယ် ဝယ်ယူနိုင်ပါသည်။ ဈေးနှုန်းအနေနဲ့ကတော့ ၂၇,၀၀၀/-ကျပ်နှုန်းဖြင့် Computer အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး၊ အသေးစိတ် သိချင်တယ်ဆိုရင်တော့ Star Universe ကုမ္ပဏီ၊ ဖုန်း - 430-013သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

# နိုင်ငံစီးပွားရေး တိုးတက်မှုတွင် SME၏ အရေးပါပုံအကြောင်း ဟောပြောပွဲ ကျင်းပ

သန့်စင်

နိုင်ငံဖွံ့ဖြိုး တိုးတက်မှုများ ဖော်ဆောင်ရာတွင် SME(small and Medium economic)အရေးပါပုံအကြောင်း ဟောပြောပွဲကို HISG ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဒါရိုက်တာတစ်ဦးဖြစ်သူ Mu.Eugene A.short မှ မေ ၄ရက်၊နံနက် 9နာရီ အချိန်၊ ကမာရွတ်မြို့နယ် Judson Student Center တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် Mr. Eugene A.short မှ ဥရောပ နိုင်ငံများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက လုပ်ငန်းကြီးများထက် များပြားလျက်ရှိနေပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိစေကြောင်း ၊ဥရောပတွင် SME လုပ်ငန်းများသည် 90ရာခိုင်နှုန်းထိ ရှိနေပြီဖြစ်ကြောင်း၊ SMEဆိုသည်မှာ စားသောက်ဆိုင်လုပ်ငန်း၊ မီနီမားကတ်များကဲ့သို့ လုပ်ငန်းများ ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများသည် အတိုးအတက်မြန်ဆုံး လုပ်ငန်းများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်



SME လုပ်ငန်းများ ပိုမိုပေါ်ထွန်းလာသင့်ကြောင်း၊ စသည်ဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ အရေးပါပုံကို ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် language သင်တန်းကျောင်းဖြစ်သည့် starfishနှင့် Synchronet design & video editing သင်တန်းကျောင်းတို့မှ ပူးပေါင်း ပြုလုပ်ခဲ့သည်။

# ကမ္ဘာ့တတိယအကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်း မြန်မာနိုင်ငံတွင် ဖော်ဆောင်မည်

Sid

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ အခြေစိုက် စွမ်းအင်ကုမ္ပဏီကြီး တစ်ခု ဖြစ်သော Green Earth Power (GEP)တို့သည် မြန်မာနိုင်ငံတွင် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း လုပ်ဆောင်ရန် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရပါသည်။ Bloomberg သတင်းဌာန၏ မေးမြန်းမှုအပေါ် မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀ ကာလအတွင်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားရန် ရှိကြောင်း GEP၏ ပြောရေးဆိုခွင့်ရှိသူ Supasit Skontanarakမှ ဖြေကြားခဲ့ပါသည်။ စီမံကိန်းအား ရန်ကုန်မြို့၏ မြောက်ဘက် ကီလိုမီတာ ၅၀၀အကွာအဝေးတွင် လုပ်ကိုင်သွားမည်ဖြစ်ပြီး နေပြည်တော်နှင့် အနီးတွင် တည်ရှိမှာ ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအား မဂ္ဂါဝပ် ၂၁၀ခန့် ထုတ်လုပ်နိုင်မှာ ဖြစ်ကြောင်း နှင့် အဆိုပါ စီမံကိန်းမှာ ကမ္ဘာပေါ်တွင် တတိယ အကြီးဆုံး စွမ်းအင်ထုတ် စီမံကိန်းဖြစ်လာမည်ဖြစ်ကာ နှစ်နှစ် အတွင်း အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းတို့ သိရပါသည်။ လက်ရှိ အချိန်တွင် မြန်မာနိုင်ငံသည် လူဦးရေ သန်းပေါင်း ၅၅ သန်းအတွက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မှုမှာ 2500MWသာရှိပြီး၊ ထိုင်းနိုင်ငံမှာမူ ၃၂,၀၀၀ MWထိ ထုတ်လုပ်နိုင်နေကြောင်း သိရပါသည်။



Image Credit: www.solarrayselectricaltrading.com

# မြန်မာ့အမျိုးသား သတင်းဆု ချီးမြှင့်ပွဲကို ဒုတိယ အကြိမ်မြောက် ကျင်းပပြီးစီးခဲ့

ဝေဝီ

မေလ ၃ရက်နေ့ ညနေ ၆နာရီက ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းမှာ ရှိသည့် အမျိုးသား ကဇာတ်ရုံမှာ ကမ္ဘာ့သတင်း လွတ်လပ်ခွင့် နေ့အဖြစ် ဒုတိယအကြိမ်မြောက် အမျိုးသား သတင်းဆု ချီးမြှင့်ပွဲတွင် ဆုအမျိုးအစား ခြောက်မျိုး ချီးမြှင့်ခဲ့သည်။ အမျိုးသား သတင်းဆုများ ရွေးချယ်ရာတွင် မီဒီယာ ၃၀ကျော်ကမှ ပေးပို့သည့် သတင်း၊ ရုပ်သံသတင်း၊ သတင်းဆောင်းပါး၊ ကာတွန်း၊ အယ်ဒီတာ့ အာဘော်နှင့် သတင်းဓာတ်ပုံများကနေ ဆန်ခါတင် ၁၈ဦးကို ရွေးချယ်ခဲ့ပြီး အဲဒီထဲကမှ အမျိုးသား သတင်းဆုအတွက် ပြန်လည် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အကောင်းဆုံး အယ်ဒီတာ့ အာဘော်ဆုကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၆ရက်နေ့က ထုတ်ဝေတဲ့ The Myanmar Independent News Journalတွင် ဖော်ပြထားသည့် အသွင်မတူမှုနှင့် ပဋိပက္ခ အသွင်ပြောင်းခြင်း ခေါင်းစဉ်နဲ့ ရေးသားခဲ့သူ မသီတာ (စမ်းချောင်း) က ရရှိခဲ့ပြီး၊ ၂၀၁၂ခုနှစ် အကောင်းဆုံး သတင်းဆောင်းပါးဆုမှာ ၂၀၁၂ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့ထုတ် The Voice Weeklyမှာ ဖော်ပြခဲ့သော မြစ်ဆုံ ပြန်စမည်လောဟု ခေါင်းစဉ်ဖြင့် ရေးသားသူ ဦးကျော်စွာစိုး၊ ဦးအောင်ဘိုဘိုရှိန်တို့က ရရှိခဲ့သည်။ သတင်းအကောင်းဆုံး ဆုကို ၂၀၁၂ခုနှစ်၊ မတ်လ ၁၂ရက်နေ့ထုတ် The Voice Weeklyတွင် ဖော်ပြခဲ့သည့် ဝန်ကြီးဌာနအချို့၏ ကျပ်သိန်း ထောင်ချီ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိတဲ့ သတင်းမှာ အကောင်းဆုံး သတင်းဆုကို ရရှိခဲ့ပြီး၊ အကောင်းဆုံး သတင်းကာတွန်းဆုကိုလည်း The Voice Weekly အတွဲ ၈၊ အမှတ် ၁၈တွင် ဖော်ပြထားသော ကာတွန်းဖြင့် ကာတွန်းဆရာ ကျော်သူရိန်က ရရှိခဲ့သည်။ အကောင်းဆုံး သတင်းဓာတ်ပုံဆုကို မော်နီတာ သတင်းဂျာနယ်မှ ဖော်ပြထားခဲ့သော ကယားပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဆွေးနွေးပွဲပုံနှင့် ဓာတ်ပုံဆရာ ဇော်မင်းနိုင်မှ ရရှိခဲ့ပြီး၊ သတင်းရုပ်သံဆုကို မီဒီယာ ဖိနှိပ်မှုနှင့် လူငယ်သတင်းစာ ဆရာများ မီဒီယာလွတ်လပ်ခွင့် အရေးဆို ခေါင်းစဉ်ဖြင့် MNTV သတင်းအဖွဲ့မှ အကောင်းဆုံး ရုပ်သံသတင်းဆုကို ရရှိခဲ့ကြောင်း သိရသည်။

# အစိုးရဝန်ထမ်းများ ဧပြီလကုန်ပိုင်းတွင် လစာတိုးမြှင့်ခဲ့

ဝေဝီ

အစိုးရ ဝန်ထမ်းများ လစာတိုးမြှင့်မှုနှင့်အတူ ပင်စင်စားများ၏ လစာများလည်း ဧပြီလကုန်တွင် ထပ်တိုးခဲ့ကြောင်း နေပြည်တော် ပင်စင်ဦးစီးဌာနမှ သိရှိရသည်။ ဧပြီလကုန်မှ စတင်၍ ပင်စင်လစာများ ထပ်တိုးရာတွင် အစိုးရ ဝန်ထမ်းများ လစာတိုးသည့် ငွေကျပ် ၂၀၀၀၀ပေါ် မူတည်၍ တွက်ချက်တိုးမြှင့်ခြင်း ဖြစ်သည်ဟု သိရသည်။ ယင်းသို့ ပင်စင်လစာ ထပ်တိုးခြင်းအား သက်ဆိုင်ရာ ပင်စင်စားများထံသို့ အကြောင်းကြားထားပြီး ဖြစ်ကြောင်း သိရသည်။ ၁၉၉၃ ခုနှစ် ဧပြီ ၁ရက်နေ့တွင် ပင်စင်လစာအပေါ်၌ ၂၅ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဧပြီ ၁ ရက်နေ့တွင်မူ ထုတ်ယူ ခံစားလျက်ရှိသော ပင်စင်လစာ၏ နှစ်ဆ တိုးမြှင့်ပေးခဲ့ကြောင်း ပင်စင်ဦးစီးဌာနမှ သိရပြီး ပြီးခဲ့သည့် ၂၀၁၁ခုနှစ် ဇွန်လကုန်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးမှ အမိန့်ကြော်ငြာစာ အမှတ် ၁၀၆/၂၀၁၁ ဖြင့် ပင်စင်လစာကို နောက်ဆုံး တိုးမြှင့်ပေးခဲ့ကြောင်းနှင့် ယင်းအချိန်တွင် ပင်စင်စား ဝန်ထမ်းများ၏ လစာမှာ အနည်းဆုံး ကျပ် ၂၀၀၀၀မှ အများဆုံးကျပ် ၁၁၀,၀၀၀အထိ ခံစားခွင့်ရခဲ့ခြင်း ဖြစ်သည်။

"အခု ပင်စင်လစာ ထပ်တိုးတာက အစိုးရ ဝန်ထမ်းတွေ တိုးတဲ့ ငွေကျပ် ၂၀,၀၀၀ပေါ် မူတည်ပြီး တွက်ချက်တာ ဖြစ်ပါတယ်။ အရပ်ဘက် ဝန်ထမ်းလုပ်ခဲ့တဲ့ ပင်စင်စား တစ်ဦးရဲ့ လုပ်သက်ကို ငွေကျပ် ၂၀,၀၀၀နဲ့ မြှောက်ပြီး ၇၀နဲ့ ပြန်စားပြီး တွက်ချက်လို့ ရလာတဲ့ ငွေကို တိုးမြှင့်တာပါ။ အဲဒီအတွက် လုပ်သက်ပေါ် မူတည်ပြီး တစ်ယောက်နဲ့ တစ်ယောက် မတူပါဘူး။ ထပ်တိုး ပင်စင်လစာကို ဧပြီလကုန်မှ စတင် ခံစားရမှာ ဖြစ်ပါတယ်"ဟု နေပြည်တော် ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ ယင်းသို့ တွက်ချက်မှုအရ ပင်စင်စား တစ်ဦးလျှင် ပျမ်းမျှ အနိမ့်ဆုံး တစ်ဦးလျှင် ကျပ် ၃,၀၀၀ နီးပါးမှ အမြင့်ဆုံးကျပ် ၁၂,၀၀၀ တိုးခြင်း ဖြစ်သည်ဟု သိရသည်။ အစိုးရဝန်ထမ်း လုပ်သက် ၁၀နှစ်ရှိသည့် ပင်စင်စား တစ်ဦး ပင်စင်လစာသည် ဧပြီလကုန်တွင် ပင်စင်လစာ ၂,၈၅၇ ကျပ် တိုးမြှင့်မည် ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပင်စင်စားဝန်ထမ်းဦးရေ ခုနစ်သိန်းကျော်ရှိပြီး ငါးသိန်းကျော်မှာ အရပ်ဘက် ပင်စင်စား ဝန်ထမ်းများဖြစ်ပြီး ကျန်ရှိသည့်သူများမှာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ပင်စင်စားများ ဖြစ်သည်ဟု သိရသည်။ ယခုအခါ ဧပြီလကုန်မှ ထပ်တိုးခဲ့သည့် ပင်စင်လစာငွေအတွက် ၅၄ ရာခိုင်နှုန်းကျော်ကို တွက်ချက်ကာ ဘဏ်များသို့ ပေးပို့ပြီး ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဧပြီလကုန်တွင် ခံစားခွင့်ရရှိခဲ့ပြီ ဖြစ်သည်။ ကျန်ရှိသည့် ၄၂ ရာခိုင်နှုန်းခန့်မှာမူ တွက်ချက်နေဆဲဖြစ်ပြီး ၎င်းတို့အား ယခုမေလအတွင်း အပြီးတွက်ချက်ပေးမည်ဖြစ်ကာ မေလကုန်တွင် ဧပြီလနှင့် မေလနှစ်လ ပေါင်းကာ ခံစားခွင့် ရရှိမည် ဖြစ်သည်။


iLiNK
LINK BETWEEN YOU AND APPLE
အမှတ် (၃၉၈/၁)၊ ဗညားဒလလမ်းမကြီး၊ ကျောက်မြောင်းမီးသတ်ရှေ့
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (ကျောက်မြောင်းဈေးမှတ်တိုင်အနီး)
Phone :01-559984, 09-731-33338, 09-4500-33377
•Jailbreaking
•Unlocking
•Software Installation
•Troubleshooting
•Repairing
iPad
with Retina display
iPad4
iPad3
iPhone5
iPad mini
Every inch an iPad.
7"
7.9"
35 %
Larger
Screen
Now Available wtih...
16GB, 32GB, 64GB
5MPX Camera with
FullHD Video Recording
The New iPod nano Touch
with Video Function and New Features
New shuffle
(2GB)
iPod Touch 5G
with 5MPX camera and Flash
32GB, 64GB
Engraving Technology is Available!
သင့် iDevice ပေါ်တွင် ဓါတ်ပုံများ၊ အမှတ်တရစာသားများ၊ လက်မှတ်များနှင့် Graphic Design
များအား Metal Imprinting နည်းပညာဖြင့် အလှဆင်နိုင်ပါပြီ ...
Available Now!!!
Movie, MTV, Photo, PDF တို့ကို အလွယ်တကူသယ်နိုင်သော လက်မ ၆၀ Projector
Lumens : Maximum 15 ANSI lumens
Size : Up to 60" screen size Focus: Manual focus
Speaker : Built-in External Speaker
Battery : 2100 mAh battery (back up battery for your iphon
iPad Projector Connection Cable ကိုအသုံးပြုပြီး iPad နှင့်လည်း တွဲသုံးနိုင်ပါသည်။
All Games & Apps
Updated for
iPhone
5
With One Year Protected Apple Warranty...
တစ်နှစ်တာကာလအတွင်း သင်၏ Warranty ခံစားခွင့်ရရှိနိုင်ရန် iLink မှအပြည့်အဝတာဝန်ယူပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

# WHO WE ARE


## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO | Phyo Min Min |
| Editor in Chief | |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin, Thant Zin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal Thi Ha |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing, |

## CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# MRSမှ Yangon ICT Fair အထူး ဈေးရောင်းပွဲ

Sid

နှစ်စဉ်ကျင်းပ ပြုလုပ်မြဲဖြစ်သည့် Yangon ICT Fair 2013အား လာမည့် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ နည်းပညာနယ်ပယ်မှ ကုမ္ပဏီများစွာမှ ဝင်ရောက် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရပါသည်။ICT Fairတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဟန်းဆက်များနှင့် ပညာရေး ဝန်ဆောင်မှုများမှ ဈေးဆိုင်ခန်းများဖြင့် ဖွင့်လှစ်ပြသ သွားမည် ဖြစ်ပါသည်။ ပြပွဲ ကာလအတွင်း ကွန်ပျူတာမော်ဒယ် အစုံနှင့် အခြားဆက်စပ်ပစ္စည်းများအား ဈေးနှုန်းအားဖြင့် (၆၀) ရာခိုင်နှုန်းထိ လျှော့ချရောင်းချ ပေးသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။ ထို့အပြင် MRS Computer မှ ဆက်သွယ်ရေး ဆက်စပ်ပစ္စည်းများအပိုင်းတွင် PROLiNK Brand ထုတ်ကုန်များဖြစ်သည့် Online UPS, iP Cameras, Wireless Routers, Network Switchs, GSM & CDMA Modems, Share Hub Devices, UPSများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ပေးသွားမည်ဖြစ်သည့်အပြင် မေတ္တာလက်ဆောင်များနှင့် ကံစမ်းမဲများလည်း ဖောက်ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ MRS Mobile Corner အပိုင်းတွင် HTC, Lenovo, Sony, Samsung, Huawei စသော Branded Handset အမျိုးမျိုးနှင့် Mobile Accessories မျိုးစုံကိုလည်း ဈေးနှုန်း ချိုသာစွာဖြင့် Warranty အပြည့်အဝပေး၍ ရောင်းချပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် NEC,Toshiba ,Fujitsu, Lenovo, Acer, HP, Dell, ASUS , Apple အစရှိသော အရည်အသွေးမြင့် Branded Notebookများ၊ ရုံးသုံး၊ လုပ်ငန်းသုံး Desktop Computerများ၊ All in One PC, Tablet PC များ၊ Printer, Scanner, UPS, IPS စသော ကွန်ပျူတာ ဆက်စက်ပစ္စည်း များကိုလည်း အထူး ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ကျပ် (၁) သိန်းဖိုးအထက် ဝယ်ယူသူ Customer တိုင်းအတွက်လည်း ဗလာမပါ ကံစမ်းမဲများ ကံစမ်းခွင့်ရရှိမည်ဖြစ်ပြီး၊ ကျပ်(၃)သိန်းအထက် ဝယ်သူများအတွက် လက်ဆောင်ပစ္စည်းများ၊ ဗလာမပါကံစမ်းမဲများအပြင် Double Special Lucky Draw စသော အထူးဆုများကိုလဲ ထပ်မံပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် AGD Bank & Myanmar Apex Bank တို့နှင့် ချိတ်ဆက် ၍ အရစ်ကျ ငွေပေးချေစနစ် ဖြင့်လည်း Computer များဝယ်ယူရရှိနိုင်မှာ ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် နာမည်ကြီးကုမ္ပဏီများဖြစ်သော Technolandမှ ဆိုင်ခန်းအမှတ် (A8)၊ KMDမှ(A5)၊ Asusမှ (B1)၊ HTCမှ (A3)၊ MISမှ (B2)၊ KKAမှ (B4)၊ Citicomမှ (B3)၊ T Landမှ (E2)၊ E Tradeမှ (H7)၊ Mobile Friendမှ (G10)၊ Life Markမှ (F)၊ Gandamar O.Aမှ (A4)၊ DoDoKoKo (G5)နဲ့ Alliance Starမှ (A1)တို့တွင် ဝင်ရောက် ပြသသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။

# Huawei Service Centerကို ထပ်မံ ဖွင့်လှစ်သွားရန်ရှိ



အဒေီ

မြန်မာနိုင်ငံတွင် ပထမဦးဆုံး Huawei Show Room ဖွင့်ပွဲကို ဒီနေ့ မနက် ၁ဝနာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ထဲက ဗားကရာလမ်းမပေါ်ရှိ ရွှေပြည်အေး ကွန်ဒိုတွင် ဖွင့်လှစ် ကျင်းပခဲ့သည်။ ဖွင့်လှစ်သည့် Show Roomတွင် Huawei Handset မျိုးစုံအပြင် Media Padနှင့် Mobile Broad Bandများကိုလည်း ရရှိနိုင်ပြီး အဆိုပါ Show Room ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖွင့်ပွဲနေ့တွင် ဝယ်ယူ အားပေးကြသူများကို Huawei Media Pad, C8813နဲ့ Y 300 တို့အပြင် အခြား ဆုမဲများကိုလည်း မဲဖောက်ပေးခဲ့သည်။ အဆိုပါ ဆိုင်တွင် မေလ ၅ရက်နေ့က စတင်ကာ ၁၂ရက်နေ့အထိ ဝယ်ယူ အားပေးသူများကို အထူး လက်ဆောင်များ စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောဆိုကာ Huawei Handsetများကို ဝယ်ယူအားပေးကြသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန် အတွက် Huaweiမှ Distributorများနှင့် ပူးပေါင်းပြီး Branded Shop ဆိုင် ၂ဝကျော်နဲ့ Service Centerများကိုလည်း မကြာမီ ကာလအတွင်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

## Highlight News

- လွန်ခဲ့သော ဧပြီလ ၂၄ ရက်နေ့က စတင်ရောင်းချပေးခဲ့သော ၁၅ဝဝ ကျပ်တန် တန်ဖိုးနည်း တယ်လီဖုန်း CDMA အမျိုးအစားများအား ယခု မေလ အကုန်ပိုင်းတွင်လည်း ဒုတိယအကြိမ် ထပ်မံရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ပထမ အကြိမ် ရောင်းချစဉ်က ရောင်းချခဲ့သည့် လိုင်းအရေအတွက်အတိုင်း တယ်လီဖုန်း လိုင်းပေါင်း ၃၅ဝ,ဝဝဝကို ရောင်းချပေးသွားမှာ ဖြစ်ပါသည်။ သို့သော် ရောင်းချပြီး တန်ဖိုးနည်း တယ်လီဖုန်းများအတွက် ဆက်သွယ်ရေးလိုင်း ကောင်းမွန်စေရန် တာဝါတိုင်များ ထပ်မံတပ်ဆင်ရန် လိုနေသေးကြောင်း သိရပြီး၊ ယခုအခါ တစ်နိုင်ငံလုံးတွင် တာဝါတိုင်ပေါင်း ၂၈၂ တိုင် တည်ဆောက်ထားပြီး ဖြစ်ကြောင်း သိရပါသည်။
- မြန်မာနိုင်ငံမှ ပထမဦးဆုံး အကြိမ် လက်ခံကျင်းမယ့် ၂၂ ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ပြည်ပအခြေစိုက် မီဒီယာပေါင်း ၈ဝဝ ကျော် တက်ရောက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။ အဆိုပါ ဖိုရမ်အား မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် လာမည့် ဇွန်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသွားမှာ ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် ၎င်းဖိုရမ်နှင့် ပူးတွဲကျင်းပလေ့ရှိသည့် ကမ္ဘာ့လူငယ် ခေါင်းဆောင်များ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးကိုလည်း ဇွန်လ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။
- အပြည်ပြည် ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)မှ ပြည်တွင်းလေကြောင်း ခရီးစဉ်သစ်တစ်ခုအား ပျံသန်းသွားမည် ဖြစ်ကြောင်း သိရပါသည်။ လေကြောင်း ခရီးစဉ်သစ်မှာ ရန်ကုန်- မန္တလေးမြို့များသို့ ပြေးဆွဲမည့် ခရီးစဉ်ဖြစ်ပြီး လာမည့် မေလ ၂၆ ရက်နေ့မှ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။ ခရီးစဉ်တွင် ခရီးသည် ၁၂ဝ ဦး လိုက်ပါစီးနင်းနိုင်မည့် Airbus A319 လေယာဉ် အမျိုးအစားဖြင့် ပြေးဆွဲသွားမည် ဖြစ်ပါသည်။ ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသာပတေးနှင့် တနင်္ဂနွေနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်ပြီး လက်မှတ်ခ နှုန်းထားမှာ အသွားတစ်ကြောင်းစာ အတွက် အမေရိကန်ဒေါ်လာ ၄၉ ဖြစ်ကြောင်း သိရပါသည်။
- ကဗျာဆရာကြီး ဒဂုန်တာရာ၏ ၉၄ နှစ်ပြည့် မွေးနေ့ပွဲအား မေလ ၅ရက်နေ့က ရှမ်းပြည်နယ် တောင်ပိုင်း၊ အောင်ပန်းမြို့ရှိ မဟာ ဂန္ဓာရုံကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း သိရပါသည်။ မွေးနေ့ပွဲသို့ စာပေ အသိုင်းအဝိုင်းမှ ဧည့်သည်တော်များနှင့် စာပေချစ်ခင်သူ ၃ဝဝခန့် တက်ရောက်ခဲ့ပါသည်။ ဆရာကြီးဒဂုန်တာရာအား ၁၉၁၉ ခုနှစ် မေလ ၁ဝ ရက်နေ့က ကျိုက်လတ်မြို့နယ်၊ ထိုင်ကူမြစ်တန်းရွာနေ ဦးဘအုန်း၊ ဒေါ်ဖွားရှင်တို့မှ မွေးဖွားခဲ့ပါသည်။ အိုးဝေ မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့ပြီး တာရာ မဂ္ဂဇင်းနှင့် စာပေသစ် မဂ္ဂဇင်းတို့၏ ထုတ်ဝေသူနှင့် အယ်ဒီတာ အဖြစ်ပါ ဆောင်ရွက်ခဲ့ကာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ၁၉၃၄ ခုနှစ် အတွင်းမှ စ၍ စာပေနယ်ပယ်အတွင်း ဝင်ရောက် လာခဲ့ပြီး စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် အမျိုးသား စာပေဆု (စာပေ ပဒေသာဆု)များ ရရှိခဲ့ပါသည်။ ဆရာကြီး၏ ကလောင်ခွဲများမှာ မြိုင်သဇင်၊ မောင်နန်းနွယ်၊ စောထွတ်၊ စောတင်မှူ၊ ဒွေးမြိုင်၊ မောင်သစ္စာ၊ မောင်ဘတင့်၊ မောင်စ၊ ဗညားသီဟ၊ မောင်စိမ်းမြ၊ ဦးဒဂုန်၊ မောင်လင်းထက်၊ မောင်ကြာညွန့်တို့ ဖြစ်ပါသည်။
- ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ လုပ်ကိုင် ဆောင်ရွက်ပေးနေသော ယာဉ်မှတ်ပုံတင်ဆိုင်ရာ လုပ်ဆောင်ချက်များတွင် လုပ်ဆောင်ချက်လုပ်ငန်း သုံးဆင့်လျှော့ချ လုပ်ဆောင်ခွင့်အား ဧပြီလ ၂၉ ရက်နေ့မှစတင်၍ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ပြောပါသည်။ လျှော့ချလုပ်ကိုင်ခွင့် ပြုလိုက်သော လုပ်ငန်းများမှာ AA Taxiနှင့် BB Taxiယာဉ်များတွင် ယခင်က ခံဝန်ထားရှိရသော ရာသက်ပန်အငှားဆိုသည့် ခံဝန်ချက်ပေါ်ရခြင်းနှင့် နံပါတ်ပေးသည့် နေရာတွင် မှတ်ပုံတင်ကြေးနှင့် ယာဉ်စစ်ဆေးခ တစ်ပေါင်းတစ်စည်းတည်း ပေးဆောင်စေခြင်း၊ မြင်းခြံရုံးနှင့် အင်းစိန်ရုံးတို့က နှစ်ပတ်တစ်ကြိမ်(သို့) တစ်ပတ်တစ်ကြိမ် သံရည်ကျို အပ်နှံသော ပုံစံ(ခ)ကို နေ့စဉ်ရုံးချုပ်သို့ ပေးပို့ဆောင်ရွက်ရခြင်းတို့ ဖြစ်ပါသည်။
- တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကားများဖြင့် ထုတ်လွှင့်သွားမည့် ရုပ်သံလိုင်းသစ် ဖြစ်သော ပြည်ထောင်စု ရုပ်သံလိုင်းကို ၂ဝ၁၃ ခုနှစ် စက်တင်ဘာလအတွင်း စတင်ထုတ်လွှင့်သွားရန် ရှိကြောင်း သိရပါသည်။ အဆိုပါ ရုပ်သံလိုင်းအား တစ်ရက်လျှင် ၁၆ နာရီ ထုတ်လွှင့်မည် ဖြစ်ကာ ဘာသာစကား ရှစ်မျိုးထုတ်လွှင့်သွားမည် ဖြစ်ပြီး ဘာသာစကား တစ်ခုလျှင် တစ်နာရီကျနှုန်းဖြင့် အပိုင်းတစ်ပိုင်းလျှင် ၈ နာရီနှင့် နှစ်ပိုင်း ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ တိုင်းရင်းသား ဘာသာစကားများ တိမ်မြုပ်ပျောက်ကွယ် သွားနိုင်မည်ကို ကြိုင်တင်ကာကွယ်သည့်အနေဖြင့် ထုတ်လွှင့်သွားရန် စီစဉ်ဖြင်းဖြစ်ကြောင်း သိရပါသည်။
- မြေနီကုန်းနှင့် ရှစ်မိုင်ခုံးကျော် တံတားများကို ထပ်မံဆောက်လုပ်သွားရန် စီစဉ်လျက်ရှိပြီး ယာဉ်သွားလာမှုများနှင့် ပတ်သက်၍ စစ်တမ်းများ ကောက်ယူစုဆောင်းလျက် ရှိကြောင်း သိရပါသည်။ စစ်တမ်းကောက်ယူမှုကာလမှာ နှစ်လကျော် ကြာမြင့်နိုင်ကြောင်း၊ စစ်တမ်းများအရ ခုံးကျော် တံတားများ ထပ်မံဆောက်လုပ် ဖြစ်ပါက ယခင် ခုံးကျော်တံတားများ တာဝန်ယူ ဆောက်လုပ်ခဲ့သော ကုမ္ပဏီများမှ အဆိုပါ တံတားသစ်နှစ်စင်း ဆောက်လုပ်မှုအတွက် စိတ်ဝင်စားမှုများ ရှိနေကြောင်း သိရပါသည်။ ယခုအခါ ရွှေဂုံတိုင်ခုံးကျော်တံတားနှင့် ဘုရင့်နောင် ခုံးကျော်တံတားများကို ပုဂ္ဂိက ဆောက်လုပ်ရေး ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်လျက်ရှိပါသည်။

Sid စုစည်းသည်

# ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ကို ဒသမ အများဆုံး တင်ပို့သော မြန်မာနိုင်ငံသည် အာရှတိုက်တွင် ထိပ်ဆုံးနိုင်ငံဖြစ် ရပ်တည်လျက်ရှိ

ခဒိ

လက်ရှိ ပြည်ပသို့ ဓာတ်ငွေ့ တင်ပို့ ရောင်းချနေသည့် အခြေအနေအရ မြန်မာနိုင်ငံသည် အာရှတိုက်တွင် သဘာဝဓာတ်ငွေ့ အများဆုံး တင်ပို့ ရောင်းချနေသော နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒသမ အများဆုံး တင်ပို့သော နိုင်ငံဖြစ်ကြောင်း သိရှိရသည်။ ယင်းကဲ့သို့ သဘာဝဓာတ်ငွေ့သိုက်များမှာ သဘာဝဓာတ်ငွေ့များကို တင်ပို့ ရောင်းချရာတွင် ရတနာ သဘာဝဓာတ်ငွေ့သိုက်မှ သဘာဝဓာတ်ငွေ့များကို နေ့စဉ် တစ်နေ့လျှင် ကုဗပေ သန်း ၆၄၀ကို ထိုင်းနိုင်ငံသို့ နှစ် ၃၀စာချုပ်နှင့် တင်ပို့နေပြီး ယင်းသဘာဝဓာတ်ငွေ့သိုက်မှ ပြည်တွင်း သုံးစွဲရန် ဖြန့်ဝေပေးမှု ပမာဏ တစ်နေ့လျှင် ကုဗပေ သန်း ၁၈၀ရှိကြောင်း၊ ၁၉၉၈ခုနှစ်မှ စတင်၍ ထိုင်းနိုင်ငံသို့ ရောင်းချခဲ့ကြောင်း သိရသည်။

အလားတူ ရဲတံခွန် သဘာဝဓာတ်ငွေ့သိုက်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကိုလည်း ထိုင်းနိုင်ငံသို့ သွယ်တန်း ရောင်းချနေပြီး တစ်နေ့လျှင် ကုဗပေ သန်းပေါင်း ၄၃၀ ရှိကြောင်း၊ ယင်းမြေကို ပက်ထရိုနပ် ကုမ္ပဏီမှ ဦးဆောင်ထုတ်လုပ်ပြီး၊ သဘာဝဓာတ်ငွေ့များ ရောင်းချနေကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ စတင်ရောင်းချခဲ့ကြောင်း သိရှိရသည်။ ထို့အတူ ဓာတ်ငွေ့ တူးဖော်ရာမှ ရရှိသော (ရေနံဆီ) တစ်နေ့လျှင် စည်ပေါင်း ၉၇၀၀အား ကမ်းလွန် ပလက်ဖောင်းမှ သင်္ဘောဖြင့် ကဲ့ယူရရှိပြီး ယခင်က နိုင်ငံခြားသို့ တင်ပို့ ရောင်းချသော်လည်း ယခုအခါ သန်လျင်ရေနံချက် စက်ရုံတွင် ပြန်လည်ချက်လုပ်ရန် စီစဉ်နေကြောင်း သိရှိရသည်။ သို့ရာတွင် ယင်းကဲ့သို့ သဘာဝဓာတ်ငွေ့များကို ရောင်းချရာ၌ ဓာတ်ငွေ့သိုက်တွင်ရှိသော ဓာတ်ငွေ့ပမာဏ အရည်အသွေး၊ အကဲဖြတ်မှုများအား နှစ်ရှည်ပြုလုပ်ရသောကြောင့် ဓာတ်ငွေ့သိုက်အား တွေ့လျှင်တွေ့ချင်း သုံးစွဲမှု မပြုနိုင်ကြောင်း၊ အနည်းဆုံး ၉နှစ်၊ ၁၀ နှစ်ကြာမှသာ ရောင်းချနိုင်ကြောင်း သိရှိရသည်။

"တကယ်တော့ သဘာဝဓာတ်ငွေ့က ရေနံလို မဟုတ်ဘူး။ ရေနံဆီက Spot Priceနဲ့ ရောင်းလို့ရတယ်။ ဓာတ်ငွေ့ကိုကျတော့ အရည် (LNG) လုပ်ရင်လုပ်၊ မလုပ်ရင် ပိုက်လိုင်းသွယ်ပြီးမှ ရောင်းချလို့ရတယ်။ ပမာဏ ဘယ်လောက်ရှိမယ်ဆိုတာ ဘယ်နနှစ်လောက် ထုတ်ယူသုံးစွဲမယ်ဆိုတာ အချက်အလက်တွေပေါ် မူတည်ပြီး အကဲဖြတ် တွက်ချက်ပြီးမှ ရောင်းနိုင်ပါတယ်။ ဒီလို အကဲဖြတ်တာကို Third Partyက လုပ်တာပါ။ အဲဒီက Certification‌တွေရမှ ပမာဏ ဘယ်လောက်ကြီးတယ်။ နှစ်ပေါင်း ဘယ်လောက် ထုတ်ယူနိုင်မယ် ဆိုတာကို တွက်ပြီး (take off pay) မယူ မနေရ စာချုပ်နဲ့ ရောင်းကြတာပါ။ ဒီလိုစာချုပ်အရ နှစ်သုံးဆယ် ရောင်းမယ်လို့ အာမခံရင် နှစ်သုံးဆယ်ရောင်းရပါတယ်။ ရောင်းတဲ့သူ ဘက်ကရော ဝယ်တဲ့သူ ဘက်ကပါ ပျက်ကွက်လို့ မရပါဘူး"ဟု Smart Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သော ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

အလားတူ မုတ္တမကမ်းလွန် M9တွင်ရှိသော ဇောတိက စီမံကိန်းအား ထိုင်းနိုင်ငံအားရောင်းရန်စီစဉ်ထားသော်လည်း ယင်းကဲ့သို့တွက်ချက်ရာတွင် အချိန်ပေးရသော ဓာတ်ငွေ့၏ သဘောသဘာဝအရ ၁၉၉၈ခုနှစ်တွင် စတင်တွေ့ရှိသည့်အတွက် ၁၅နှစ် ကြာမြင့်ပြီ ဖြစ်သော်လည်း ရောင်းသည့်အဆင့် မရောက်သေးကြောင်း သိရှိရသည်။ ထို့အတူ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အနီးရှိ ရွှေသဘာဝ လုပ်ကွက်အား ၂၀၀၃ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး တူးဖော်ခဲ့သော်လည်း ၂၀၀၃-၂၀၁၃ခုနှစ်အထိ ဆယ်နှစ် ကြာမြင့်နေပြီ ဖြစ်သော်လည်း တရုတ်ပြည်ကို တင်ပို့ရောင်းချရန် ပြင်ဆင်ဆဲအဆင့်သာ ရှိသေးကြောင်း ဦးကျော်ကျော်လှိုင်က ပြောသည်။ ယင်းကဲ့သို့ အနေအထားများ ရှိနေသော်လည်း မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် အာရှတိုက်တွင် ဓာတ်ငွေ့အများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီး ကမ္ဘာပေါ်တွင် ဒသမ အများဆုံး တင်ပို့ ရောင်းချနေသော နိုင်ငံဖြစ်ကြောင်း သိရှိရသည်။

# ယခုနှစ်တွင် ရန်ကုန်မြို့တွင်း ဘတ်စ်ကားအမြန်ပို့ဆောင်ရေးစနစ် ပြုလုပ်ရန် လျာထား

TZO

ရန်ကုန်မြို့အတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေး တိုးမြှင့်နိုင်ရန် အတွက် ဘတ်စ်ကားလိုင်းများ တိုးချဲ့ခြင်းအပြင် ဘတ်စ်ကား အမြန်ပို့ဆောင်ရေး စနစ်ကိုပါ ယခု ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ရန် လျာထားကြောင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်း ဒေသကြီး၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းအရ သိရပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်တိုးမြှင့်နိုင်ရန်အတွက် ယာဉ်လိုင်းများ တိုးချဲ့ခြင်း၊ ခရီးသည်တင် ဘတ်စ်ကားသစ်များအား ပြည်ပမှ တင်သွင်းခွင့် ထောက်ခံချက်များကို ဦးစားပေး ထုတ်ပေးခြင်းတို့ကို ပြုလုပ်ပေးနေကြောင်း သိရသည်။ ရန်ကုန်မြို့တွင် မော်တော်ယာဉ် အစီးရေများလာသည့်အပေါ် ယာဉ်ကြော ပိတ်ဆို့မှုများ ရှိသောကြောင့် ခရီးသည်များမှာ ဘတ်စ်ကားပေါ်တွင်သာ အချိန်များ ကုန်ဆုံးနေရကြောင်း၊ ထို့ကြောင့် ဘတ်စ်ကားလိုင်း အမြန်ပို့ဆောင်ရေးစနစ် ပြုလုပ်ရန် လျာထားခြင်း ဖြစ်သည်။ ၎င်းအပြင် ဘတ်စ်ကားလိုင်း အမြန်ပို့ဆောင်ရေးစနစ်ဟာ အထောက်အကူပြုစေရန်အတွက် ယာဉ်သွားလာမှု ကြပ်တည်းသည့် လမ်းကြောင်းများအား ပိုမို ချဲ့ထွင်ခြင်းအပြင် ရန်ကုန်မြို့ပြင်မှ ပတ်၍ အမြန်မြို့ပတ်လမ်း ဖောက်လုပ်ရန်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းတွင် ဖော်ပြထားခြင်း ဖြစ်ကြောင်း သိရသည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

# Suzuki ကားကုမ္ပဏီမှ ရန်ကုန် စက်ရုံထုတ်ကားများ မေလကုန်တွင် စတင်ရောင်းချမည်

Suzukiသည် ၁၉၉၉ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ ပစ်ကပ် (R-) နှင့် ဝက်ဂွန် (R+) မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များ ရောင်းချခဲ့ဖူးပြီး ယခု သုံးနှစ် ဝန်းကျင်ကာလတွင် မြန်မာဈေးကွက်သို့ ပြန်လည် ဝင်ရောက်လာခြင်း ဖြစ်သည်။ ယခင် ဝင်ရောက်ခဲ့ချိန်တွင် ပစ်ကပ်နှင့် ဝက်ဂွန် နှစ်မျိုးပေါင်း ယာဉ်စီးရေ၆၀၀၀ခန့်နှင့် မော်တော်ဆိုင်ကယ်စီးရေ ၁၀၀၀၀ခန့် ရောင်းချ ခဲ့သည်။ Myanmar Suzuki Motor Co., Ltd. သည် မြန်မာနိုင်ငံတွင် တစ်လ လျှင် ယာဉ်စီးရေ ၁၀၀ ထုတ်လုပ်နိုင်သည့် စက်ရုံကို တည်ထောင်ထားပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ၂၀၁၃ခုနှစ် ဇန်နဝါရီလက ခွင့်ပြုခဲ့ ခြင်း ဖြစ်ပြီး၊ Suzukiသည် ၁၀၀ ရာခိုင်နှုန်း တစ်ဦးတည်း ရင်းနှီးမြှုပ်နှံမှုဖြင့် ဝင်ရောက်လာခြင်းဖြစ်ပြီး ပထမအကြိမ် ဝင်ရောက်လာစဉ်က တိုယိုတာ အုပ်စုဝင် Toyota Tsusho ကော်ပိုရေးရှင်းနှင့် အကျိုးတူ ဖက်စပ် လုပ်ကိုင်ခဲ့ ခြင်း ဖြစ်သည်။ ဂျပန်အခြေစိုက် Suzuki ကားကုမ္ပဏီ၏ ရန်ကုန်စက်ရုံထုတ် ကားများ မေလကုန်တွင် စတင် ရောင်းချမည် ဖြစ်ကြောင်း "ကျွန်တော်တို့ ဒီလထဲမှာစပြီး ရောင်းနိုင်ဖို့ ပြင်ဆင်နေပါတယ်။ ပစ်ကပ်ကားတွေကို ရောင်း သွားမှာပါ" Myanmar Suzuki Motor Co., Ltd.မှ Admin Managerဟု ဦးရဲထွန်းဦးက ပြောသည်။ Suzukiသည် မြန်မာနိုင်ငံတွင် စက်ရုံ တည်ထောင် ထားသည့် တစ်ခုတည်းသော ဂျပန်ကားကုမ္ပဏီ ဖြစ်ပြီး စက်ရုံကို တိုးချဲ့ ဖွံ့စည်းသွားရန် ရှိကြောင်း သိရသည်။ Suzuki ယာဉ်တပ်ဆင်မှု စက်ရုံကို ၂၃/၄၇၆ (ဂ) မိုးကုတ်လမ်း တောင်ဒဂုံစက်မှုဇုန်တွင် တည်ထောင်ထားခြင်း ဖြစ်သည်။ Suzuki မော်တာ ကော်ပိုရေးရှင်းကို ၁၉၀၉ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံး ကားကုမ္ပဏီ ဖြစ်သည်။ ၂၀၁၂ခုနှစ်အတွင်း မော်တော်ယာဉ်စီးရေ သုံးသန်းဝန်းကျင် ရောင်းချခဲ့ရပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂ ဘီလျံဝန်းကျင် ရရှိခဲ့သည်။ Suzuki ကားများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ကျော်တွင် ဖြန့်ဖြူး ရောင်းချ လျက်ရှိပြီး ၎င်း၏ ကားအမျိုးအစားများမှာ Alto၊ Lapin၊ MR Wagon၊ Palette၊ Wagon R၊ Solio၊ Splash၊ Swift၊ SX4၊ Kizashi၊ Every၊ Every Landy၊ Ertiga၊ Landy၊ APV၊ Jimny၊ Escudo၊ Carry၊ Equator စသည်တို့ ဖြစ်ပါသည်။

# ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေး ဝန်ထမ်းများ ပိုမို ခန့်အပ်သွားမည်

စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမ အင်အား လုံလောက်ပြီး သင်ကြားရေး အထောက်အကူ ပြုရန်အတွက် ယခု ၂၀၁၃-၂၀၁၄ ပညာ သင်နှစ်မှာ ဆရာအတတ်ပညာ သင်တန်းဆင်းများကို ဆရာ၊ ဆရာမ လိုအပ် သည့် ကျောင်းများတွင် ထပ်မံ ခန့်အပ်သွားမည် ဖြစ်ပြီး အခြေခံပညာ အဆင့် ကျောင်းများမှာ အတန်းလိုက် ဘာသာရပ် သင်ခန်းစာ ဆိုင်ရာ သင်ထောက်ကူ ပစ္စည်းများနဲ့ သိပ္ပံပစ္စည်း လိုအပ်ချက်များကို စိစစ်ပြီး ဖြည့် ဆည်းပေးသွားဖို့လည်း ရှိတာ ဖြစ်တယ်လို့ ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောပြချက်အရ သိရသည်။ အဆိုပါ ဖြည့်ဆည်းမှုများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများကို လက်တွေ့ အသုံးပြု သင်ကြားနိုင်ရန် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ ယင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ယခု ပညာသင် နှစ်အတွင်း ငွေကျပ် ဘီလီယံ ၉၀၀ခန့်ကို နိုင်ငံတော်မှ ပညာရေးကဏ္ဍ အတွက် သုံးစွဲပေးသွားမည် ဖြစ်ကြောင်းသိရသည်။ ယခုလက်ရှိ ပညာသင် နှစ်အတွက် ပြင်ပ ဘွဲ့ရများကို ရွေးချယ် ခန့်အပ်ကာ ဆရာ၊ ဆရာမ အရည် အသွေး ပြည့်ဝစေရေးအတွက် ဆရာအတတ်သင် သင်တန်းများ ကိုလည်း ဆက်လက် တက်ရောက်ရေး စီစဉ်ဆောင်ရွက် သွားရန် ရှိကြောင်း သိရှိရသည်။

# ပြည်တွင်း ဈေးကွက်အတွင်းသို့ ရောက်ရှိလာတော့မည် Philips Monitorsများ

ပြည်တွင်း ဈေးကွက်အတွင်းသို့ ကမ္ဘာ့အပါးလွှာဆုံး AOC Monitorများ Star UPS, East UPS, GoldenField Casing များကို မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက် ရှိတဲ့ Star Universe ကုမ္ပဏီမှ ယခုအခါ Philips အမှတ်တံဆိပ် Monitorများကိုပါ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် အဖြစ် ထပ်မံတင်သွင်းခွင့် ရရှိထားကြောင်း သိရပါတယ်။ ပြည်တွင်း ဈေးကွက် အတွင်းသို့ မကြာမီ ကာလအတွင်း Model မျိုးစုံ ဒီဇိုင်းမျိုးစုံနှင့် ရောက်ရှိတော့မည် ဖြစ်ကြောင်း သိရပါသည်။ Computer အရောင်းဆိုင် များတွင် ဝယ်ယူ ရရှိနိုင်မှာ ဖြစ်ပြီး Star Universe ကုမ္ပဏီ Seal တံဆိပ်ပါရှိသော Monitorများကိုသာ Warranty ပေးမည် ဖြစ်ကြောင်း သိရပါသည်။



# Norton Software ပစ္စည်းများ KMDမှ ဖြန့်ဖြူး ရောင်းချသွားမည်

လုံခြုံရေးနည်းပညာ Softwareများ ထုတ်လုပ်ရာတွင် ကမ္ဘာ့ ထိပ်တန်း နေရာ ရောက်ရှိနေသည့် Norton companyမှ မြန်မာနိုင်ငံ အတွက် Authorized Distributer အဖြစ် KMD Company မှတစ်ဆင့် ပြည်တွင်း ဈေးကွက် အတွင်းသို့ ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ကြောင်း မေလ ၈ရက်နေ့ Trader Hotelတွင် ခန့်အပ်ခြင်း အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် Nortonမှ CEOမှ Nortonနှင့် ပတ်သက်သည် များကို ရှင်းလင်း ပြောကြားခဲ့ပြီး Norton၏ Singapore Marketing Manager မှလည်း Norton Softwareများ အကြောင်း ရှင်းလင်း ပြောခဲ့သည်။ ယင်း ခန့်အပ်ပွဲနှင့် ပတ်သတ်ပြီး KMD၏ CEO ဖြစ်သူ ဒေါ်သင်းသင်းစိုးမှ "အွန်လိုင်း Translatingတွေ လုပ်လာတဲ့ အခါမှာ Data Lost ဖြစ်ရတာတွေ၊ Anti Virusတွေကို ကာကွယ် ပေးနိုင်ဖို့အတွက် အရေးပါလာပါတယ်။ Norton ရဲ့ Antivirus Software အလွှာ ငါးထပ်နှင့် ကာကွယ် ပေးထားပါတယ်။ သုံးရတာ လည်း လွယ်ကူပြီး မူရင်းထည့်ထားတဲ့ စက်ကနေ အခြားစက်ကို လွှဲပြောင်းချင်ရင်လည်း ရတဲ့အတွက် အရမ်း အဆင်ပြေပါတယ်" ဟု ပြောခဲ့သည်။

Norton၏ နောက်ဆုံးထွက် နည်းပညာသုံးမျိုးမှာ Norton Internet Security, Norton Anti Security, Norton 360 Multidevice, Norton Mobile Securityတို့ ဖြစ်ပြီး မေလက စတင်ပြီး KMD Computer မှာ ဝယ်ယူ ရရှိတော့မှာ ဖြစ်သည်။ Windows 8 အတွက် စွမ်းဆောင်ချက် အပြည့်အဝ ရရှိမှာဖြစ်ပြီး Windows 8အတွက် စိတ်ချရမှုနှင့် မြန်ဆန်မှု တွေကိုလည်း ပိုမို ရရှိစေမှာ ဖြစ်ပါကြောင်း သိရသည်။ Nortonဟာ PCနှင့် Mobileတွေရဲ့ လုံခြုံနိုင်မှုတွေအတွက် အဆင့်မြင့်နည်းပညာတွေ ထုတ်လုပ်နေတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ပြီး Online Backupလုပ်နိုင်ဖို့နှင့် ဝန်ဆောင်မှု လုပ်ငန်းတွေမှာ နည်းပညာ ထောက်ပံ့ ပေးနေခြင်းပဲ ဖြစ်ပါသည်။

## Highlight News

- ပြည်တွင်း မိုဘိုင်းဖုန်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာ ရွေးချယ် လုပ်ကိုင်ခွင့်ပေးရေး ရွေးချယ်မှုများကို ၂၀၁၃ခုနှစ် ဇွန်လအကုန်ပိုင်းတွင် ရွေးချယ်သွားမည် ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားခဲ့ပါသည်။ အဆိုပါ အော်ပရေတာ လုပ်ငန်းအတွက် အော်ပရေတာ ၂ဦးကို အပြီးသတ် ရွေးချယ် လုပ်ကိုင်ခွင့်ပြုသွားမှာ ဖြစ်ကြောင်းလည်း သိရပါသည်။ ရွေးချယ်မှု ပြုလုပ်ပြီး နောက်ပိုင်း တစ်နှစ်အတွင်း အဆိုပါ အော်ပရေတာများမှ ဆက်သွယ်ရေးဆိုင်ရာ ကွန်ယက်များ တပ်ဆင်ပြီးစီးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းလည်း သိရပါသည်။
- အကောက်ခွန် ဦးစီးဌာနမှ ထုတ်ပြန်ချက်များအရ ၂၀၁၃ခုနှစ် ဧပြီလကုန်အထိ ပြည်ပမှ တင်သွင်းလာသော ကားများနှင့် ပတ်သက်၍ ရရှိသော အကောက်ခွန်ငွေပေါင်း ကျပ် ၅၁၀ဘီလီယံ (သန်း ၅၁၀၇၂၀)ကျော်အထိ ရရှိခဲ့ကြောင်း သိရပါသည်။ အဆိုပါ အခွန်ငွေများမှာ ယာဉ်အမျိုးမျိုး ၁၆၁ ၈၁၃ အစီးရေပေါင်း အတွက် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ယာဉ်များ တင်သွင်းခြင်းမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်း စတင်ပြုလုပ် ဆောင်ရွက်ခဲ့သော ယာဉ်အိုယာဉ်ဟောင်းများ လဲလှယ်ရေး အစီအစဉ်မှ စတင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။
- နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ခြင်း ငါးနှစ်ပြည့် အထိမ်းအမှတ် မိုးလေဝသဆိုင်ရာ သတင်းများ ကြည့်ရှုနိုင်မည့် Website တစ်ခုကို မေလ ၂ ရက်နေ့က လွှင့်တင်ခဲ့ကြောင်း သိရပါသည်။ မိုးလေဝသ သတင်းများကို ခန့်မှန်း ဖော်ပြထားသည့် ဆယ်မိနစ်စာ ရုပ်သံသတင်းကို ဝင်ရောက် ကြည့်ရှုနိုင်မည် ဖြစ်ကြောင်း သိရပါသည်။ ထပ်မံ လွှင့်တင်လိုက်သည့် Websiteမှာ www.UTunLwin.org ဖြစ်ပြီး ယခင် လွှင့်တင်ထားရှိသော www.tunlwin.comမှလည်း မိုးလေဝသ သတင်းများကို ယခင်အတိုင်း ဆက်လက် ဖော်ပြသွားမှာ ဖြစ်ကြောင်း သိရပါသည်။
- အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ပြုလုပ်မည့် အမေရိကန် Rock Band တစ်ခုဖြစ်သော Aerosmith အဖွဲ့၏ဖျော်ဖြေပွဲမှာ ပြီးခဲ့သော ရက်ပိုင်းအတွင်းက ဖြစ်ပေါ်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးအား ဗုံးဖောက်ခွဲရန် ကြံစည်မှုများကြောင့် ပျက်သွားခဲ့ရကြောင်း သိရပါသည်။ Aerosmithမှ မေလ ၁၁ရက်နေ့မှာ ပြုလုပ်မည့် အဆိုပါ ပွဲအတွက် အစီအစဉ် ဖျက်သိမ်းကြောင်းကို မေလ ၅ရက်နေ့က သိရှိရကြောင်း ပွဲစီစဉ်သူ Sarah Deshitaမှ ပြောကြားပါသည်။ "သူတို့ဘက်က ခိုင်လုံတဲ့ အကြောင်းပြချက်တော့ မရပါဘူး၊ ကျွန်တော်တို့ဘက်ကတော့ လုံခြုံရေးကို စိတ်အချရဆုံး ဖြစ်အောင် ကြိုတင် စီစဉ်မှုတွေ လုပ်ထားခဲ့ပါတယ်၊ ပွဲပျက်သွားတဲ့ အတွက်တော့ ဝမ်းနည်းမိပါတယ်"ဟု AFPသို့ ၎င်းက ဆက်လက် ပြောကြားခဲ့ပါသည်။ ပွဲစီစဉ်သူများထံမှ အချက်အလက်များအရ အဆိုပါပွဲအတွက် လက်မှတ်ပေါင်း ၁၅၀၀၀ကျော် ရောင်းချခဲ့ရပြီး ဖြစ်ကြောင်းလည်း သိရပါသည်။
- မြန်မာနိုင်ငံတွင် ပထမဆုံး ဖြစ်မည့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေး ရုပ်သံ အစီအစဉ်တစ်ခုကို ပြည်တွင်း ရုပ်သံလိုင်းများတွင် ပြသသွားရန် လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ) HREIBမှ စီစဉ်ရိုက်ကူးနေပြီ ဖြစ်ကြောင်း သိရပါသည်။ ရိုက်ကူးမှုများအား လှိုင်မြို့နယ်ရှိ MICT Parkတွင် မေလ ၇ရက်နေ့မှ စတင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး ဖျော်ဖြေမှုနှင့် ပညာပေးမှုများအတွက် ရည်ရွယ်ထားကြောင်း သိရပါသည်။ HREIBသည် ယခင်က အဆိုပါ အစီအစဉ်များအား ထိုင်းနိုင်ငံတွင် ရိုက်ကူးပြီး ဒီမိုကရက်တစ် မြန်မာ့အသံတွင် အပတ်စဉ် ထုတ်လွှင့်ခဲ့ကြောင်းနှင့် ယခု လဆန်းပိုင်းမှသာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ရိုက်ကူးခြင်း ဖြစ်ကြောင်း သိရပါသည်။
- အမေရိကန် နိုင်ငံသုံး ဒေါ်လာ ငွေစက္ကူ အဟောင်းများအား နိုင်ငံခြားငွေလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသော ဘဏ်များမှ လဲလှယ်ပေးရန် ငြင်းဆန်ခြင်းများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ဘဏ်မန်နေဂျာများနှင့် တိုက်ရိုက်ဝင်ရောက်တွေ့ဆုံပြီး လဲလှယ်နိုင်ကြောင်း ဗဟိုဘဏ် ငွေကြေး စီမံခန့်ခွဲမှု အကြီးတန်း အရာရှိ ဦးကျော်ဝင်းတင်မှ ပြောပါသည်။ အဆိုပါ ငွေစက္ကူအဟောင်းများ လဲလှယ်ပေးရန် အမိန့် ကြေညာစာအား ၂၀၁၂ခုနှစ် ကတည်းက ထုတ်ပြန်ကြေညာထားခြင်း ဖြစ်သော်လည်း အချို့သော ဘဏ်လုပ်ငန်းများမှာ လိုက်နာ ဆောင်ရွက်ခြင်း မရှိကြောင်း သိရပါသည်။
- ရန်ကုန်မြို့တွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေး တိုးမြှင့်နိုင်ရန်အတွက် ဘတ်စ်ကားလိုင်းများ တိုးချဲ့ခြင်းအပြင် ဘတ်စ်ကား အမြန်ပို့ဆောင်ရေး စနစ်ကိုပါ ယခု ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ရန် လျာထားကြောင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်း ဒေသကြီး၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းအရ သိရပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ် တိုးမြှင့်နိုင်ရန်အတွက် ယာဉ်လိုင်းများ တိုးချဲ့ခြင်း၊ ခရီးသည်တင် ဘတ်စ်ကားသစ်များအား ပြည်ပမှ တင်သွင်းခွင့် ထောက်ခံချက်များကို ဦးစားပေး ထုတ်ပေးခြင်းတို့ကို ပြုလုပ်ပေးနေကြောင်း သိရသည်။ ရန်ကုန်မြို့တွင် မော်တော်ယာဉ် အစီးရေများလာသည့်အပေါ် ယာဉ်ကြော ပိတ်ဆို့မှုများကြောင့် အချိန်ကုန်သက်သာစေသော ဘတ်စ်ကားလိုင်း အမြန်ပို့ဆောင်ရေး စနစ် ပြုလုပ်ရန်လျာထားခြင်း ဖြစ်ပြီး၊ ဘတ်စ်ကားလိုင်း အမြန်ပို့ဆောင်ရေး စနစ်အား အထောက်အကူ ပြုစေရန်အတွက် ယာဉ်သွားလာမှု ကျပ်တည်းသည့် လမ်းကြောင်းများအား ပိုမို ချဲ့ထွင်ခြင်းအပြင် ရန်ကုန်မြို့ပြင် အမြန်မြို့ပတ်လမ်း ဖောက်လုပ်ရန်ကိုလည်း ရန်ကုန်တိုင်း ဒေသကြီး ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းတွင် ဖော်ပြထားခြင်း ဖြစ် ကြောင်း သိရသည်။

Sid စုစည်းသည်

# Camera

## Canon PowerShot G15

မင်းခန့်

၂၀၀၀ ခုနှစ်က စတင်ထုတ်လုပ် ဖြန့်ချိခဲ့တဲ့ G1 Seriesရဲ့ နောက်ဆက်တွဲ မော်ဒယ်လ်ဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ် သာလွန်ကောင်းမွန်အောင် ဖန်တီးထုတ်လုပ်ထားတာကြောင့် ဈေးကွက်မှာ G Seriesရဲ့ အောင်မြင်မှုတွေကို တွေ့မြင်နေရပါတယ်။ Lensတွေရဲ့ ချိန်ညှိနိုင်မှု မြန်ဆန်ခြင်း၊ LCD အရည်အသွေး ကောင်းမွန်ခြင်း၊ အကြမ်းခံနိုင်ခြင်းတွေက G Seriesတွေရဲ့ အားသာချက်တွေ ဖြစ်ပါတယ်။

### Lens

Apertureရဲ့ စွမ်းဆောင်နိုင်မှုက f/1.8ကနေ f/2.8 အတွင်းပဲ ရှိမှာပါ။ နောက်ပြီး Lensရဲ့ စွမ်းဆောင်နိုင်ရည်က ၆.၁ မီလီမီတာကနေ ၃၀.၅ မီလီမီတာ အတွင်း ရှိမှာဖြစ်လို့ အနီး အဝေး မရွေး၊ ပုံရိပ်တွေကို အကောင်းဆုံး မှတ်တမ်းတင် ရိုက်ကူးနိုင်မှာ ဖြစ်ပါတယ်။ Lens အရွယ်အစားက ၃၅ မီလီမီတာ ရှိမှာ ဖြစ်တဲ့အတွက် အပျော်တမ်း ကင်မရာ တစ်လုံးအတွက်တော့ အနေတော်လောက်ပဲ ဖြစ်မှာပါ။ Optical Zoom လုပ်နိုင်စွမ်းက 5x ရှိမှာဖြစ်ပြီး၊ Digital Zomm နှုန်းအဖြစ် 4x အထိအောင် လုပ်ဆောင် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Optical Zoomနဲ့ Digital Zoom လုပ်နိုင်စွမ်း အားနည်းမှု ရှိပေမယ့် Function (၂)ခုရဲ့ လုပ်ဆောင်နိုင်စွမ်း ကွာဟချက် မရှိလှတာကြောင့် ပုံရိပ်ဖမ်းယူမှုမှာ အရည်အသွေးပိုင်း သင့်တင့် ကောင်းမွန်ပါလိမ့်မယ်။

### Image Sensor

CCD Pixel နှုန်းက 12.1 Mega Pixelရှိမှာ ဖြစ်ပြီး Sensor အမျိုး အစားက CMOS ဖြစ်ပါတယ်။ Sensor အရွယ်အစားက ၁ လက်မကနေ ၁.၇ လက်မထိအောင် ချိန်ညှိ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Aspect Ratioတွေထဲက 4:3, 3:2, 16:9, 1:1နဲ့ 4:5 တွေကို စိတ်ကြိုက် ပြောင်းလဲ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အသုံးများတဲ့ Aspect Ratio ဖြစ်တဲ့ 16:9အပြင် အခြားသော Additional Functionတွေ ပါဝင်တာက အားသာချက် ဖြစ်ပါတယ်။

### Display

၃ လက်မ အရွယ်ရှိမယ့် LCD အမျိုးအစား Monitorပါဝင်မှာ ဖြစ်ပြီး Viewing Angleတွေလည်း သင့်တင့်ကောင်းမွန်တာကြောင့် LED Display တွေနဲ့ ကွာဟမှု မရှိလှတာ တွေ့ရပါတယ်။ Brightness အပိုင်းမှာ ကိုယ့်စိတ်ကြိုက် ချိန်ညှိသုံးစွဲနိုင်အောင် ဖန်တီးထားပါတယ်။ Tilting Screenအဖြစ် သုံးစွဲနိုင်မှာ မဟုတ်ပေမယ့် Live View အဖြစ်တော့ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Touch Screen စနစ်မဟုတ်တာကြောင့် Smart Device တစ်ခု မဟုတ်ဘူးလို့ ပြောနိုင်ပေမယ့် Screem Resolution စုစုပေါင်း ၉၂၂၀၀၀ Dots ရှိမှာပါ။

### Focusing and Exposure Control

အသုံးပြုနိုင်မယ့် Focusing Modeတွေက Autofocus, Fixed, Face Detection နဲ့ AF Trackingတွေ ဖြစ်တာကြောင့် အမျိုးအစား စုံလင်ပါတယ်။ ရေစိုခံနိုင်စွမ်းတော့ မရှိတာ တွေ့ရပါတယ်။ Shutter Speedက 1/4000 secဖြစ်ပြီး အကြာဆုံး အဖြစ်နဲ့ ၁၅ စက္ကန့် ဖြစ်မှာပါ။ Exp modeတွေ အဖြစ် Program, Aperture Priority, Shutter Priority, Manual, Scence Modeနဲ့ Auto စတာတွေကို အသုံးပြု နိုင်မှာပါ။

### Connection and Storage

Connection အဖြစ် HDMIနဲ့ USB 2.0 Portတွေ ပါဝင်လို့ ချိတ်ဆက်နိုင်မှု အပိုင်းမှာတော့ အားနည်းချက် မရှိလှပါဘူး။ ဒါပေမဲ့ Wireless စနစ် သုံးစွဲနိုင်မှာ မဟုတ်လို့ Wi-Fiနဲ့ Ethernetတွေ သုံးနိုင်မှာ မဟုတ်ပါဘူး။ Internal Memory မပါဝင်တာကြောင့် ကင်မရာ ဝယ်ယူတာနဲ့ Memory Cardကိုပါ တစ်ခါတည်း ဝယ်ယူရပါလိမ့်မယ်။ သုံးစွဲနိုင်မယ့် Card အမျိုးအစားတွေက SD, SDHCနဲ့ SDXCတွေ ဖြစ်ပြီး RAW, JPGနဲ့ RAW+JPG အမျိုးအစား Fileတွေကို သိမ်းပေးပါလိမ့်မယ်။

### Other Features

တစ်ဆက်တည်း Shooting လုပ်နိုင်မှုက တစ်စက္ကန့်ကို ၂.၁ပုံ နှုန်း ဖြစ်ပါတယ်။ Movie Modeလည်း သုံးစွဲနိုင်မှာ ဖြစ်ပြီးတော့ Video Resolutionကို 1920x1080, 1280x720, 640x480နဲ့ 320x240တွေ အဖြစ် စိတ်ကြိုက် ပြောင်းလဲ ကြည့်ရှု နိုင်ပါလိမ့်မယ်။ အသံပိုင်းမှာတော့ Mono အသံတွေကိုပဲ ထုတ်ပေးနိုင်မှာပါ။ GPS စနစ်သုံးစွဲနိုင်မှာ မဟုတ်တဲ့ အတွက် ခရီးဆောင် ကင်မရာ အဖြစ် သုံးမယ်ဆိုရင်တော့ အဆင်မပြေလှပါဘူး။

### Power, Size and Price

အားပြန်သွင်းနိုင်မယ့် Li-ion Battery NB-10L အမျိုးအစားကို သုံးစွဲထားတာကြောင့် စွမ်းအင် ချွေတာနိုင်မှာ ဖြစ်သလို Battery လဲလှယ်စရာ မလိုတာကြောင့် ရေရှည်မှာ ကုန်ကျစရိတ် နည်းမှာပါ။ အလေးချိန်က ၃၅၂ ဂရမ် ရှိမှာ ဖြစ်ပြီး အကျယ် ၁၀၆.၆ မီလီမီတာ၊ အမြင့် ၇၅.၉ မီလီမီတာနဲ့ အထူ ၄၀.၁ မီလီမီတာပဲ ရှိမှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ဒေါ်လာ ၄၈၀ ဖြစ်တဲ့အတွက် အိတ်ဆောင် အပျော်တမ်း ကင်မရာအတွက်တော့ သင့်တော်မှု ရှိပါတယ်။

Ref: www.canon.com




# Tablet

## Dell Latitude 10

လင်းထက်

### Pros

လဲလှယ် တပ်ဆင်နိုင်တဲ့ Battery ဒီဇိုင်းမျိုး ထုတ်လုပ်ထားလို့ Charging အတွက် အခက်အခဲရှိတဲ့ နေရာတွေကို သယ်သွားမယ်ဆိုရင် အသင့်တော်ဆုံးပါပဲ။ နောက်တစ်ချက်က Window XP, Vista, Window 7နဲ့ Window 8တို့ အားလုံးကို Run နိုင်မှာ ဖြစ်လို့ စွယ်စုံသုံးနိုင်မှာ ဖြစ်ပါတယ်။ စွမ်းအင် သုံးစွဲမှု နည်းပါးတဲ့ အတွက် Batteryက Standard မှာရော Extendedမှာပါ သက်တမ်း ရှည်ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။

သယ်ယူရ လွယ်ကူအောင် လုပ်ဆောင်ထားတာကလည်း အားသာချက် တစ်ခုပါ။ Smart ပစ္စည်းတိုင်း Portable ဖြစ်ပေမယ့် Dellရဲ့ ပစ္စည်းက နာတစ်ဖျား သာတာတွေ့ရမှာပါ။ နောက်တစ်ချက် Webcam တည်ဆောက်ထားပုံကလည်း လူငယ်ကြိုက် ဖြစ်မှာပါ။ နောက်ပြီး WWANနဲ့ GPS စနစ်တွေကိုပါ သုံးစွဲနိုင်ပါလိမ့်မယ်။ Smart Card Rederနဲ့ Biometric Finger Print Readerတွေ ပါဝင်မှာပါ။




### Cons

USB 2.0သာ တပ်ဆင်ထားတာကြောင့် USB 3.0လောက် အဆင်မပြေဘူးလို့ ဝေဖန်နေကြပါတယ်။ နောက်တစ်ချက်က Storage အပိုင်းမှာ အားနည်းချက် အနည်းငယ် ပါရှိနေတာ ဖြစ်ပါတယ်။

### Design and Feature

Dell Latitude 10ဟာ IPS Display စနစ်သုံး ၁၀.၁ လက်မ အရွယ်ရှိ Display ပါဝင်မှာ ဖြစ်ပြီး Touch စနစ်ကို အကောင်းဆုံး အသုံးချနိုင်မှာ ဖြစ်ပါတယ်။ Frame အပိုင်းမှာ မဂ္ဂနီဆီယမ် ဦးစားပေး တည်ဆောက်ထားပြီး မျက်နှာပြင်တွေကိုတော့ ပလတ်စတစ် ဦးစားပေး တည်ဆောက်ထားပါတယ်။ Display Glassက Gorilla Glass အမျိုးအစား ဖြစ်ပါတယ်။




အလေးချိန် ၁.၆ ပေါင်ရှိမှာ ဖြစ်လို့ ပေါ့ပါးမှု ရှိမှာ ဖြစ်ပြီး မျက်နှာပြင် ၁၁ လက်မ၊ အမြင့် ၇ လက်မနဲ့ အထူ ၀.၅၂ လက်မသာ ရှိမှာပါ။ USB 2.0 Port, micro USB Port, SD Card Reader, Volume Control, mini HDMI Portနဲ့ Kingsington Lock Portတွေ ကိုယ်ထည်မှာ ထည့်သွင်း တပ်ဆင်ထားပါတယ်။

Resolutionက 1366x768 ဖြစ်လို့ ရုပ်ထွက်ပိုင်းတော့ အနည်းငယ် လိုအပ်ချက် ရှိမှာပါ။ ရှေ့ဖက် ကင်မရာက 2 Mega Pixel စွမ်းအားရှိပြီး 720 p HD ပုံရိပ်တွေကို ရိုက်ကူးပေးနိုင်ပါလိမ့်မယ်။ အားသာချက် တစ်ခုက Monitor တစ်ခုခုနဲ့ အလွယ်တကူ ချိတ်ဆက်ပြီး Videoတွေ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

Flash Memory အနေနဲ့ နှစ်မျိုး ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်ပြီး 64 GBနဲ့ 128 GBဆိုပြီး ရွေးချယ်နိုင်မှာပါ။ ဒါ့အပြင် Extended အဖြစ်လည်း တိုးချဲ့သုံးစွဲနိုင်ဦးမှာ ဖြစ်ပါတယ်။ Wirelessတွေ အဖြစ် via 802.11 a/b/g/n Wi-Fi, HSPA+, 3G WWANနဲ့ 4G LTEတွေကို ချိတ်ဆက် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

### Performance

Memory အပိုင်းမှာ 2 GB ပါရှိမှာ ဖြစ်ပြီး Processorကိုတော့ Intel Atom Z2760 အမျိုးအစားကို အသုံးပြုထားတာ တွေ့ရပါတယ်။ အမြန်နှုန်းက 1.8 GHzရှိမှာ ဖြစ်လို့ အသုံးချမှု မြန်ဆန်ကောင်းမွန် ပါလိမ့်မယ်။ Graphic အတွက် Intel Graphic Media Acceleratorကို အသုံးပြုထားပါတယ်။ Battery Run Timeက ၉ နာရီနဲ့ မိနစ် ၂၀ ကြာအောင် သုံးစွဲနိုင်မှာပါ။ ဈေးနှုန်းကတော့ ဒေါ်လာ ၉၉၂.၂၃ ဒေါ်လာ ဖြစ်တာကြောင့် သင့်တင့်မှု ရှိပါတယ်။

Ref: www.pcmag.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

# Life Book Fujitsu LH531



Kyats
479,000

မင်းခန့်

၁၄ လက်မ အကျယ်ရှိမယ့် Screenက Crystal View HDအဖြစ် ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ Fujitsuကတော့ တောက်ပမှု ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ထားကြောင်း ပြောပါတယ်။ တကယ်လို့ သင် Powerပိတ်ထားတဲ့ အချိန်တွေမှာ USB Charge Portက တစ်ဆင့် သင့်ရဲ့ Cell Phoneနဲ့ MP 3 Playerတွေကို အားသွင်းနိုင်မှာပါ။ အရည် အသွေးကောင်းတဲ့ Spill-resistantကို သုံးစွဲထားတဲ့ အတွက် Damage တချို့ကိုတော့ ခံနိုင်ရည် ရှိမှာပါ။ Online Video Chartအတွက် Webcamလည်း ပါဝင်မှာ ဖြစ်တာကြောင့် Chattingအတွက် အဆင်ပြေပါလိမ့်မယ်။

Processor အမျိုးအစားက Intel Core i5 ဖြစ်ပြီး မြန်နှုန်းက 2.2 GHz အထိအောင် ရှိပါလိမ့်မယ်။ RAMအပိုင်းမှာ 4 GB DDR 3 ပါရှိပြီး Graphicsအတွက် Intel HD Graphics 3000ကို သုံးစွဲထားပါတယ်။ Operating Systemကိုတော့ Window 7 Home Premiumကို အသုံးပြုထားတာ တွေ့ရမှာပါ။ စုစုပေါင်း အလေးချိန် ၅ ပေါင်ရှိမှာ ဖြစ်လို့ အလေးချိန် နည်းနည်းများတယ်လို့ ဆိုနိုင်ပါတယ်။ အရွယ်အစားက အမြင့် ၉.၄၅ လက်မ၊ အကျယ် ၁၃.၁၉ လက်မနဲ့ အထူ ၁.၃၉ လက်မ ရှိမှာ ဖြစ်ပြီး ဈေးနှုန်းက ၄၇၉၀၀၀ကျပ်နဲ့ ၀၁-၂၁၈ ၂၀၂မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.amazon.com

# Laptop Sony VAIO E Series SVE 1511 MFXS

လင်းထက်

Processorကို Intel Core i7ကို အသုံးပြုထားပြီး အမြန်နှုန်းက 2.10 GHzရှိမှာ ဖြစ်တဲ့အပြင် RAMက 8 GBထိ အောင် ရှိမှာ ဖြစ်လို့ Appတွေကို အမြန်ဆုံး Processလုပ်ပေးနိုင်မှာပါ။ Graphicsအတွက် Intel HD Graphics 4000ကို သုံးစွဲထားတာကြောင့် Gamming အကြီးစားတွေကိုတောင် ဆော့ကစား နိုင်မှာပါ။ Battery အမျိုးအစား က 1 Lithium ion Battery အမျိုးအစားဖြစ်ပြီး Lifeက ၅ နာရီ ၃၀ မိနစ်ကြာအောင် သုံးစွဲနိုင်မှာ ဖြစ်တဲ့အတွက် အဆင်ပြေပါတယ်။ CDနဲ့ DVDတွေကို Play and Burnလည်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

Screenက ၁၅.၅ လက်မ ရှိမှာ ဖြစ်သလို Resolutionက 1366x768 Pixelsရှိမှာဖြစ်ပါတယ်။ အသုံးပြုနိုင်မယ့် Wireless အမျိုးအစားက 802.11 b/g/n ဖြစ်တာကြောင့် Wi-Fiနဲ့ အခြား Wireless စနစ်တွေ အသုံးချနိုင်မှာပါ။ Port အဖြစ် USB 2.0 Port သုံးခုနဲ့ USB 3.0 Port တစ်ခုတို့ ပါဝင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် USB 3.0ပါဝင် သုံးစွဲနိုင်တာက အားသာချက်တစ်ခုပါ။ အလေးချိန်က ၆ ပေါင် ရှိမှာ ဖြစ်ပြီး မျက်နှာပြင် အကျယ် ၁၄.၆၅ လက်မ၊ အမြင့် ၉.၉၉ လက်မနဲ့ အထူ ၁.၃၂ လက်မ ရှိမှာပါ။ အရောက်ကိုတော့ Aluminium Silver တစ်မျိုးတည်း ထုတ်လုပ်ထားပြီး ဈေးနှုန်းက ဒေါ်လာ ၁၀၀၀ဖြစ်ကာ ၀၁-၃၇၇ ၂၅၉မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.amazon.com

USD
1,000



# Tablet Orient M70027



Kyats
85,000

မင်းခန့်

Central Processing Unitက A10 ManyCore Cortex A8ကို အသုံးပြုထားပြီး အမြန်နှုန်းက 1.0 MHz ရှိမှာပါ။ Graphicအတွက် Mali 400အသုံးပြုထားပါတယ်။ Operation Systemအပိုင်းမှာ Google Android 2.3 Gingerbreadကို အသုံးထားပါတယ်။ Storageအပိုင်းမှာ 4 GB, 8 GBနဲ့ 16 GBဆိုပြီး စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် External TF Cardကိုပါ သုံးစွဲနိုင်မှာ ဖြစ်ပြီး အမြင့်ဆုံး သိမ်းဆည်းနိုင်မယ့် ပမာဏ 32 GBထိအောင် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

Displayအတွက် ၇ လက်မအရွယ် Screenပါရှိမှာ ဖြစ်ပြီး TFT LCD အမျိုးအစားကို သုံးစွဲထားပါတယ်။ Resolutionက 800x480ပဲ ဖြစ်တဲ့အတွက် ရုပ်သံပိုင်းမှာ အားနည်းချက် အနည်းငယ် ရှိပါတယ်။ Wireless Networkအတွက် IEEE 802.11 b/g/nကို အသုံးပြုထားပြီး Wi-fiကို သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Multi-touch စနစ်ကို အသုံးပြုနိုင်မှာ ဖြစ်ပြီး Portတွေ အဖြစ် USB Portတစ်ခု၊ TF Card Slot တစ်ခု၊ 3.5 mm HeadJack တစ်ခု၊ DC Jack တစ်ခုနဲ့ mini HDMI Portတစ်ခုတို့ ပါဝင်မှာ ဖြစ်ပါတယ်။ 0.3 MegaPixelရှိမယ့် Cameraပါဝင်ပြီး 1080 P HDကို ပြသပေးနိုင်မှာပါ။ Battery Capacityက 4000 mAhဖြစ်ပြီး ၅ နာရီ ဝန်းကျင် သုံးစွဲနိုင်မှာ ဖြစ်ကာ တစ်လုံးလျှင် ၈၅၀၀၀ ကျပ်နဲ့ ၀၁-၃၇၆ ၅၆၄မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.made-in-china.com

# Tablet Acer Iconia Tab B1-A71

မင်းခန့်

Iconia Tab B1-A71က GSMစနစ်နဲ့ SMS, MMSစနစ်တွေကို သုံးစွဲနိုင်မှာ မဟုတ်ပါဘူး။ SIM အတွက် နေရာထည့်သွင်း တည်ဆောက်ထားခြင်း မရှိပါဘူး။ အရွယ်အစားက အမြင့် ၇.၇၇ လက်မ၊ အကျယ် ၅.၀၆ လက်မနဲ့ အထူက ၀.၄၄ လက်မ ရှိမှာ ဖြစ်ပါတယ်။ အလေးချိန် စုစုပေါင်း ၃၂၀ ဂရမ်ဖြစ်ပါတယ်။ Displayစနစ်မှာ TFTအမျိုးအစားကို သုံးစွဲထားပြီး Touch Screenဖြစ်ကာ အရောင်ပေါင်း ၂၅၆၀၀၀ကို ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ Display လုပ်ပေးနိုင်မယ့် အကျယ်အဝန်းက ၇ လက်မ အပြည့်ဖြစ်ပြီး 600x1024 Pixelရှိပါလိမ့်မယ်။

Soundအတွက် Loudspeakerသုံးစွဲနိုင်မှာ ဖြစ်သလို 3.5 mm Jackလည်း ပါဝင်ပါလိမ့်မယ်။ Memoryအတွက် micro SDကို 32 GBအထိအောင် မြှင့်တင် သုံးစွဲနိုင်မှာပါ။ Internalအဖြစ် 8 GB ဒါမှမဟုတ် 16 GBကို Built-In တည်ဆောက် ထည့်သွင်းထားမှာ ဖြစ်ပါတယ်။ WLAN, Bluetooth v4.0နဲ့ USB 2.0 Portတွေ ပါဝင်ပါတယ်။ Android OS v4.1(Jelly Bean)ကို အသုံးပြုထားပြီး CPUက Dual Core 1.2 GHzဖြစ်ပါတယ်။ Networkအတွက် HTML5 Browserပါဝင်ထည့်သွင်းထားပြီး အရောင်က အနက်ရောင်အဖြစ် ထုတ်လုပ်ထားပါတယ်။ Batteryကို Non-Removable Li-Po 2710 mAhကို အသုံးပြုထားပြီး၊ ၀၁-၂၂၁-၆၈၃မှာ ဝယ်ယူနိုင်ပါတယ်။

Ref: www.gsmarena.com

Kyats
121,000



# Winter Root Computer

*Laptop Computer (Sales & Service)*

## "PEOPLE'S CHOICE EXHIBITON"

## @ Strand Hotle (May-17-18) (နံနက် ၉:၀၀ မှ ည ၉:၀၀)

**ဗလာမပါ ကံစမ်းမဲ**

(၂) ရက်တည်းသာရှိသည့် လက်မလွှတ်သင့်သော အခွင့်အရေး


Laptop (or)

MP3 Player (or)

Card Reader (or)

Speaker (or)

Ear Phone

+ လက်ဆောင်(၅)မျိုး

### FUJITSU



| FMV S8240 | FMV C8240 | FMV S8225 | FMV S8245 |
|---|---|---|---|
| Intel Cel:(M) 1.7GHz | Core Duo 1.7GHz | Core Solo 1.7GHz | Core 2 Duo 1.7GHz |
| RAM - 1GB | RAM - 1GB | RAM - 1GB | RAM - 1GB |
| HDD - 60GB | HDD - 40GB | HDD - 60GB | HDD - 60GB |
| COMBO | COMBO | DVD-RW | DVD-RW |
| VGA - 256MB | VGA - 256MB | VGA - 256MB | VGA - 256MB |
| Wi-Fi | PCMCIA, Wi-Fi | Wi-Fi | Wi-Fi |
| LCD- 13" | LCD- 15" | LCD- 13" | LCD- 13" |
| 105,000/- | 128,000/- | 145,000/- | 169,000/- |

### Panasonic



| CF -W5 | CF-W5 | CF-W5 | CF-W5 |
|---|---|---|---|
| Intel Cel:(M) 1.2GHz | Core Solo 1.2GHz | Core Duo 1.0GHz | Intel Core 2 1.0 GHz |
| RAM - 1GB | RAM - 1GB | RAM - 1GB | RAM - 1GB |
| HDD - 60GB | HDD - 80GB | HDD - 80GB | HDD - 80GB |
| COMBO | COMBO | COMBO | COMBO |
| VGA - 256MB | VGA - 256MB | VGA - 256MB | VGA - 256MB |
| Wi-Fi-Modem | Wi-Fi-Modem | Wi-Fi-Modem | Wi-Fi |
| LCD- 12" | LCD- 12" | LCD- 12" | LCD- 12" |
| 95,000/- | 135,000/- | 145,000/- | 165,000/- |

### hp



| Compaq 2510p | Compaq 6710b | Compaq 6730b | Compaq 6930p |
|---|---|---|---|
| Intel Core 2 1.1GHz | Intel Core 2 1.8GHz | Intel Core 2 2.4GHz | Intel Core 2 2.4GHz |
| RAM - 1GB | RAM - 2GB | RAM - 2GB | RAM - 2GB |
| HDD - 80GB | HDD - 80GB | HDD - 160GB | HDD - 250GB |
| COMBO | DVD-RW | DVD-RW | DVD-RW |
| VGA - 256MB | VGA - 358MB | VGA - 796MB | VGA - 796MB |
| Wi-Fi-Modem | Wi-Fi-Modem | Wi-Fi-Modem | Wi-Fi |
| LCD- 12" | LCD- 15" | LCD- 15.6" | LCD- 14" |
| 179,000/- | 195,000/- | 235,000/- | 265,000/- |

### DELL



| Latitude D820 | Latitude D520 | Inspiron 6400 | Latitude D630 |
|---|---|---|---|
| Core Duo 2.2GHz | Core Duo 1.7GHz | Core Duo 1.7GHz | Core 2 Duo 2.0GHz |
| RAM - 1GB | RAM - 1GB | RAM - 1GB | RAM - 2GB |
| HDD - 40GB | HDD - 40GB | HDD - 60GB | HDD - 80GB |
| COMBO | COMBO | COMBO | DVD-RW |
| VGA - 256MB | VGA - 256MB | VGA - 256MB | VGA - 882MB |
| Wi-Fi-Modem | Wi-Fi-Modem | Wi-Fi-Modem | Wi-Fi-Modem |
| LCD- 15" (Ext:CD Battery) | LCD- 15" (Ext: CD Battery) | LCD- 15" | LCD- 14" |
| 165,000/- | 165,000/- | 175,000/- | 189,000/- |

| | | |
|---|---|---|
| Yangon | Winter Root Show room (1) | No. (287, 289), Bo Aung Kyaw Street (Middle), Kyauktada Tsp, Yangon. Ph: 01-392969, 09421023209 |
| Yangon | Winter Root Show room (2) | No.220, Seikkanthar St, Kyauktada Tsp. Ph: 01-253385, 095061303. 09421023208 |
| Mandalay | Winter Root Show room (1) | No.D-20, 32 x 33, 77x78, Zawtika Street, Mdy Ph: 02-71021. 0991016780 |
| Mandalay | Winter Root Showroom (2) | No.(209), 84 Street, 32 x 33, Chan Aye Tharzan Tsp, Mandalay, Ph: 09-91051585, 09402617641 |
| Sittway | Techno City Computer | Ph: 095680644 |
| Taungtwingyi | Sinnyaw Computer & Mobile Phone Centre | Ph: 063-51003, 09 5333295 |
| Taungyi, Naypyidaw | Shan Nyi Naung Computer Sales & Services | Ph: 0949357657, 09425013838 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

## Headset **Dr. Dre** Bluetooth



မင်းခန့်

Beat by Dr. Dre တံဆိပ် Stereo Bluetooth Headsetလေးပဲ ဖြစ်ပါတယ်။ သီချင်း နားထောင်ခြင်း၊ ဖုန်းပြောဆိုခြင်း နှစ်မျိုးလုံးအတွက် အဆင်ပြေပါတယ်။ ဒီဇိုင်းအပိုင်းမှာလည်း ထူးခြားဆန်းသစ်အောင် ဖန်တီးထားတဲ့အတွက် လူငယ်ကြိုက် ဖြစ်မှာပါ။ ကားမောင်းရင်းပဲ ဖြစ်ဖြစ် ခရီးသွားရင်းပဲ ဖြစ်ဖြစ် အလွယ်တကူ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Charging သွင်းချိန် ၂ နာရီ ကနေ ၃ နာရီလောက်သာ လိုအပ်ပြီး တစ်နေကုန်နီးပါး အသုံးပြုနိုင်မှာ ဖြစ်တာကြောင့် အဆင်ပြေမှာပါ။ မည်သည့် Bluetooth Deviceနဲ့မဆို ချိတ်ဆက်နိုင်ပြီး လက်ရှိ အသုံးပြုနေကြတဲ့ SIM Card Tablet များနဲ့ပါ Bluetooth ချိတ်ဆက်နိုင်ပါတယ်။ Colour ရောင်စုံရှိနိုင်ပြီး ရောင်းဈေး ၃၀၀၀၀ကျပ်ဖြင့် SCS Computerဆိုင်၊ တယ်လီဖုန်း 01-290-384မှာ ဝယ်ယူ ရရှိနိုင်ပါတယ်။

## Earphone **HTC** Wired Stereo



SIT

HTCရဲ့ မော်ဒယ်လ်သစ်ဖြစ်တဲ့ RCE240မော်ဒယ်လ် Wired Earphoneဖြစ်ပါတယ်။ 3.5 mm အရွယ် Jackနဲ့ တွဲဖက် အသုံးပြုရမှာ ဖြစ်ပြီး ပုံမှန် ကြိုးများနဲ့ မတူပဲ Flat Cableကို သုံးထားတာ တွေ့ရပါတယ်။ Key Button သုံးခုလည်း ပါဝင်မှာ ဖြစ်တာကြောင့် Media Playing လုပ်နေရင်းနဲ့ ဖုန်းပြောဆိုမှုတွေကိုပါ အလွယ်တကူ အသုံးပြု လုပ်ဆောင်နိုင်မှာပါ။ နောက်ထပ် ထူးခြားတာ တစ်ခုက သီချင်းနားထောင်မှုမှာ သီချင်းတစ်ပုဒ်ထဲကို Repeateလုပ်ပြီး နားထောင်ခြင်းမျိုးနဲ့ Track တစ်ခုလုံး ကျော်ပြီး နားထောင်ခြင်းမျိုးတွေပါ အလွယ်တကူ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ HTCရဲ့ အသံပိုင်းနည်းပညာကို အကောင်းဆုံး ထိတွေ့ခံစားနိုင်မှာ ဖြစ်ပြီး Stereo အသံထွက် ကောင်းမွန်ပေမယ့် Bassအပိုင်းတော့ အားနည်းချက် ရှိပါတယ်။ ဈေးနှုန်းက ၂၃,၀၀၀ ကျပ်ဖြစ်ပြီး၊ ဖုန်း - ၀၁-၃၈၁-၀၃၅မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

## Cover **iPhone** Power Pack



သန့်စင်

iPhone 5အတွက် Extra Battery တစ်ခုပါ။ Power Pack ဆိုတာက အားလုံးသိပြီးသား ဖြစ်ပါလိမ့်မယ်။ ဖုန်းကာဗာမှာ Extrabattery ထည့်သွင်းထားတာပဲ ဖြစ်ပါတယ်။ ဖုန်းတွေမှာက ရိုးရိုးကာဗာကအစ သူတို့ ပုံစံနဲ့ အံဝင်မယ့် ကာဗာတွေက သီးသန့် ရှိကြတာပါ။ ဒါကြောင့် ယခု iPhone 5 Power Packကို ညွှန်းလိုက်တာပါ။ iPhone 5 Batterry ကုန်တဲ့အခါ ဒီ Power Pack ကနေပြီး နောက်ထပ် 5နာရီစာ ဆက်တိုက်သုံးနိုင်အောင် အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။ သူရဲ့အလေးချိန်က 73.6 ပဲရှိတယ် ဆိုတော့ အလေးချိန်မများပါဘူး။ အားပြန်သွင်းရတဲ့ အခါမှာလည်း ဘေးဘက်မှာ ပါတဲ့ USB Port ကတစ်ဆင့် iPhone 5ကိုရော၊ Power Packကိုပါ အားဝင်စေမှာ ဖြစ်ပါတယ်။ iPhone 5ကို ထည့်သွင်းရတာလည်း လွယ်ကူတယ်။ mAh နှစ်မျိုးနဲ့ ဈေးကွက်ထဲ ဝင်ရောက်လာပြီး ဈေးလည်း မတူပါဘူး။ 2200 mAhက 5နာရီစာ အားပေးနိုင်ပြီး K 35,000 ဖြစ်ပြီး 4200 mAhက 9နာရီစာ Batteryနဲ့ ဈေးနှုန်း K 40,000 ဖြစ်ပါတယ်။ ဝယ်ယူချင်တယ် ဆိုရင်တော့ iPhone Brandတွေ သီးသန့် ရောင်းတဲ့ imac ဖုန်း - 01-230-0490မှာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## Speaker **SAAG** micro 2.1



လင်းထက်

SAAGတံဆိပ် micro 2.1မော်ဒယ် Computer Speaker ဖြစ်ပြီးတော့ သင့် PCမှာ အကောင်းဆုံး ချိတ်ဆက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Macro Power စွမ်းအင် အသုံးချပုံ စနစ်ဖြစ်ပြီး Power Outputက 800 Wattsရှိမှာ ဖြစ်ပါတယ်။ 2.1 Channel အသံပိုင်းစနစ်ကို ချိတ်ဆက်သုံးစွဲနိုင်မှာ ဖြစ်ပြီးတော့ Audio Sourceမျိုးစုံနဲ့ ချိတ်ဆက်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် Music Player, Gamesနဲ့ PC, Notebookလို စက်ပစ္စည်းတွေနဲ့ အလွယ်တကူ ချိတ်ဆက်နိုင်အောင် ထုတ်လုပ်ထားပါတယ်။ Subwooferမှာ ၃ လက်မအရွယ် Speaker တပ်ဆင်ပါရှိပြီး Satelliteမှာတော့ ၂ လက်မအရွယ် Speakerအထိုင် ပါရှိပါလိမ့်မယ်။ Signal Inputအတွက် 3.5 mm Jackပါရှိပြီး အရွယ်အစားက Subwooferမှာ 20x14x14 cmနဲ့ Satelliteမှာ 7x15x9 cmစီရှိမှာ ဖြစ်ကာ တစ်လုံးလျှင် ၁၅၀၀၀ ကျပ်ဖြင့် ၀၁-၃၉၂ ၅၇၆မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

## Cover **iPhone** 5 Flash



သန့်စင်

iPhone 5ကို လူကြိုက်များကြတာနဲ့အညီ ဖုန်း Cover ရွေးရခက်နေသူတွေအတွက် စမတ်ကျတဲ့ မီးလင်းကာဗာဖြစ်ပါတယ်။ ဖုန်းခေါ်ဆိုတဲ့အခါ သို့မဟုတ် Message ပို့လာတဲ့အခါ Flash မီးလင်းလာမှာ ဖြစ်ပါတယ်။ မီးလင်းရုံသက်သက် တစ်ခုတည်းမဟုတ်ပဲ ဖုန်းကို ကာကွယ်ပေးနိုင်မှုကလည်းကောင်းမွန်ပါတယ်။ ဖုန်းအက်ကွဲခြင်း အစင်းရာထင်ခြင်းတို့ကို ကာကွယ်ပေးနိုင်ပါတယ်။ iPhoneမှာ ပါဝင်တဲ့ Portတွေနဲ့ အညီ Coverမှာ ပါဝင်ပါတယ်။ မီးလင်းနိုင်ဖို့အတွက် ကွန်ပျူတာသုံး ဓာတ်ခဲတစ်လုံး ထည့်သွင်း အသုံးပြုရမှာ ဖြစ်ပြီး၊ အသွင်မတူ လှပတဲ့ အရောင်မျိုးစုံကို ဖုန်းလာတိုင်း တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။ နောက်ကျောခံ ဒီဇိုင်းက ပန်းသီးပုံ၊ နဂါးပုံ၊ ကြောင်ပုံ စသည်ဖြင့် ပုံမျိုးစုံ ရနိုင်ပါတယ်။ ဈေးနှုန်းကိုတော့ ၈,၀၀၀ကျပ်လောက်နဲ့ ဝယ်ယူနိုင်ပြီး၊ imac ဖုန်း - 01-230-0490မှာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## Bloodpressure Monitor **iHealth**




သန့်စင်

နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ နည်းပညာသုံး ကျန်းမာရေး ပစ္စည်းတွေလည်း အများအပြား ဝင်ရောက်လာတာ တွေ့နေရပါတယ်။ အခု ဈေးကွက်ထဲ ရောက်လာတာ iHealth ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ iPhoneသုံး သွေးပေါင်ချိန်တိုင်း ကိရိယာပါ၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် သွေးပေါင်ချိန် စစ်လိုလာပြီဆိုရင် လက်ပတ်ကို လက်မောင်းမှာ ပတ်လိုက်ရုံနဲ့ သွေးပေါင် ဘယ်လောက် ရှိတယ်ဆိုတာ iPhoneမှာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။ အဲ့အတွက် iHealthက Free ရှိရမယ့် Mobile Appကိုတော့ ထည့်သွင်းထားရပါမယ်။ သွေးပေါင်ချိန် သာမက နလုံးခုန်နှုန်းတွေ၊ သွေးကြော လှုပ်ရှားမှုတွေကိုလည်း တစ်ပါတည်း တိုင်းတာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။ စစ်ပြီးသွားတဲ့အခါမှာလည်း ရလဒ်ကို မိသားစု၊ သူငယ်ချင်းနဲ့ ဆရာန်ဆီကို မျှဝေပေးလို့ ရပါတယ်၊ iPhoneမှာ သာမက iPod, iPadစတဲ့ ပစ္စည်းတွေမှာလည်း iHealth Myvitalls App ရှိပြီဆိုရင် အသုံးပြုလို့ ရနိုင်ပါတယ်၊ မြန်မာပြည်တွင်း ဈေးကွက်မှာတော့ 151, 500 ကျပ်နဲ့ ice ဖုန်း - 218-202, 216-484 မှာ ဝယ်ယူ ရရှိနိုင်ပါတယ်။

Mobile

# Samsung Galaxy S III (CDMA)




မင်းခန့်

## General

2Gနဲ့ 3Gကွန်ယက်တွေမှာ CDMAစနစ်ကို အသုံးပြုနိုင်မှာ ဖြစ်ပြီး 4Gအတွက် 700/1900 MHzတွေကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Simအမျိုးအစားက micro Simကို အသုံးပြုရမှာ ဖြစ်ပါတယ်။

## Body

အရွယ်အစားကို ကြီးမားကျယ်ပြန့်အောင် တစ်နည်းပြောရရင် Displayအပိုင်း ကျယ်ဝန်းအောင် တည်ဆောက် ထားတဲ့အတွက် ကိုယ်ထည်ကို တတ်နိုင်သလောက် မာကျောအောင် ဖန်တီးထားတာ တွေ့ရပါတယ်။ အရွယ်အစားက အရှည် ၅.၄၀ လက်မ၊ မျက်နှာပြင် အကျယ် ၂.၈၀ လက်မနဲ့ ဟန်းဆက်ရဲ့ အထူက ၀.၃၀ လက်မသာ ရှိမှာဖြစ်လို့ အကောင်းဆုံးပါပဲ။ အလေးချိန်က ၁၃၃.၂ ဂရမ် ရှိမှာ ဖြစ်လို့ အနည်းငယ်များပေမယ့် သူ့အရွယ်နဲ့စာရင်တော့ များတယ်လို့ မဆိုသာပါဘူး။

## Dislpay

Screen အမျိုးအစားက Super AMOLED ကို အသုံးပြုထားပြီး၊ Touchscreen စနစ်ဖြစ်ကာ အရောင်ပေါင်း ၁၆ သန်း ကို ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ Screen အရွယ် အစားက ၄.၈ လက်မထိအောင် ပြသပေးနိုင်မှာ ဖြစ်သလို Pixelနှုန်းက 720x1280 ဖြစ်လို့ ရုပ်ထွက်ပိုင်းတော့ အကောင်းဆုံးဆိုတာကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Screenကို အပျက်အစီးတွေက ကာကွယ်နိုင်အောင် TouchWiz UIစနစ်နဲ့ အသုံးပြု ကာကွယ်ထားတာ တွေ့ရပါတယ်။

## Sound

ပုံမှန် အသုံးပြုနေကျ MP 3နဲ့ WAV အမျိုးအစား Ringtoneတွေကို အသုံးပြုနိုင်မှာ ဖြစ်ပြီးတော့ Alertကလည်း Vibrationပဲ ဖြစ်ပါတယ်။ Loud Speakerပါရှိမှာ ဖြစ်ပြီး 3.5 mm အရွယ်ရှိမယ့် Headphone Jackလည်း ထည့်သွင်း တပ်ဆင်ထားပါတယ်။

## Memory and Data

Internal Memoryအဖြစ် 16 GB ဒါမှမဟုတ် 32 GBထဲက ကြိုက်နှစ်သက်ရာကို ရွေးချယ် ဝယ်ယူနိုင်မှာ ဖြစ်ပြီးတော့ RAMက 2 GB ရှိပါလိမ့်မယ်။ Extended အဖြစ် Memoryကို တိုးမြှင့်သုံးစွဲချင်သူတွေအတွက် micro SD Card ကို အသုံးပြုပြီး 64 GBအထိ Extneded လုပ်နိုင်မှာပါ။

Wirelessအပိုင်းမှာ Wi-fi 802.11 a/b/g/n, dual band, DLNA, Wi-fi Directနဲ့ Wi-fi hotspotတွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Bluetoothအတွက် version v4.0ကို အသုံးပြုနိုင်မှာပါ။ NFCပါဝင်မှာ ဖြစ်တဲ့အပြင် microUSB v2.0လည်း ပါရှိမှာ ဖြစ်ပါတယ်။

## Camera

8 Mega Pixel အားရှိမယ့် ကင်မရာ တပ်ဆင်ပေးထားတာကြောင့် Photoတွေ Videoရိုက်ကူးမှုတွေမှာ အားသာချက်ရှိစေမှာပါ။ Resolution နှုန်း 3264x2448 Pixelနှုန်းက မက်လောက်စရာပါပဲ။ Autofocus စနစ်ကို အလွယ်တကူ သုံးစွဲနိုင်မှာ ဖြစ်သလို LED Flash Lightလည်း ပါဝင်တာကြောင့် Night Scenceအတွက်လည်း အဆင်ပြေစေပါလိမ့်မယ်။ HD Vedioတွေကို တစ်ဆက်တည်း မှတ်တမ်းတင် ရိုက်ကူးနိုင်မှာ ဖြစ်သလို Geo-tagging, Touch Focus, Face and Smile Detectionနဲ့ Image Stabilization စနစ်တွေလည်း သုံးစွဲနိုင်မှာပါ။ Videoရိုက်ကူးနိုင်ဖို့အတွက် 1080 Pixelအား ပါရှိပြီး ပေ ၃၀ အတွင်း အကောင်းဆုံး ရိုက်ကူးပေး နိုင်မှာပါ။ Secondary ကင်မရာ ပါရှိပြီး 1.9 Mega Pixelစွမ်းအား ရှိမှာ ဖြစ်ပါတယ်။

## Features

အသုံးပြုထားတဲ့ OS စနစ်က Andriod OS v4.1 (Jelly Bean)ဖြစ်ပြီး Chipsetက Qualcomm MSM8960 Snapdragon အမျိုးအစား ဖြစ်ပါတယ်။ CPU အမျိုးအစားက Dual Core ဖြစ်ပြီး အမြန်နှုန်းက 1.5 GHzဖြစ်လို့ မြန်နှုန်းမြင့် ဟန်းဆက်တစ်ခု ဖြစ်ပါတယ်။ Graphicsအတွက် Adreno 225ကို အသုံးပြုထားတာ တွေ့ရပါတယ်။ Messagingအပိုင်းမှာ SMS, MMS, Email, Push Email, IMနဲ့ RSSတွေကို သုံးနိုင်မှာပါ။ Browserက HTML 5ဖြစ်လို့ Networkအသုံးပြုမှုကို အကောင်ဆုံး ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။ GPSစနစ် အသုံးပြုနိုင်မှာ ဖြစ်ပြီး အရောင်တွေကတော့ ခရမ်းပြာရောင်၊ အဖြူရောင်၊ ခရမ်းရောင်တွေကို စိတ်ကြိုက် ရွေးချယ်နိုင်မှာပါ။

## Battery and Price

Li-ion အမျိုးအစား Batteryကို အသုံးပြုထားပြီး Capacityက 2100 mAhရှိမှာ ဖြစ်သလို Stand-by အနေအထားမှာ နာရီပေါင်း ၂၀၀ကျော်ထားရှိ အသုံးပြုနိုင်မှာ ဖြစ်ပြီး Talk Time အဖြစ်နဲ့တော့ ၁၅ နာရီကျော်ကြာအောင် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ၅၀၀၀၀၀ကျပ် ဝန်းကျင်ဖြစ်ပြီး ၀၉-၂၄၀-၂၂၀၀မှာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

Ref: www.gsmarena.com

# TV Toshiba LED PS200E



မင်းခန့်

PS200Eဟာ Toshibaက တီထွင်ထားတဲ့ Regza Engine အမျိုးအစား Video Processing Circuit နည်းပညာကို အသုံးပြုထားပါတယ်။ VPCရဲ့ အားသာချက်က TVအနေနဲ့ သူလက်ခံ ရရှိတဲ့ Signalတွေကို နဂိုရှိနေတဲ့ Resolutionထက် သာလွန်ကောင်းမွန်အောင် လုပ်ငန်းတွေ ထပ်ရှဲ့ပြီး ကြည်လင် ပြတ်သားတဲ့ ပုံရိပ်တွေ ပြန်လည် ထုတ်ပေးတာ ဖြစ်ပါတယ်။ Resolution စုစုပေါင်း 1920x1080 ရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Regzaနဲ့ LED Backlight နည်းပညာကိုပါ ပေါင်းစပ်ထားတော့ Brightnessနဲ့ အလင်းဖြာထွက်မှု အပိုင်းတွေမှာ အကောင်းဆုံး ဖြစ်သွားစေမှာ ဖြစ်ပါတယ်။ အသံပိုင်းမှာလည်း အရင်တုန်းက အသုံးပြုခဲ့တဲ့ Speakerတွေ နေရာမှာ High Efficiency Speakerတွေကို အစားထိုး သုံးစွဲထားတာ တွေ့ရပြီး အသံထွက် ရှင်းလင်းပြတ်သားမှုနဲ့ Bass အသံ တည်ငြိမ်မှုတွေမှာ အကောင်းဆုံးလို့ ဆိုပါတယ်။ Vedio Formatပေါင်း ၂၈ခုကို Runပေးနိုင်မှာ ဖြစ်ပြီးတော့ လူသုံးများတဲ့ AVI, PS, TS/Tp, VOB, MOV, MP4, ASFနဲ့ 3GPP စတာတွေကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Audioအပိုင်းမှာတော့ MP3, MP4, WAWနဲ့ WMAစတဲ့ Audio Formatလေးခုကို Run ပေးနိုင်မှာ ဖြစ်ပါတယ်။ Input Portတွေ အဖြစ် HDMI Port သုံးခု၊ AV, DVD, PC, RF Port နှစ်ခုနဲ့ USB Portတွေ ပါရှိမှာပါ။ ဒါကြောင့် PS200Eဟာ ကြည်လင် ပြတ်သားမှု အကောင်းဆုံးနဲ့ တွဲဖက်သုံးစွဲနိုင်မှု အများဆုံးဖြစ်မယ့် TVကောင်းတစ်လုံး ဖြစ်ပါတယ်။ ဈေးနှုန်းက ၄၉၀,၀၀၀ကျပ် ဖြစ်ပြီး၊ ဖုန်းနံပါတ် ၀၉-၇၃၂-၄၂၁-၀၉မှာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

Ref: www.homestore.sg

# Monitor Acer S230L Abd




လင်းထက်

Acerရဲ့ မော်ဒယ်လ်သစ် S230L Abdဟာ Screen အရွယ်အစား ၂၃ လက်မရှိမှာ ဖြစ်ပြီး Widescreen အမျိုးအစား ဖြစ်ကာ Full HD အရည်အသွေး ရုပ်ထွက်များအား 1920x1080 Pixel နှုန်းနဲ့ ပြသပေးနိုင်မယ့် LED စနစ်သုံး Slim မော်နီတာတစ်လုံး ဖြစ်ပါတယ်။ Contrast Ratioက 100,000,000:1 ရှိမှာ ဖြစ်ပြီး၊ Aspect Ratiomက 16:9ရှိမှာ ဖြစ်ကာ Brightnessက 250 cd/m2ရှိမှာပါ။ ပြသပေးနိုင်မယ့် အရောင်ပေါင်း ၁၆.၇ သန်း ဖြစ်တာကြောင့် HD အမျိုးအစား ရုပ်သံတွေကို အကောင်းဆုံး ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Response Time အပိုင်းမှာ မြန်နှုန်းက 5 mill secထိ မြန်ဆန်မှာ ဖြစ်လို့ Action Senceတွေအတွက် အသင့်တော်ဆုံး ဖြစ်ပါတယ်။ အရောင်ကိုတော့ အနက်ရောင် တစ်မျိုးတည်းကိုသာ ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ Viewing Angel အပိုင်းမှာ ရေပြင်ညီအဖြစ်နဲ့ ၁၇၀ ဒီဂရီနဲ့ ဒေါင်လိုက် အနေအထားမှာ ၁၆၀ ဒီဂရီကနေအထိ ကြည်လင်ပြတ်သားစွာ ကြည့်နိုင်မှာ ဖြစ်ပါတယ်။ စွမ်းအင် အသုံးချမှုမှာ ၂၃.၉ ဝပ်ပဲဖြစ်လို့ စွမ်းအင်လည်း ချွေတာနိုင်မှာ ဖြစ်ပါတယ်။ အလေးချိန် စုစုပေါင်းက ၁၀ ပေါင်ပဲ ရှိမှာ ဖြစ်ပြီး အရွယ်အစားက ၀.၅× ၂၁.၆× ၁၅.၁ လက်မပဲ ရှိမှာ ဖြစ်ပါတယ်။ Portအပိုင်းမှာ DVIနဲ့ VGA Portတွေသာ ပါဝင်မှာ ဖြစ်ပြီး Speaker ထည့်သွင်း တည်ဆောက်ထားခြင်း မရှိတာတွေ့ရတာကြောင့် ဝယ်ယူသုံးစွဲမယ် စိတ်ကူးရင်တော့ Speaker တစ်စုံကိုပါ တစ်ခါတည်း ဝယ်ယူရပါလိမ့်မယ်။ ဈေးနှုန်းက ၁၅၁,၂၀၀ပဲ ဖြစ်ပြီး ဖုန်းနံပါတ် ၀၁-၂၂၁-၆၈၃မှာ ဆက်သွယ်နိုင်မှာ ဖြစ်ပါတယ်။

Ref: www.amazon.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

## Animation




Title Name – One Moive Film Z
Genre – Action, Adventure
Studio – Toei Animation
Score – 3 out of 5


နေအောင်လတ်

One Piece Film Zဟာ နာမည်ကြီး လူကြိုက်အများဆုံး Shounen Action Seriesဖြစ်တဲ့ One Pieceရဲ့ ဆယ့်တစ်ကားမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Director Tatsuya Nagamineက ရိုက်ကူးထားကာ One Piece Animation ဇာတ်လမ်းတွဲတွေကို ရေးဆွဲပေးတဲ့ Toei Animation ကပဲ ထုတ်လုပ်ထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ အပိုင်းအများကြီး ထွက်ထားတဲ့ Anime Seriesတွေရဲ့ ရုပ်ရှင်အများစုဟာ မူရင်းဇာတ်လမ်းတွေနှင့် ဆက်စပ်မှုမရှိတဲ့ ဇာတ်လမ်းတွေကများပြီး အချိန်တိုအတွင်း သီးသန့်မိတ်ဆက်ပေးထားတဲ့ ဇာတ်ကောင်တွေဟာ ရုပ်ရှင်အတွင်းမှာပဲ သီးသန့်ပါဝင်တဲ့အတွက် ပုံမှန် ဇာတ်လမ်းရှည် Seriesတွေလောက် မူရင်းပရိသတ်ကို မစွဲဆောင်နိုင်ဘဲ မူရင်း စာရေးဆရာတွေလည်း ပါဝင်ပတ်သက်လေ့ မရှိတဲ့အတွက် Qualityကောင်းတဲ့ တိုက်ခိုက်ခန်းတွေကြည့်ဖို့နှင့် ဇာတ်လမ်းကို အပျင်းပြေ ကြည့်ရှုံလောက် အသုံးဝင်ခဲ့ပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ ပရိသတ်ဟောင်းတွေလည်း စောင့်ရကျိုးနပ်အောင် ပရိသတ်အသစ်တွေလည်း ဇာတ်လမ်းကို ပိုစိတ်ဝင်စားအောင် Naruto Road to Ninja ရုပ်ရှင်အသစ်မှာ ဆိုရင်လည်း Naruto ဇာတ်လမ်းဖန်တီးရှင် Masashi Kishimotoက ဇာတ်ကောင်တွေရဲ့ ဝတ်စုံ ဒီဇိုင်းအသစ်တွေ ဖန်တီးပေးရုံသာမက ရုပ်ရှင်ဇာတ်ကားသစ်ရဲ့ Supervisorအဖြစ် ပါဝင်ခဲ့သလို One Piece Film Z ကိုရော Film Z မတိုင်ခင်က ထွက်ထားတဲ့ One Piece Strong World Movieကိုရော Series ဖန်တီးရှင် Eiichiro Odaက ဇာတ်ကောင်ဒီဇိုင်းနှင့် ဇာတ်လမ်းပိုင်းတွေအတွက် ကိုယ်တိုင် စီစဉ်ပေးခဲ့ပါတယ်။

One Pieceရဲ့ ပင်မဇာတ်လမ်းကတော့ Pirate King ဖြစ်သူ Gold Rogerဟာ သူမသေဆုံးမီမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ One Pieceဟာ Grand Line နယ်မြေရဲ့ အဆုံးမှာ တည်ရှိကြောင်း ပြောကြားခဲ့ပြီးနောက် ပင်လယ်ဓားပြအားလုံး Grand Line အတွင်းသို့ ခရီးနှင်ကြပုံကို ဇာတ်လမ်းဆင်ထားခြင်း ဖြစ်ပါတယ်။ Pirate King တစ်ယောက် ဖြစ်ရန်ရည်ရွယ်ထားတဲ့ Monkey D.Luffy ခေါင်းဆောင်တဲ့ Straw Hat Pirate Crewကတော့ အပြစ်မဲ့ ပြည်သူများထံမှ လုယက်ခြင်း မရှိဘဲ One Pieceကိုသာ ရှာဖွေရန် စွန့်စားခန်း ထွက်ကြပုံကို မြင်တွေ့ရမှာဖြစ်ပြီး လမ်းခရီး တစ်လျှောက်မှာ အခြား ပင်လယ်ဓားပြဆိုးများနှင့် ပင်လယ်ဓားပြများကို နှိမ်နင်းမည့် ရေတပ် Navyတို့နှင့် ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ One Piece Film Zရဲ့ ထူးခြားချက် နောက်တစ်ခုကတော့ One Piece ဇာတ်လမ်းစတင်ပြီး ဆယ်နှစ်အကျော်မှာမှ ရောက်ရှိသွားတဲ့ Grand Lineရဲ့ လမ်းတစ်ဝက်ဖြစ်တဲ့ New Worldမှာ နေရာယူထားခြင်းဖြစ်ပြီး Luffy တို့ဟာ အစွမ်းအထက်ဆုံး ရန်သူတစ်ယောက်ဖြစ်သူ Admiral Zephyr (Z)နှင့် ရင်ဆိုင် တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။ Zဟာ ရေတပ် Navy အဖွဲ့ရဲ့ ခေါင်းဆောင်ဟောင်း Admiral Zephyr ဖြစ်ပြီး လက်ရှိအချိန်မှာတော့ ပင်လယ်ဓားပြများကို ရန်ငြိုးထား မုန်းတီးသူ Z အဖြစ် Neo Marines တပ်ဖွဲ့ကို တည်ထောင်ထားပြီး Navyထံမှ ဖောက်ခွဲမှုအား ပြင်းထန်တဲ့ Dyna Stonesများကို ခိုးယူကာ New World ဒေသတစ်ခုလုံးရဲ့ End Points သုံးခုကို ဖျက်ဆီးဖို့ စီစဉ်လျက် ရှိပါတယ်။ Z ရဲ့ အဓိကပန်းတိုင်ကတော့ ပင်လယ်ဓားပြတွေ အဓိကလိုချင်နေတဲ့ One Piece ကို ဖျက်ဆီးဖို့ ဖြစ်ပြီး End Points သုံးခုလုံးက မီးတောင်ဒေသတွေကို ဖောက်ခွဲပြီးချိန်မှာတော့ New World နယ်မြေတစ်ခုလုံးဟာ ပင်လယ် ဓားပြများနှင့်အတူ လုံးဝပျက်ဆီးသွားမှာ ဖြစ်ပါတယ်။ New World ဒေသ ပျက်စီးရင် အခြားကျွန်းပေါ် နေထိုင်သူတွေပါ သေကြေ ပျက်ဆီးရမှာဖြစ်လို့ Navy နှင့်အတူ Luffy တို့ရဲ့ Straw Hat Pirateကပါ Zနှင့် ရင်ဆိုင် တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။

One Piece Film Zဟာ ရိုးရှင်းပေမယ့် စိတ်ဝင်စားဖွယ် ကောင်းတဲ့ ဇာတ်လမ်း၊ အရင်ထက် ပိုကောင်းလာတဲ့ Animation Quality တို့နှင့်အတူ စိတ်ဝင်စားဖွယ် ဇာတ်ကောင်သစ်တွေနှင့် သူတို့ရဲ့ နောက်ကြောင်း ဇာတ်လမ်းတွေပါ ပါဝင်ပြီးတော့ Navy ဘက်က လူကြိုက်များတဲ့ ဇာတ်ကောင်တွေနှင့်အတူ Navy အဖွဲ့ဝင်ဟောင်း Aokiji တို့ကို ရုပ်ရှင်ဇာတ်လမ်းအတွင်း ထည့်သွင်းထားပါတယ်။ Luffyနှင့် Robinတို့လို Devil Fruit စားသုံး ထားသူတွေရဲ့ အစွမ်း ဖျောက်ဖျက်နိုင်တဲ့ လက်နက်ပိုင်ရှင် Z နှင့်အတူ Z ရဲ့ လက်ထောက် နှစ်ယောက်ဖြစ်တဲ့ Ain နှင့် Binz တို့ရဲ့ တိုက်ခိုက်ခန်းတွေက ကြည့်ကောင်းသလို တိုက်ခိုက်မှု မရှိတဲ့ အချိန်မှာလည်း One Piece Series ထုံးစံအတိုင်း ဟာသဆန်တဲ့ ဇာတ်ဝင်ခန်းတွေ ပါဝင်ပါတယ်။ One Piece Film Zဟာ Action Adventure ဇာတ်လမ်း နှစ်သက်သူ ပရိသတ်များ အားလုံးနှင့် သင့်တော်တဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။

## Movie




### *The Place Beyond The Pines*

Sid

Luke Glantonဟာ နာမည်ကျော် ဆိုင်ကယ်စတန့်မင်း တစ်ယောက်ဖြစ်ပြီး နယူယောက်မှာ ကျင်းပမယ့် Fair တစ်ခုအတွက် ရောက်ရှိလာပါတယ်။ အဲဒီမှာ Lukeက သူ့ရဲ့ ချစ်သူ Rominaကို သူ့မှာ ကလေးတစ်ယောက်ရှိကြောင်း ဖွင့်ပြောပြီး Rominaကို သူ့ဘဝထဲ ဝင်လာစေချင်ကြောင်း ပြောပါတယ်။ဒါပေမယ့် Rominaကတော့ မိထွေးတစ်ယောက် အဖြစ် မနေလိုပဲ Lukeနေရာမှာ Kofiဆိုတဲ့ လူအခြားတစ်ယောက်ကို ပြောင်းလဲရည်ငံနေပါတယ်။ ဒါကြောင့် Lukeဟာ စိတ်ဓါတ်ကျပြီး လစာနည်းနည်းပဲ ရတဲ့ ကားပစ္စည်းဆိုင် တစ်ခုမှာ ဝင်ရောက်လုပ်ကိုင်နေခဲ့ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ Lukeက ပိုင်ရှင် Robinထံ လခတိုးတောင်းလာတဲ့အခါ Robinက သူဟာ တချိန်က ဘဏ်ဓါးပြတစ်ယောက် ဖြစ်ကြောင်းနဲ့ Lukeကိုပါ သူနဲ့ ပူးပေါင်းပြီး ဓါးပြတိုက်ဖို့ ပြောပါတယ်။ နောက်ပိုင်း Robinနဲ့ Lukeတို့နှစ်ယောက်ဟာ ဘဏ်တွေမှာ ဓါးပြလိုက်တိုက်ပြီး ငွေကြေးအဆင်ပြေ လာပါတော့တယ်။ ဒါကြောင့်လည်း Lukeဟာ Rominaဆီက အချစ်ပြန်ရဖို့ Kofiနဲ့ အပြိုင် ပြန်ကြိုးစားပါတော့တယ်။ နောက်ပိုင်း သူတို့သုံးယောက်ရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းနဲ့ Lukeရဲ့ စွန့်စားခန်းတွေ၊ သူ့ရဲ့သားဖြစ်သူ Jason အရွယ်ရောက် ကြီးပြင်းလာမှုတွေကို စိတ်ဝင်စားအောင် ရိုက်ကူးထားတာတွေ့ရပါတယ်။ အဓိက သရုပ်ဆောင်တွေအဖြစ် Ryan Gosling, Bradley Cooperနဲ့ Eva Mendesတို့ သရုပ်ဆောင်ထားတယ်။ ဒါရိုက်တာ Derek Cianfrance ရိုက်ကူးထားပြီး Focus Featuresမှ ဖြန့်ချိခြင်းဖြစ်ကာ ကြာမြင့်ချိန် မိနစ် ၁၄၀ ဖြစ်ပါတယ်။ မတ်လ ၂၉ ရက်နေ့က အမေရိကန်မှာ စတင်ရုံတင်ခဲ့တာ ဖြစ်ပြီး ဝင်ငွေ ၃၇ သန်းကျော် ရရှိထားကြောင်း သိရပါတယ်။

Ref: www.wikipedia.com

Easy One Mobile

လူကြီးမင်းတို့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့
ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင်
**Easy One Mobile** ဆိုင်ကိုသာ လာခဲ့ပါ။

"စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်။"

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ **Tel: 01-250941**
www.facebook.com/easyonemobile / easyone.mobile@hotmail.com

PROFIT Computer Training Centre 30% Off

**Practical A+ Special Course**

- Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များအပြင် စနစ်တကျပြုပြင်တပ်ဆင်ခြင်း ၊
- Windows XP, 7, 8, Driver, Software, Game Installation,
- DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security , Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ
- Networking ချိတ်ဆက်ခြင်းများအပြင် **CCTV Camera** များ တပ်ဆင် အသုံးပြုပုံများ ထည့်သွင်းသင်ကြားပေးပါသည်။
- **ACER** နှင့် **MSI** မှ Computer Technician များမှ Laptop များအကြောင်းကူညီပံ့ပိုး သင်ကြားပေးမည်ဖြစ်ပါသည်။

**Graphic Design Course + Project**

ကြော်ငြာဒီဇိုင်း၊ ဗီနိုင်း၊ ပြက္ခဒိန် မွေးနေ့ကတ်၊ Phamplet, Logo Design, Visiting Card , Wedding Card များဖန်တီးခြင်း၊ ဓါတ်ပုံအသစ်၊ အဟောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှုတူးခွံဒီဇိုင်းများ၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း၊ CD Sticker Design, Voucher Design, Background Design ၊ လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များဖန်တီးခြင်း၊ Layoutချခြင်း၊ စာအုပ်စာစောင်ဖွဲ့ခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပါသည်။ကိုယ်တိုင် Projectများလေ့ကျင့်ပြုလုပ်ရမည်

*Adobe Photoshop CS5, Adobe Illustrator CS5, Adobe Indesign CS5*

*I-Office , DTP , Advanced Excel , Vedio Editing Course, Animation (2D+3D)Course*

*18(D-5)*, ဦးထွန်းလင်းခြံလမ်း၊ သပြေညို (၁) လှည်းတန်း၊ ကမာရွတ်။ *Phone:09-73084751, 09-420160229*

# "ရန်ကုန်မြို့ရှိ ကား Showroomများ၏ တစ်ပတ်အတွင်း ကားဈေးနှုန်းများ"



## Vauxhall Astra Club

Model: 2008
Engine: 1300 cc
Price: သိန်း 155 ဝန်းကျင်
Contact: Myanmar Motor Trading
Phone : 09-4210-98879



## Honda Fit (Dark-blue)

Model: 2010
Engine: 1300 cc
Price: သိန်း 135 ဝန်းကျင်
Phone : 09-430-81-678



## Toyota Voltz (Black)

Model: 2003
Engine: 1.8 (1800 cc)
Price: သိန်း 189 ဝန်းကျင်
Contact: Yaung Ni Oo Car Showroom
Phone : 09-222-8668



## Toyota Corolla Axio

Model: 2012
Engine: (1300 cc)
Price: သိန်း 240 ဝန်းကျင်
Contact: Yaung Ni Oo Car Showroom
Phone : 09-222-8668



## Toyota Camry (Black)

Model: 2006, Gasoline
Engine: 2.4 cc
Price: သိန်း 360 ဝန်းကျင်
Contact: JPM Car Sale Center
Phone : 01-860-3921, 01-860-3922



## Toyota Mark X (white)

Model: 2010, Gasoline
Engine: 2.5 cc
Price: သိန်း 530 ဝန်းကျင်
Contact: JPM Car Sale Center
Phone : 01-860-3921, 01-860-3922

စည်သူစိုးပိုင် တင်ဆက်သည်။

## Recommended Drive

# KIA *Forte* 2010





Sid

KIAရဲ့ မော်ဒယ်တစ်မျိုးဖြစ်တဲ့ Forteဟာ ၂၀၁၀ခုနှစ်ထုတ် မော်ဒယ်က အရည်အသွေးကောင်းမွန်ပြီး အခိုင်ခံ့ဆုံး ဖြစ်တယ်လို့ ပြောကြပါတယ်။ ဆီတိုင်ကီရဲ့ ဆံ့ဝင်ပမာဏက ၁၃.၇ ဂါလံ ဖြစ်တာကြောင့် ကားအရွယ်အစားနဲ့ မလိုက်အောင်တောင်မှ ထည့်နိုင်တာတွေ့ရပါတယ်။ ရှေ့ဘီးယက် စနစ်ဖြစ်ပြီး ကားရဲ့ အရွယ်အစားက အလျား ၁၇၈.၃ လက်မ၊ မျက်နှာစာ အကျယ် ၆၉.၉ လက်မနဲ့ အမြင့် ၅၇.၅ လက်မ ရှိမှာ ပါ။ တံခါးပေါက် လေးပေါက်ပါရှိပြီး ခရီးသည် ငါးဦးလိုက်ပါစီးနင်းနိုင်မှာ ဖြစ်ပါတယ်။ အားသာချက် အဖြစ်ကတော့ အပြင်ဘက် ဒီဇိုင်းပုံစံက ဆွဲဆောင်မှု ကောင်းတဲ့အပြင် ဆီစားနှုန်းလည်း အထူးသက်သာခြင်းတွေ ဖြစ်ပါတယ်။ နောက်ပြီး လက်ကိုင်ဝိုင်း ကိုင်တွယ် ထိန်းသိမ်းရမှု ကောင်းမွန်ပြီး အာမခံ သက်တမ်းရှည်ကြာစွာ ပေးထားခြင်းတွေကလည်း အားသာချက်တွေ ဖြစ်ပါတယ်။ အားနည်းချက်ကတော့ Four speed automaticဖြစ်တဲ့ အတွက် ဂီယာ Spacing ကြီးမားတာပဲ ဖြစ်ပါတယ်။ ၂.၀ လီတာသုံး အင်ဂျင်ဖြစ်ပြီး ထုတ်ပေးနိုင်မယ့် စွမ်းအင် ပမာဏက မြင်းကောင်ရေ ၁၅၆ ကောင်အား ဖြစ်ပါတယ်။ ဆီစားနှုန်း အထူးသက်သာပြီး ဆီတစ်ဂါလံကို မြို့တွင်းမှာ ၂၅ မိုင်နှုန်းနဲ့ အဝေးပြေး လမ်းတွေပေါ်မှာ ဆိုရင် ၃၄ မိုင်နှုန်းထိ စီးနင်းနိုင်မှာပါ။ အာမခံ အပိုင်းမှာတော့ Customerတွေ ယုံကြည်မှုရှိနိုင်လောက်အောင် မိုင်ပေါင်း ၁၀၀ ၀၀၀ ထိအောင် အာမခံပေးထားပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

## Game Preview




ရထား

ဂိမ်းတွေကတော့ အစုံထွက်နေပါတယ်။ ကျွန်တော်တို့ဆီမှာလဲ အရင်တုန်းကလို ထွက်လာတဲ့ ဂိမ်းအခွေတွေကို အချိန်ကြာကြာ စောင့်စရာ မလိုတော့ပါဘူး။ ထွက်ပြီဆိုတာနဲ့ ရက်ပိုင်းလောက်ဆို ဆော့လို့ရနေပါပြီ။ အခုလတ်တလော ထွက်ထားတဲ့ ဂိမ်းတွေဖြစ်တဲ့ Bioshockတို့ Assassin's Creedလို့ ဂိမ်းတွေ ဆော့နေတဲ့ ဂိမ်းသမားတွေအတွက် ၁၉၆၀လောက်မှာ ဆော့ရမယ့် ဂိမ်းအကြောင်းလေး Preview လုပ်ပေးချင်ပါတယ်။ ဒီဂိမ်းလေးက ခေတ်လွန် ဂိမ်းတွေလို လက်နက်တွေ ဆန်းပြီး ခပ်ကြမ်းကြမ်း ဆော့ရမဲ့ ဂိမ်းမျိုး မဟုတ်ပါဘူး။ ၁၉၆၀လောက်က ဆိုင်ကယ် အကြီးကြီးတွေ စီးတဲ့ လမ်းသရဲကြီးတွေကြားမှာ ဖြစ်ခဲ့တဲ့ ပြဿနာလေးတွေကို ဇာတ်လမ်းဖွဲ့ပြီး ဂိမ်းအဖြစ် ဖန်တီးထားတာပါ။ ဂိမ်းကို ဆော့ရုံတင် မဟုတ်ဘဲ အဲ့ဒီခေတ်ရဲ့ ဆိုင်ကယ်စီး လမ်းသရဲကြီးတွေရဲ့ Cultureတွေကိုပါ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီဂိမ်း ဖန်တီးပေးတဲ့သူက Developer (Eutechnyx) ဖြစ်ပါတယ်။ ထုတ်ပေးတဲ့သူက Dead Island ဂိမ်းကောင်းတွေ ထုတ်တဲ့ Deep Silverပါပဲ ဖြစ်ပါတယ်။ သူ့ဆီက ထွက်လာတဲ့ ဂိမ်းတွေက ကောင်းနေတော့ Ride to Hell: Retributionလည်း ဂိမ်းကောင်းတစ်ခုဆိုတာ သေချာနေပါပြီ။

၁၉၆၀လောက်က လမ်းတွေပေါ်မှာ ကြီးစိုးနေကြတဲ့ လမ်းသရဲတွေကြောင့် အတိတ်က ရန်ကြွေးကို ပြန်ဆပ်ရမယ့် လူတစ်ယောက် ပြဿနာတွေ အများကြီးနဲ့ ခရီးနှင်လာပါတယ်။ Jake Conwayက Ride to Hellရဲ့ ဇာတ်လိုက်တစ်ယောက်ပါ။ သူက ရှိခဲ့ဖူးတဲ့ ရန်ကြွေးတွေကို ပြန်ဆပ်ဖို့အတွက် လမ်းသရဲတွေ သောင်းကျန်းနေတဲ့ မြို့လေးကို ပြန်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာပဲ သူရဲ့ရန်ကြွေးတွေကို လိုက်ဆပ်ပါတော့တယ်။ အုပ်စုလိုက် ဆိုင်ကယ်တွေစီးပြီး သောင်းကျန်းနေကြတဲ့ Rockerကြီးတွေကို တစ်ကိုယ်တော် ပွဲကြမ်းရမယ့် ပုံစံမျိုး ဆော့ရမှာပါ။ ဇာတ်ကားတွေထဲမှာ ပါတဲ့ လမ်းသရဲကြီးတွေထက် ပိုပြီးကြမ်းတဲ့ Street အထာတွေ တွေ့ရဦးမှာပါ။ ဂိမ်းရဲ့ ဇာတ်လမ်းကို ရုပ်ရှင်ဆန်ဆန် Intro ဂင်ပေးထားပြီး ခပ်ကြမ်းကြမ်း မဟုတ်ဘဲ မြို့တစ်ခုလုံးကို ပတ်ပြီးကစားရတဲ့အတွက် ဒီဂိမ်းလေးက ဆော့နေရင်း ငြီးငွေ့စရာတော့ မရှိတာ သေချာပါတယ်။ မြေပုံမှာပါတဲ့အတိုင်း ဆိုင်ကယ်စီးပြီး လမ်းသရဲတွေကို လိုက်ရှာရမှာပါ။ တွေ့တာနဲ့ ဘာမှမမေးနဲ့ သူနိုင်ကိုယ်နိုင် တိုက်ခိုက်ရတော့မှာပါပဲ။ လက်နက်တွေက အကောင်းစားတွေတော့ မဟုတ်ဘူး။ တွေ့ရာနီးစပ်ရာနဲ့ တိုက်ခိုက်နိုင်ပါတယ်။

ဆိုင်ကယ်စီးပြီး လမ်းသရဲတွေနဲ့တွေ့တဲ့အချိန်မှာတောင် ဆိုင်ကယ်ပေါ်ကနေ တိုက်ခိုက်ရဦးမှာပါ။ သေနတ်လည်း ကိုင်ရမှာပါ။ တိုက်ခိုက်ရမှာက လမ်းသရဲတွေ ဖြစ်တဲ့အတွက် သူတို့ ကျက်စားနေတဲ့ ကလပ်တွေ၊ ရပ်ကွက်ထဲတွေကိုပါ ဝင်ပြီး တိုက်ခိုက်ရဦးမှာ။ ဒီလိုမျိုး ဂိမ်းတွေကို ကစားကြည့်တဲ့အခါ Feelတစ်ခုရတဲ့အပြင် အဲ့ဒီခေတ်တုန်းက လူတွေရဲ့ အတွေးခေါ်တွေ Cultureတွေပါ တွေ့ရနိုင်ပါတယ်။ ဒါကြောင့် ဆိုင်ကယ်စီးရင်း လမ်းသရဲတွေကို ဘယ်လို တိုက်ခိုက်မလဲဆိုတာ Juneလထဲမှာ ပြင်ဆင်ထားဖို့လိုပြီ ဖြစ်ကြောင်း Ride to Hell: Retribution ဂိမ်းအကြောင်းလေး ပြောပြလိုက်ပါတယ်။







# ဒီတစ်ပတ်မှာတော့ ၂၀၁၃ ခုနှစ်အထိ PC Game သက်တမ်းတစ်လျှောက် လူကြိုက်အများဆုံး Top Ten PC Gameတွေကို တင်ပြ ပေးလိုက်ပါတယ်

မင်းခန့်




### Injustice: Gods Among Us

Released Date
April 16, 2013
Also On
X360,WIIU,IP




### Dead Island: Riptide (Special Edition)

Released Date
April 23, 2013
Also On
X360,PC




### BioShock Infinite

Released Date
March 26, 2013
Also On
X360,PC,VITA,MAC




### Thomas Was Alone

Released Date
April 23, 2013
Also On
PC,VITA,MAC




### Dragon's Dogma: Dark Arisen

Released Date
April 23, 2013
Also On
X360




### Defiance

Released Date
April 2, 2013
Also On
X360,PC

## NEW PC GAMES FOR THIS WEEK

### Fate Stay Night




Genre - Visual Novel

နာမည်ကြီး Fate Stay Night Series ရဲ့ Visual Novel ဖြစ်ပြီး English ဘာသာဖြင့် ကစားနိုင်မှာပါ။ ကစားသူဟာ သမိုင်းကြောင်း တစ်လျှောက်မှာ အစွမ်းထက်တဲ့ သူရဲကောင်းများရဲ့ Servant Form များကို ဆင့်ခေါ်နိုင်ပြီး Holy Grail War အမည်ရတဲ့ တိုက်ပွဲမှာ ဝင်ရောက် တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။

### Star Trek - The Video Game




Genre - Third Person Shooter

Star Trek ဂိမ်းမှာ Single playerနှင့် Co-Op Mode တို့ပါဝင်ပြီး Co-Op Mode တွင်တော့ ကစားသူနှစ်ယောက်မှာ Captain Kirkနှင့် Spock တို့နေရာမှ ဝင်ရောက် ကစားနိုင်မှာ ဖြစ်ပြီး Spock အနေဖြင့် Vulcan ဂြိုဟ်သား စွမ်းအင်များကို အသုံးပြုနိုင်မှာပါ။ အဓိက ရန်သူတွေကတော့ Gorn အမည်ရ Lizard Alien မျိုးနွယ်စုတွေ ဖြစ်ပါတယ်။

### Mars Warlog




Genre - Action RPG

Mars ဂြိုဟ်မှာ နေရာယူထားတဲ့ Action RPG ဂိမ်းဖြစ်ပြီး ကစားသူဟာ Mars ဂြိုဟ်ပေါ်ရှိ သတ္တဝါဆန်းများ၊ Mutant များနှင့် ရင်ဆိုင်ရမှာ ဖြစ်သလို မိမိစိတ်ကြိုက် Faction အဖွဲ့များဘက်မှ ဝင်ရောက်၍ မတူညီသော Side Quests များ၊ Endings များကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

### Assassin's Creed 3-Tyranny of King Washington Episode 3




Genre - Stealth/ Action

Assassin's Creed 3 ဂိမ်းရဲ့ Expansion အသစ်ဖြစ်ပြီး မူလဇာတ်လမ်းအဆက် Alternate Dimension နေရာတစ်ကနေ ဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။ King Washington Trilogy ရဲ့ ဇာတ်သိမ်းဖြစ်ပြီး ယခင် Gameplay Features တွေအပြင် ဝံပုလွေ၊ သိမ်းငှက်တို့ရဲ့ အစွမ်းတွေ ရရှိမှာ ဖြစ်ပါတယ်။

နေအောင်လတ် တင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

# Ford၏ စွမ်းအင်နှစ်မျိုးသုံး Hybrid ကားများ ရောင်းအား တက်



Image Credit: www.ford.com

TZO

အမေရိကန် နိုင်ငံ၌ စွမ်းအင်နှစ်မျိုးသုံး (Hybrid)ကားများ ရောင်းချရမှုတွင် တိုယိုတာ ကုမ္ပဏီထုတ် ကားများက ဆက်လက် စိုမိုးနေသော်လည်း Fordကုမ္ပဏီထုတ် စွမ်းအင်နှစ်မျိုးသုံး Fusionနှင့် C-Maxကားများမှာလည်း သိသာစွာ ရောင်းအားတက်လာကြောင်း သိရသည်။ တိုယိုတာ ကုမ္ပဏီက Hybridဈေးကွက်၏ ထက်ဝက်ကျော်ခန့် စိုးမိုးထားဆဲ ဖြစ်သော်လည်း ဖို့ဒ်၏ စွမ်းအင်နှစ်မျိုးသုံး Hybridကားများ ရောင်းချရမှုမှာ ဧပြီလအတွင်း ၁၈ရာခိုင်နှုန်း တိုးတက်လာခဲ့သဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ ယမန်နှစ်က တစ်နှစ်အတွင်း ရောင်းချခဲ့ရသော စွမ်းအင်နှစ်မျိုးသုံး ကားအရေအတွက် ၃၅,၄၉၆စီးကိုလည်း ယခုလအတွင်း ကျော်ဖြတ်နိုင်မည်ဟု ဖို့ဒ်ကုမ္ပဏီက မျှော်လင့်ထားသော်လည်း ဖို့ဒ်ကားကုမ္ပဏီအနေဖြင့် Hybrid ကားဈေးကွက်၌ တိုယိုတာအား အမီလိုက်ရန် အရှိန်မြှင့် လုပ်ဆောင်ရမည်ဖြစ်သည်။ တိုယိုတာသည် ပြီးခဲ့သည့် နှစ်က ယင်းကားအမျိုးအစားများ အစီးရေ ၂၃၆,၀၀၀အထိ ရောင်းချခဲ့ရပြီး ယခုနှစ်တွင်လည်း ထို့ထက်ပိုမို ရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

# ဂျာနယ်လစ်များ အသတ်ခံရမှုကိစ္စ ဖြေရှင်း မပေးနိုင်သေး

TZO

အေအက်ဖ်ပီ သတင်းတစ်ခုတွင် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း မက္ကဆီကို၌ ဂျာနယ်လစ် ၈၄ဦး အသတ်ခံခဲ့ရပြီး လွန်ခဲ့သော ရှစ်နှစ်အတွင်း ဂျာနယ်လစ် ၂၀ကျော် ပျောက်ဆုံးခဲ့ရာ ယင်းရာဇဝတ်မှု အားလုံး၏ ၉၁ရာခိုင်နှုန်းကို အာဏာပိုင်များက ဖြေရှင်းပေးရန် ပျက်ကွက်ခဲ့ကြောင်း မက္ကဆီကို အစိုးရအပေါ် ပြည်သူများ၏ အမြင်တင်မှုကို စုံစမ်းစစ်ဆေးသည့် အရာရှိက မေလ ၃ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။ ပြီးခဲ့သော ဆယ်စုနှစ်အတွင်း မီဒီယာကုမ္ပဏီ ၃၉ခုသည် တိုက်ခိုက်မှု ခံခဲ့ရကြောင်း ဂျာနယ်လစ်များ တိုက်ခိုက်ခံရမှုများအနက် ၁၂ခုကိုသာ ရာဇဝတ်ကြောင်းအရ အပြစ်ပေးနိုင်ခဲ့ကြောင်း "ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့"တွင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ဂျာနယ်လစ်များ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လုံခြုံရေး ပေးသင့်ကြောင်း၊ ဂျာနယ်လစ်များအပေါ် ရာဇဝတ်မှုများ ကျူးလွန်ပါက ထိရောက်စွာ စုံစမ်းစစ်ဆေး အပြစ်ပေးသင့်ကြောင်း ယင်းအရာရှိက တိုက်တွန်းခဲ့ပြီး ပြစ်မှု ကျူးလွန်သော်လည်း ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရနေခြင်းသည် ရာဇဝတ်မှုများ ကျူးလွန်စေရန် အားပေးသလို ဖြစ်နေကြောင်းလည်း ယင်းကော်မရှင်က ထောက်ပြခဲ့သည်။

မက္ကဆီကိုနိုင်ငံသည် ကမ္ဘာပေါ်တွင် ဂျာနယ်လစ်များအတွက် အန္တရာယ်အများဆုံး နိုင်ငံများ အထဲတွင် တစ်နိုင်ငံ ဖြစ်သည်။ မက္ကဆီကိုတွင် ၂၀၀၆ခုနှစ် နောက်ပိုင်း မူးယစ်ဂိုဏ်းများ ဖြိုခွင်းမှုနှင့် မူးယစ်ဆေး ဆက်နွှယ်သော ရာဇဝတ်မှုများကြောင့် လူ ၇၀,၀၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။ ထို့အပြင် အေအင်န်အင်န် သတင်းတစ်ရပ်တွင်လည်း ဖိလစ်ပိုင်သည် ဂျာနယ်လစ်များ အသတ်ခံရမှုနှုန်း တတိယမြောက် အမြင့်ဆုံးနိုင်ငံ ဖြစ်နေဆဲ ဖြစ်ကြောင်း အမေရိကန် အခြေစိုက် ဂျာနယ်လစ် အဖွဲ့အစည်းတစ်ခု ဖြစ်သော ဂျာနယ်လစ်များအား ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (CPJ)မှ မေလ ၂ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ CPJမှ ထုတ်ပြန်သော အဆိုပါ စာရင်းတွင် ဖိလစ်ပိုင်သည် ၁၉၉၂ခုနှစ်ကတည်းက ယခုတိုင် မဖြေရှင်းရသေးသည့် ဂျာနယ်လစ်များ အသတ်ခံရမှု ၅၅မှုကြောင့် ဂျာနယ်လစ်များအတွက် တရားမျှတမှု မရှိဘဲ ဂျာနယ်လစ် သေဆုံးမှု အများဆုံး တတိယမြောက်နိုင်ငံအဖြစ် လေးနှစ်ဆက်တိုက် ရပ်တည်နေကြောင်း သိရသည်။

၎င်းစာရင်းသည် ကမ္ဘာ့နိုင်ငံများတွင် ဂျာနယ်လစ်များ အသတ်ခံရမှုနှုန်းနှင့် အစိုးရများ၏ အရေးယူ ဖြေရှင်းမှုများကို အညွှန်းကိန်းချ၍ အဆင့်သတ်မှတ်ခြင်း ဖြစ်ရာ ဖိလစ်ပိုင်၏ အညွှန်းကိန်းသည် ၀ဒသမ ၅၈၀ဖြစ်ပြီး၊ အီရတ်က ၂ဒသမ ၈၁၈ဖြင့် နံပါတ်တစ်နေရာနှင့် ဆိုမာလီယာက ၂ဒသမ ၃၉၆ဖြင့် နံပါတ်နှစ်နေရာ အသီးသီး ရရှိခဲ့ကြသည်။ ယင်းသို့ ဂျာနယ်လစ်များ အသတ်ခံရမှုအား အရေးယူ မဆောင်ရွက်နိုင်ခြင်းကို ပြောင်းပြန်လှန်ပစ်မည်ဟု ဖိလစ်ပိုင် သမ္မတ ဘင်နစ်နို အကွီနိုက ကြွေးကြော်ထားခဲ့သော်လည်း ယနေ့တိုင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသေးကြောင်း CPJမှ အရှေ့တောင်အာရှဆိုင်ရာ အကြီးတန်း ကိုယ်စားလှယ်ရှောန်ခရစ်ပင်က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်တွင် ၂၀၀၁ခုနှစ်မှ ၂၀၁၁ခုနှစ်အတွင်း ဂျာနယ်လစ် ၃၉ဦး အသတ်ခံခဲ့ရကြောင်း သိရသည်။

# American Sniper ဝတ္ထုအား စပီးဘာဂ်က ရုပ်ရှင် ရိုက်မည်

TZO

အိုစမာဘင်လာဒင်ကို နှိမ်နင်းရာတွင် ပါဝင်ခဲ့သော Navy SEAL အဖွဲ့ဝင်ဟောင်း ခရစ်ကယ်လီ၏ American Sniper ဝတ္ထုကို ဒါရိုက်တာ စတီဗင်စပီးဘာဂ်က ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးရိုက်ကူးမည် ဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။ ၂၀၁၂ခုနှစ်က ထွက်ရှိခဲ့သည့် ၎င်းဝတ္ထုသည် ကယ်လီ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်ပြီး ရောင်းအားအကောင်းဆုံး စာအုပ်စာရင်းတွင် ဖော်ပြခြင်း ခံခဲ့ရသည်။ အမေရိကန် စစ်တပ်သမိုင်းတွင် အတော်ဆုံး လက်ဖြောင့် သေနတ်သမား တစ်ဦးအဖြစ် သတ်မှတ်ခံရသည့် ကယ်လီသည် ရန်သူ ၁၆၀ဦးကို ပစ်သတ်ခဲ့သည်ဟု သိရပြီး ၂၀၁၂ခုနှစ်တွင် တက္ကဆက်ပြည်နယ် မြောက်ပိုင်း၌ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း သိရသည်။ ဒါရိုက်တာ စပီးဘာဂ်သည် အဆိုပါ ဇာတ်ကားကို သရုပ်ဆောင် ဘရက်ဒ်လေကူးပါးနှင့် ရိုက်ကူးရန် စီစဉ်ထားပြီး Dream Worksနှင့် Wanner Bros စတူဒီယိုတို့ ပူးတွဲထုတ်လုပ်မည့် အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဂျေဆန်ဟောလ်က ရေးသားမည် ဖြစ်သည်။ယင်းရုပ်ရှင် ဇာတ်ကားရိုက်ကူးမှုကို ၂၀၁၄ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ရိုက်ကူးရန် စပီးဘာဂ်က မျှော်မှန်းထားကြောင်း Dream Works၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု သိရသည်။



Image Credit: www.salon.com

# ပြည်ပရောက် မြန်မာတို့၏ တရားဝင်လွှဲငွေ တစ်နှစ်အတွင်း ကျပ် ၈ဘီလီယံကျော်ရှိ

TZO

နိုင်ငံတကာနှင့် ချိတ်ဆက်ထားသော ဘဏ်များမှ တစ်ဆင့် ပြည်ပရောက် မြန်မာများ၏ ပြည်တွင်းသို့ တရားဝင် လွှဲငွေမှာ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလမှ ယခုနှစ် မတ်လကုန်အထိ တစ်နှစ်အတွင်း ကျပ် ၈ဘီလီယံကျော် ရှိကြောင်း အလုပ်သမား ဝန်ကြီးဌာန၏ ငွေလွှဲဝင်ရောက်မှု စာရင်းများအရ သိရသည်။ အဆိုပါ စာရင်းဇယားများမှာ မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ဘဏ်များသို့ တရားဝင် လွှဲပြောင်းခဲ့သော ငွေစာရင်းများ ဖြစ်ပြီး အဆိုပါ ဘဏ်များမှာ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ်တို့မှတစ်ဆင့် ဝင်ရောက်လာခြင်း ဖြစ်သည်။

ယင်းသို့ တရားဝင်လွှဲငွေများသာ စာရင်းသိနိုင်ပြီး ဟွန်ဒီဖြင့် ငွေလွှဲမှုများလည်း ရှိနေဆဲ ဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ စီးဝင်ငွေ မည်မျှ ရှိမည်ကို မခန့်မှန်းနိုင်ကြောင်း ဘဏ်လုပ်ငန်းရှင်များက ပြောကြားသည်။ ဟွန်ဒီမှာ တရားဝင် လုပ်ကိုင်ဆောင်ရွက်နေသော ငွေလွှဲလုပ်ငန်းတစ်ခု မဟုတ်သည့်အတွက် ဟွန်ဒီနှင့် ငွေလွှဲသူ အရေအတွက်နှင့် ပမာဏများအား စနစ်တကျ မှတ်တမ်းတင်နိုင်ခြင်း မရှိကြောင်း သိရပါသည်။ စင်ကာပူနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်သူ အများစုမှာ ဘဏ်စနစ်ဖြင့် တရားဝင် ငွေလွှဲသူ များပြားပြီး မလေးရှား၊ ထိုင်းနိုင်ငံတို့ရှိ မြန်မာလုပ်သားများမှာ ဟွန်ဒီကိုသာ အားကိုးကြကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်၍ အလုပ်လုပ်နေသူ မြန်မာနိုင်ငံသား အများစုမှာ မိသားစုထံ လွှဲငွေများကို ဘဏ်များမှတစ်ဆင့် တရားဝင် လွှဲပို့နိုင်သော်လည်း ဘဏ်ဖွင့်ချိန်နှင့် အားလပ်ချိန် မတိုက်ဆိုင်သောကြောင့် ဟွန်ဒီကိုသာ အသုံးပြု၍ ငွေလွှဲရကြောင်း အဆိုပါ မြန်မာနိုင်ငံသားများနှင့် ဟွန်ဒီလုပ်ငန်း လုပ်ကိုင်နေသူတို့က ပြောကြားသည်။ ထိုင်းနှင့် မလေးတို့မှ တရားဝင် ငွေလွှဲသူ နည်းပါးပြီး ဘဏ်ဖွင့်ချိန်၊ ပိတ်ချိန်များမှာ ယင်းနိုင်ငံမှ ဘဏ်များနှင့်သာ သက်ဆိုင်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်းများအတွက် ပြည်ပ ရင်းနှီး မြှုပ်နှံမှုများ ဖိတ်ခေါ်

TZO

ရန်ကုန်မြို့တော် ကုန်သည်ကြီးများဟိုတယ်တွင် မေလ၆ရက်နေ့က ပြုလုပ်သည့် မြို့ပြပြုပြင် ပြောင်းလဲရေး ဖြစ်စဉ်များတွင် ပြည်ပနည်းပညာနှင့် အရင်းအနှီးများ ရရှိရန် နိုင်ငံ ၁၂နိုင်ငံမှ ကိုယ်စားလှယ် နှစ်ရာနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အကြီးအကဲများ ဆွေးနွေးပွဲ၌ ပြည်ထောင်စု ဝန်ကြီးဦးကျော်လွင်က မြန်မာနိုင်ငံ၏ အသီးသီးသော မြို့ပြစီမံကိန်းများ အကောင်အထည် ဖော်ရန် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ လက်ရှိ ဆောင်ရွက်နေသည့် ကဏ္ဍစုံ အမျိုးသား ဖွံ့ဖြိုးရေး စီမံချက်(National Comprehensive Development Plan)တွင် နိုင်ငံတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကဏ္ဍပေါင်းစုံ တိုးတက်မှုကို ထည့်သွင်း ရေးဆွဲထားသဖြင့် မြန်မာနိုင်ငံ၏ မြို့ပြ ဖွံ့ဖြိုးမှုကဏ္ဍမှာ တိုးတက်ပြောင်းလဲရန် အလားအလာကောင်းများ ရှိကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ အကြီးအကဲများ တက်ရောက်ကာ လက်ရှိမြို့ပြ စီမံကိန်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်းများတွင် နိုင်ငံခြား လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု ရှိသော်လည်း ယခုအချိန်အထိ အလုပ်လုပ်ရန် စာချုပ်ချုပ်ခြင်း၊ ကမ်းလှမ်းခြင်း မရှိသေးကြောင်းလည်း သိရသည်။ ယင်းဆွေးနွေးပွဲကို အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (AGD), URA Singapore, Arup Cambodia, Aedas Singapore, Keppel Land စသည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ICT JOURNAL MYANMAR အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
THE WEEK OF MAY 13 - 19, 2013


# မြန်မာပြည်ကြီး မပြောင်းလဲသေးပါ

မနောဖြူလေး


Image Credit: www.channelnewsasia.com

ကမ္ဘာမှာ ဖွံ့ဖြိုးမှု နောက်ကျနေသည့်၊ စက်မှု မထွန်းကားသည့်၊ ဆင်းရဲမှု မပပျောက်သေးသည့် နိုင်ငံများမှာ ဖွံ့ဖြိုးမှု ဖြစ်လာရန် နိုင်ငံတကာ ဖွံ့ဖြိုးမှု အေဂျင်စီများမှာ လုပ်ကိုင်နေသည့် ပညာရှင်များသည် နည်းလမ်း အမျိုးမျိုးကို ရှာဖွေခဲ့သည်။ ကမ္ဘာ့ဘဏ်တို့လို နိုင်ငံတကာ ဖွံ့ဖြိုးမှု အကူအညီတွေကို ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ပေးအပ်နေသည့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးမှု အကူအညီ ပေးသည့်ပုံစံများ (Development Aid Models) ပြောင်းလဲလာသည်ကိုလည်း တွေ့ရသည်။ စစ်ပြီးကာလမှာ ၎င်းတို့ပေးသည့် ဖွံ့ဖြိုးမှု အကူအညီ အများစုသည် စက်ရုံအလုပ်ရုံများ၊ လမ်းပန်း ဆက်သွယ်ရေး ကဲ့သို့သော အခြေခံ အဆောက်အအုံများ တည်ဆောက်ရန်အတွက် ပေးသည့် အကူအညီများ ဖြစ်သည်။ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာရှင်များက သုံးသပ်သည်မှာ ဒုတိယ ကမ္ဘာစစ်ပြီး လွတ်လပ်ရေး ရရှိသွားသည့် အာဖရိကတိုက်နှင့် အာရှရှိ နိုင်ငံများတွင် ဖွံ့ဖြိုးမှု နောက်ကျနေရခြင်းမှာ ကုန်ထုတ်စွမ်းအား (Productivity) ကို တိုးတက်စေသည့် အရင်းအနှီးများ မပြုလုပ်နိုင် သောကြောင့် ဖြစ်သည်။

ယခုပြောချင်တာကတော့ ပြောင်းလဲမှုတွေ လုပ်နေသည့် ကြားကာလ အတွင်း ယခုချိန်တိုင် ပြောင်းလဲမှုတွေ မတွေ့ရှိရသေးပါ။ ဘာကြောင့် ပြောင်းလဲမှုတွေ နေးကွေးနေသလဲဆိုတာ စဉ်းစားစရာ ဖြစ်လို့ နေပေသည်။ လူတစ်ဦးချင်း တစ်ယောက်ချင်းရဲ့ ကိုယ်ရည်ကိုယ်သွေး မတိုးတာကြောင့်လို့ ထင်မြင်မိပါသည်။ လူတိုင်း လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြောင်းလဲမှုကို လိုချင်တဲ့ ဆန္ဒများသာ ပြင်းပြနေသော်လည်း ကိုယ်တိုင်ကမူ ပြောင်းလဲမှုနဲ့ အံဝင်ခွင်ကျ လိုက်လံပြောင်းလဲရန် စိတ်ကူး မရှိကြခြင်းလည်း ဖြစ်နိုင်ပေသည်။ မည်သူမဆို ကိုယ် ဘာမှားနေသလဲ ဆိုတာ စဉ်းစား စိတ်ကူး မကြည့်ကြပဲ ဘယ်သူက ဘယ်နေရာမှာ မှားယွင်းနေသလဲ ဆိုတာမျိုးသာ လိုက်လံ ဝေဖန်သုံးသပ် နေပေတော့သည်။ ရှင်းရှင်းပြောရရင်တော့ ကိုယ့်မျက်ချေး ကိုယ်မမြင်ပဲ သူများမျက်ချေး လိုက်ကြည့်နေကြသူတွေ များပြားနေပေသည်။ ဒီလို ဘာကြောင့် ပြောရသလဲဆိုရင်ဖြင့် ပြီးခဲ့တဲ့ သင်္ကြန် တွင်းကာလ အညာဒေသဘက်သို့ ဘုရားဖူး ထွက်စဉ်မှာ မြင်တွေ့ရတာတွေ ကတော့ အလွန်တစ်ရာမှ စိတ်မချမ်းမြေ့ဖွယ်ရာတွေပါပဲ။ ပြောင်းလဲဖို့အတွက် မြို့ပေါ်တွင်ပဲ လုပ်နေလို့ ပြောင်းလဲမလာပါဘူး။ တောရွာတွေ၊ မြို့နဲ့ဝေးပြီး အတွေးအခေါ် မဖွံ့ဖြိုးသေးတဲ့ ဒေသတွေပါ ပြောင်းလဲဖို့ လိုလာပါသည်။ ဘယ်နေရာမှ မကြည့်ပါနဲ့ဦး တစ်နှစ်တစ်ခါ ဘုရားပွဲတော် မြိမ့်မြိမ့်သဲသဲ ကျင်းပပြီး မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူး ဧည့်သည်များအပြင် နိုင်ငံတကာမှ နိုင်ငံခြားသား ခရီးသွား ဧည့်သည်များပါ တိုးမပေါက်အောင် စည်ကားလှသည့် ရွှေစက်တော် ဘုရားပွဲတော်ပင် ဖြစ်ပါသည်။ အထက် စက်တော်ရာ အတက်စောင်းတန်းများတွင် လူကြီး၊ လူငယ် မရွေး တောင်းရမ်း စားသောက်နေသော လူအများအပြားကို တစ်နှစ်ထက် တစ်နှစ် ပိုမို တိုးတက် များပြားလာတာကို တွေ့ရှိခဲ့ရပါသည်။ နိုင်ငံခြားသားများ အထင်အမြင် သေးစရာ အဖြစ် မပြောနဲ့ ကိုယ့်မြန်မာအချင်းချင်းတောင် ခြေ၊ လက် အကောင်း ကိုယ်ခန္ဓာ မချွတ်ယွင်းပဲ အသက်ငယ်ငယ် ပိုက်ဆံတောင်း နေကြသော သူများကို ကြည့်ပြီး စိတ်လည်း ပျက်မိသလို ဘယ်လို အတွေးအခေါ်တွေနဲ့ ဘဝကို ဖြတ်သန်းနေကြသလဲ၊ ဒီလိုလူမျိုးတွေ ဘယ်လောက်တောင် များပြားနေသလဲ လွယ်လွယ်ရ၊ လွယ်လွယ်သုံး၊ အများသူငှာ အလှူဒါနကို ဒီလိုမျိုးနဲ့တော့ အလွဲသုံးစား မလုပ်သင့်ဘူးလို့ မြင်မိပါသည်။ အရင်တုန်းကတော့ ကျိုက်ထီးရိုး သွားတုန်းကပဲ လမ်းပြင် နေသော သူများနဲ့ သက်ကြီးရွယ်အိုများ တောင်းရမ်းတာ မြင်ဖူးခဲ့ပါသည်။ ယခုတော့ ဒီဘုရားပွဲတော်မှာ ဒီလိုမျိုး ပုံစံတွေနဲ့ မြင်မိတော့ ဘုရားဖူး ဧည့်သည်များကို စိတ်ကသိကအောင့် ဖြစ်မယ်လို့ ထင်ပါသည်။ နောက်ပြီး ဒီလိုမျိုးကို ဘုရားမှာ တာဝန်ရှိသူများ ထားရှိနေသလား ဆိုတာလည်း စဉ်းစားစရာ ဖြစ်လို့နေပါသည်။ စပ်စပ်စုစု မေးကြည့်တော့ ဒီလို တောင်းစား နေသူများသည်လည်း အခွန်ဆောင်ရသည်လို့ သိရှိရပါသည်။ အလွန်တစ်ရာ အံ့သြပေစွ။

နောက် ရွှေစက်တော် ညဥ့်နက်ပိုင်း မန်းချောင်းထဲတွင် ရေငုပ် ငါးရှာ၊ ဖားရှာများလည်း တစ်နေ့ကို ၁၅ဝဝ အခွန်ဆောင်ရသည်လို့ သိရှိရပါသည်။ တည်းခိုဆောင် စရိတ်များသည်လည်း ပွဲတော်အတွင်း ဈေးနှုန်းများကို တစ်နေ့ထက် တစ်နေ့ မတူပဲ ဈေးနှုန်းများ မြင့်တက်စွာ ငှားရမ်း နေထိုင်ခဲ့ ရပါသည်။ နောက် အညာဒေသ တစ်ပိုက် လမ်းများတွင်လည်း ရွာတစ်ရွာ ရောက်တိုင်း အမှန်တကယ် အလှူခံများအပြင် အုပ်စုဖွဲ့ပြီး ဖလားတစ်လုံးနဲ့ လူကြီးမပါ ဘာအတွက် ညာအတွက် မပြောပဲ အလှူခံကြ သူများလည်း ရွာတိုင်းနီးပါး လိုလိုပင် ဖြစ်လို့နေပါသည်။ တချို့အလှူခံများသည် ဘာအတွက် အလှူခံတာလို့ ပြောဆိုကြသည့် အပြင် အလှူခံမဏ္ဍာပ် ရောက်တိုင်း ဒေသ အစားအစာများကို ကျွေးမွေး နေကြသည်မှာလည်း အညာဒေသရဲ့ ချစ်စရာ ဓလေ့တစ်ခု အဖြစ် သိမှတ်ခဲ့ရပါသည်။ အလှူ အတန်းအတွက် များများ လှူနိုင်အောင်လည်း ဘုရားမှာ လှူပြီး ဘုရားစောင်းတန်း တစ်လျှောက်တွင် အကြွေလဲလှယ်နေကြသူများလည်း နေရာတိုင်းပင် တွေ့ရှိခဲ့ရပါသည်။ တစ်ထောင်ကို ကိုးရာမျိုးနဲ့ လဲလှယ်ခဲ့ ရပါသည်။ ကျွန်မသည်လည်း လဲလိုက် လှူလိုက်နဲ့ အလှူအတွက် နံစပ်အောင် အတော် ခရီးရောက်ခဲ့ပါသည်။ ဒီနောက် ပုဂံ- ညောင်ဦးဘက်သို့ ခရီးဆက် ထွက်လာခဲ့သောအခါ အညာဒေသ၏ လူ့ယဉ်ကျေးမှုသည်လည်း သိပ်ပြီး မတွေ့ရှိရသလောက်ပင် ဖြစ်ပါသည်။ သင်္ကြန်ကာလ ခရီးသွားသော အခါ ရေပက်ခံကားများဖြင့် ထိပ်တိုက် တွေ့ရှိပါသည်။ ရေပက်ခံကား မဟုတ်ပဲ ဘုရားဖူးကား ဖြစ်ကြောင်း ရေလောင်းတာ တော်ရုံပဲ လောင်းသင့်ကြောင်း ပြောသောအခါ ဒေသခံ လူငယ်များသည် ရိုက်မယ် နက်မယ်ပုံစံမျိုးများ အသွင်ကို တွေ့ရှိရသည့်အခါ မြို့ကြီးပြကြီးထက်တောင် အလွန် ဆိုးဝါးနေ ပါသလားလို့ ထင်မိပါသည်။

ရှေးတုန်းကတော့ ဒီလို ဒေသများတွင် အခက်အခဲ ဖြစ်သူများကို အလွန်တစ်ရာ ကူညီတတ်သည့် မြန်မာ့ဓလေ့ စရိုက်များ ဘယ်တွေများ ရောက်ကုန်ကြပါလိမ့်။ ရှေးဘုရင်များ လက်ထက်ကတော့ ပုဂံဒေသတွင် ကျွန်ရွာများ ရှိသည်လို့ သိမှတ်ခဲ့ရပေမယ့် တောင်းရမ်း စားသောက်နေသော သူများကို ပုဂံဘုရားများတွင် သိပ်မတွေ့ရှိခဲ့ရပါ။ လမ်းများတွင် ကလေးများ အုပ်စုဖွဲ့ပြီး လာသမျှ ခရီးသွား ကားများနောက် ပြေးလိုက်နေသည်မှာလည်း အလွန်တစ်ရာ အသက်အန္တရာယ် ကြီးလှပါသည်။ မိဘများက မဟန့်တားပဲ သူတို့ဝမ်းစာ သူတို့ ရှာစားနေကြတာလို့များ တွေးထင်ထားကြသလား ဆိုတာ မသိနိုင်ပေ။ ဒီလို ခရီးသွား ရာသီမျိုးမှာ နိုင်ငံတကာက မြန်မာနိုင်ငံရဲ့ အထင်ကရ နေရာများကို လာရောက် လှည့်ပတ်တဲ့အခါ နိုင်ငံရဲ့ ကျက်သရေ ယုတ်လျော့စေတဲ့ အပြုအမူများကို အမြန် ပြောင်းလဲသင့်နေပြီ ဆိုတဲ့ အကြောင်းနှင့် ပြုပြင် ပြောင်းလဲမှုများကို နိုင်ငံနဲ့ အဂ္ဂမ်း တစ်ပြေးညီ ပြောင်းလဲ သင့်ပြီ ဖြစ်ကြောင်း မြင်တွေ့ သိမှတ်ခဲ့သမျှကို ရေးသား တင်ပြလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

# ဗြိတိန်အစိုးရ၏ စာနယ်ဇင်း စောင့်ကြည့်ရေး အဖွဲ့ ဖွဲ့ရန်အစီအစဉ်ရွှေ့ဆိုင်း

TZO

အစိုးရ ကျောထောက်နောက်ခံပြု စာနယ်ဇင်း စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းမည့် အစီအစဉ်ကို ကန့်ကွက်ကာ ဗြိတိန်သတင်းစာများက ကိုယ်ပိုင် စည်းမျဉ်း၊ စည်းကမ်းသစ်များ ပြဋ္ဌာန်းခဲ့ပြီးနောက် ဗြိတိန်အစိုးရက ယင်းတို့၏ အစီအစဉ်ကို ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မ ရွန်း၏ ရုံးမှ မေလ ၃ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း AFP သတင်းတစ်ရပ်အရ သိရသည်။ ယင်းစာနယ်ဇင်း စောင့်ကြည့်ရေး အဖွဲ့ဖွဲ့စည်းခွင့် ရယူရန် ဒုတိယ ဝန်ကြီးချုပ် နစ်ခ်ကလက်ဂ်က မေလ ၁၅ရက်နေ့တွင် တင်ပြရန် စီစဉ်ထား သော်လည်း ယခုအခါ ရက်အတိအကျမရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ဝန်ကြီး ချုပ်ရုံး ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

News of the world သတင်းစာ အပါအဝင် ကမ္ဘာကျော် မီဒီယာ လုပ်ငန်းရှင် ရုပတ်မာဒေါ့ချ်၏ မီဒီယာများက ထင်ပေါ် ကျော်ကြားသူများနှင့် တော်ဝင်မျိုးနွယ်များ၏ ဖုန်းများကို တရားမဝင် ကြားဖြတ်ခိုးယူ နားထောင် နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ဗြိတိန်နာမည်ကျော် သတင်း စာများ၏ တရားလွန် တစ်ဖက်စောင်းနင်း ဖော်ပြမှုများကို ထိန်းချုပ်ရန် လိုအပ်သည်ဟု ဆိုကာ စာနယ်ဇင်း စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရန် အဓိက သုံးပါတီက ပြီးခဲ့သည့် မတ်လအတွင်း သဘောတူညီခဲ့ခြင်း ဖြစ်သည်။

ဗြိတိန် အစိုးရ၏ အဆိုပါ အစီအစဉ်သည် ဗြိတိန်၏ နှစ် ၃ဝဝသက်တမ်းရှိ စာနယ်ဇင်း လွတ်လပ်ခွင့်အား ခြိမ်းခြောက်မည့် တော်ဝင်လုပ်ပိုင်ခွင့်ဟု စာနယ်ဇင်းသမားများက ခေါ်ဝေါ်သမုတ်ကြကာ ကိုယ်ပိုင် စည်းမျဉ်းဥပဒေကို ပြီးခဲ့သည့် သီတင်းပတ် အတွင်းက ထုတ်ဖော်ပြခဲ့ပြီး အစိုးရ၏ အစီအစဉ်အား ကန့်ကွက်ခဲ့ကြသည်။ သတင်းစာ သမားများ၏ ယင်းကိုယ်ပိုင် စည်းမျဉ်း ဥပဒေသည် နိုင်ငံတော်၏ ပါဝင်ပတ်သက်မှု မရှိဘဲ အာဏာသက်ရောက်မည် ဖြစ်ကြောင်း သိရသည်။



Image Credit: www.uk.news.yahoo.com

အစိုးရနှင့် သတင်းစာလုပ်ငန်း အဖွဲ့တို့၏ စည်းမျဉ်းဥပဒေနှစ်ရပ်စလုံးသည် သတင်းစာများ၏ အမှားများကို ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၁၁၁မ ဒသန်းအထိ ဒဏ်တပ်နိုင်ပြီး သိသာထင်ရှားစွာ အမှားပြင်ဆင်ချက်များ ဖော်ပြစေမည် ဖြစ်သည်။ သို့ရာတွင် စောင့်ကြည့်ရေးအဖွဲ့မှ ချုပ်ကိုင်မည့် မည်သည့်ဥပဒေရေးရာကိုမျှ လက်ဆင့်မခံပဲ လွတ်လပ်စွာ ထုတ်ဖော်ပြော ကြားခွင့်ကို ခြိမ်းခြောက်နိုင်သည်ဟု ဆိုကာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

# Philips ထုတ်ကုန် သီးသန့် စတိုးဆိုင်များ ဖွင့်ရန် စီစဉ်

PHILIPS

TZO

နယ်သာလန် အခြေစိုက် Philips ကုမ္ပဏီ၏ ထုတ်ကုန် ပစ္စည်းများ သီးသန့် ရောင်းချမည့် စတိုးဆိုင်များကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ရန် စီစဉ်နေကြောင်း၊ The Wall Street ဂျာနယ်တွင် ဖော်ပြချက်အရ သိရသည်။ Philips ကုမ္ပဏီသည် အီလက်ထရောနစ် လူသုံးကုန် ပစ္စည်းများ၊ ဆေးရုံသုံး ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်သို့ တင်သွင်း ရောင်းချရန် စီစဉ်နေပြီး၊ ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချမည့် စတိုးဆိုင်များကို ထပ်မံ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

Philips ထုတ်ကုန်များကို ရောင်းချသည့် စတိုးတစ်ခုကို ပြီးခဲ့သည့်လက ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး ဆက်လက်၍ စတိုးဆိုင် နှစ်ဆိုင်ကို တိုးချဲ့ ဖွင့်လှစ်ရန် စီစဉ်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အီလက်ထရောနစ် ပစ္စည်းဈေးကွက်၊ လျှပ်စစ်ပစ္စည်း ဈေးကွက်နှင့် ဆေးရုံဆေးခန်းသုံး၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စက်ပစ္စည်း ဈေးကွက် သုံးခုသို့ Philipsမှ ဝင်ရောက်ရန် စိတ်ဝင်စားမှု ရှိပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ပစ္စည်း ဈေးကွက်မှာ အလားအလာ ကောင်းကြောင်း၊ Philipsက ခန့်မှန်းထားသည်ဟု သိရသည်။

MYANMAR JOB SEARCH
ဤကလာတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 09-400-028-92 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 09-429-496-7295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 09-732-470-96 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 09-420-718-092 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 09-429-496-7295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 09-514-2775 |

### Engineering

| | |
|---|---|
| NAME | Zin Win Htut |
| SEEKING | Site Engineer, Project Engineer, Site Supervisor & Project |
| AGE | 25 |
| Contact | 09-428-113-322 |
| NAME | Ei Khine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 09-420-026-349 |
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 09-735-516-02 |

### Other

| | |
|---|---|
| NAME | Mg Nyi Nyi Soe |
| SEEKING | Legal |
| AGE | 24 |
| Contact | 09-420-079-70 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 09-400-028-928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 09-429-496-7295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 09-732-218-83 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phyo Thi Ha |
| SEEKING | Software Engineer/ Developer |
| AGE | 25 |
| Contact | 09-421-017-745 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-100-5209 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 09-429-496-7295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 09-506-8854 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 09-450-020-858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-432-066-36 |

### Accounting

| | |
|---|---|
| NAME | eikhine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 420026349 |
| NAME | Thet Mon Soe |
| SEEKING | Accountant |
| AGE | 26 |
| Contact | 949594853 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 09-401-531-18 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 09-421-100-204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (suitable) |
| AGE | 23 |
| Contact | 09-429-496-7295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 09-731-483-91 |

### Logistics, Transport and Supply

| | |
|---|---|
| NAME | Phyo Si Thu Nyunt |
| SEEKING | Warehouse Supervisor |
| AGE | 28 |
| Contact | 09-731-096-21 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 09-430-514-96 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 09-472-244-40 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Profit Computer Training Centre

| | | |
|---|---|---|
| VACANT | Networking and Server | 2 |
| | Web Designer | 2 |
| | Graphic Designer | 2 |
| | Computer Basic DTP | 2 |
| PHONE | 09-420-160-229, 09-730-847-51 | |
| ADDRESS | Yangon. | |

### GLASS PALACE MANUFACTURING CO., LTD.

| | | |
|---|---|---|
| VACANT | Accounting | 1 |
| PHONE | 01-400-194 | |
| ADDRESS | NO.9 SOUTH HORSE RACE COURSE RD, TAMWE TOWNSHIP, YANGON, MYANMAR | |

### Isola Garden Cafe and Restaurant

| | | |
|---|---|---|
| VACANT | Service Crew | |
| | Data Entry | 4 |
| | Administrative Assistant | 2 |
| PHONE | 01-532-124 | |
| ADDRESS | 80 University Avenue Rd, Bahan T/S, Yangon, Myanmar | |

### Pytheas Infosys Pte Ltd

| | | |
|---|---|---|
| VACANT | PHP Developer | 5 |
| PHONE | +65 97928305 | |
| ADDRESS | Singapore Management University, Victoria St, Singapore Postal Code:178901 | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive cum Admin Officier | 1 |
| PHONE | 01-154-4221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 652288, 521125, 652320 | |
| ADDRESS | အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive Cum Admin Officier | 2 |
| PHONE | 01-544221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### Apple Ion Co.,Ltd

| | | |
|---|---|---|
| VACANT | Manager | 1 |
| | Marketing Executive | 2 |
| | Marketing Staff | 5 |
| | Driver | 1 |
| | Web Designer | 1 |
| PHONE | 01-525935, 01-534679, 01-524379, 01-505247, 01-5058248 | |
| ADDRESS | No.62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/4S /4 iPad 4/3/2/ Mini, iPod 5/4/ iMac, Macbook Pro , Macbook Air, Samsung S2 /S3/ S4, Note 1/2 & Any Laptop Sony Xperia Z, HTC Butterfly , One & More |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | iPhone 5 , 4S , 4 , 3GS , 3G iPod 5 , 4 , iPad 4 , 3 , 2/ Mini Wifi & Wifi+3G Samsung S2 , S3 , S4/ Grand , Note 1 , Note 2 ,Note 8.0,Any Samsung Tablet Sony Xperia Z , T , TX , Ion , S , SL , Acro S , J , P , U , E , V /Sola HTC Butterfly , One , One X , One X Plus , XL , XE/ Desire VC HUAWEI Ascend D2 , P1 , U9508 , U8951D , U8950 , U8812D , U8825D /Macbook Pro , Macbook Air , iMac , Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09 - 450-039-844 |

| | |
|---|---|
| Condition | Used |
| Description | Netbook Used HTC One X ,One S /Sensation XE Sansation XL,Desire VC, Samsung Galaxy S, S Plus, S2, S3, Note1,Note2 Iphone 3gs/4s/5 LG/ Optimus Sony Arc S,Huawe U8950, C8950 U8825D C8812 C8810 NOKIA Series All Apple Device/ iPad Ipod Macbook Macbook Air Asus/ Lenovo Acer MSI Dell HP Laptop Latest Model i3 i5 i7 Model |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376-420 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop Ultrabooks Notebook / Netbook/ Mackbook MacbookPro Macbook Air/ Phone Handset Apple/ Samsung HTC Nokia Blackberry Sony LG SKY HUAWEI/ All kind of Andriod Device and Apple Device/ iPad/ iPhone/ iPad Samsung Tablet all kind of Tablet PSP External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 730-48106 |

| | |
|---|---|
| Condition | Used |
| Description | SecondHand Laptop Notebook Netbook Mackbook MacbookPro Macbook Air.Apple iPhone 3gs/ 4g/ 4s/ 5 Samsung S2 S3 Note Note2 HTC One X Nokia Sony LG SKY HUAWEI All kind of Andriod Device and Apple Device iPod iPhone Ipad Samsung Tablet all kind of Tablet Samsung Tablet PSP External HDD |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-4500-398-44 |

| | |
|---|---|
| Condition | Used |
| Description | Apple Macbook Air Macbook Pro All Kind of Apple Device ,Samsung Galaxy S, S Plus, S Advance,Galaxy Gio Galaxy Y Galaxy Nexus Galaxy Ace, Ace Plus, |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-124-8076 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | MacOS 10.8.2 + Window7, Intel Core 2 Duo RAM 4GB, S.S.D 128GB Graphic 256MB |
| Quantity | 1 |
| Price | 550,000 |

| | |
|---|---|
| Condition | Used |
| Description | Toshiba Qosmio F750 3D Laptop Intel Core i7 Ram 4GB H.D.D 640GB Graphics 2GB Display 15.6" Red Colour ( Like New) |
| Quantity | 1 |
| Price | 600,000 |
| Contact | 09 - 450-039-844 |

| | |
|---|---|
| Condition | Used |
| Description | New iPad 16GB Wifi+4G |
| Quantity | 1 |
| Price | 250,000 |
| Contact | 09-501-6694 |

| | |
|---|---|
| Condition | Used |
| Description | Acer Aspier 4740 Intel Core i5 Ram 2GB H.D.D 320GB Finger Print, Display 14" Blue Colour ( Like New) |
| Quantity | 1 |
| Price | 350,000 |
| Contact | 01-124-8076 |

| | |
|---|---|
| Condition | Used |
| Description | New iPad 16GB Wifi+4G |
| Quantity | 1 |
| Price | 400,000 |
| Contact | 01-501-6694 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | Used iPhone/ iPad / iPod Touch Samsung/ Sony / HTC / Huawei/ Nokia, Used All in one PC/ Notebook/ Netbook, Ultrabook/ Laptop/ Mac Book Pro/ Mac Air iMac/ Mac Mini/ Any Tablet PC (Not China) |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer Aspier 4740 Intel Core i5 Ram 2GB H.D.D 320GB Finger Print, Display 14" Blue Colour ( Like New) |
| Quantity | 1 |
| Price | 350,000 |
| Contact | 01-248-076 |

| | |
|---|---|
| Condition | Used |
| Description | Toshiba Qosmio F750 3D Laptop, Intel Core i7 Ram 4GB, H.D.D 640GB Graphics 2GB Display 15.6" Red Colour ( Like New) |
| Quantity | 1 |
| Price | 600,000 |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | MacOS 10.8.2 + Window7 Intel Core 2 Duo RAM 4GB S.S.D 128GB Graphic 256MB |
| Quantity | 1 |
| Price | 550,000 |
| Contact | 09 - 450-039-844 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL



# မော်ဒယ်အလုပ်နဲ့ ဂီတ အလုပ်ကို တွဲလုပ်ဖို့ စဉ်းစားထားတဲ့

# ဆန်းသစ်လ

ဒေဂီ

မေး - ညီမလေး အနုပညာလောကကို ဘယ်အချိန်က စတင်လျှောက်လှမ်းခဲ့ပါသလဲ။
ဖြေ - ၂၀၁၁ကတည်းက စပြီး Photo Model တစ်ယောက်အဖြစ်နဲ့ အနုပညာလောကကို စတင်ခဲ့ပါတယ်။

မေး - ညီမရဲ့ လက်ရှိ အနုပညာလှုပ်ရှားမှုလေးတွေကို ပြောပြပေးပါဦး။
ဖြေ - လက်ရှိကတော့ ကြော်ငြာတွေ ရိုက်ထားတယ်။ ဗီဒီယိုတစ်ကား၊ ဒီဗီဒီ တစ်ကား ရိုက်ထားပါတယ်။

မေး - လက်ရှိ ညီမအသုံးတည့်နေတဲ့ အိုင်တီပစ္စည်းတွေကရော။
ဖြေ - iPad Mini, Phone Hansetက Samsung Note II, Laptopက Dell, Cameraကတော့ Sonyကို သုံးပါတယ်။

မေး - ဘာကားအမျိုးအစားကို စီးဖြစ်နေလဲ ညီမ။
ဖြေ - Honda Fitပါ အစ်မ။

မေး - Internet သုံးတဲ့အခါမှာ ဘာတွေ အများဆုံး သုံးဖြစ်ပါသလဲ။
ဖြေ - Facebook, Websiteတွေ၊ You Tubeတွေတော့ ဝင်ကြည့်ဖြစ်တယ် အစ်မ။

မေး - Facebook သုံးတဲ့အခါ ဘာတွေ လုပ်ဖြစ်လဲ။
ဖြေ - သတင်းတွေ ကြည့်တယ်။ Share တယ်၊ ပုံတွေ တင်တယ်အစ်မ။

မေး - ဘယ် Webisteတွေကို ဝင်ကြည့်ဖြစ်လည်း ဆိုတာကို ပရိသတ်ကို ပြောပြပေးပါဦး။
ဖြေ - Fashionနဲ့ ပတ်သက်တဲ့ Websiteတွေ အများဆုံး ဝင်ကြည့်ဖြစ်ပါတယ်။

မေး - ညီမက ဗုဒ္ဓဘာသာဆိုတော့ ဘာသာရေးပိုင်းကိုရော ဘယ်လိုတွေ လုပ်ဖို့ စဉ်းစားထားလဲ။
ဖြေ - ဗုဒ္ဓဘာသာ မြန်မာမိန်းကလေး တစ်ယောက်ဖြစ်တဲ့အတွက် ဘာသာရေးကို အမြဲ ဦးထိပ်ထားပါတယ်။ မနက်တိုင်း ဘုရားရှိခိုး မေတ္တာပို့ပါတယ်။ အခါကြီးရက်ကြီးတွေဆိုရင် ဘုရားသွားဖြစ်ပါတယ်။

မေး - သီလရှင်ဝတ်ဖို့ရော အစီအစဉ်ရှိလား။
ဖြေ - သီလရှင်က ငယ်ငယ်တုန်းကတော့ ဝတ်ဖူးပါတယ်။ အခုလည်း ဝတ်ဖို့ အခွင့်အရေး ရခဲ့မယ်ဆိုရင် သီလရှင် ဝတ်ချင်ပါတယ်။

မေး - အဝတ်အစားပိုင်းနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လို စတိုင်လ်တွေကို နှစ်သက်လဲ။
ဖြေ - အတိုတွေ ဝတ်ဖြစ်တယ် အစ်မ။ ရာသီဥတုနဲ့ လိုက်မယ့် အရောင်တွေကို ဝတ်ဖြစ်ပါတယ်။ မြန်မာ Fashionကို လည်း သဘောကျပါတယ်။

မေး - ညီမ စိတ်ကူးထားတဲ့ အိပ်မက်လေး ရှိမယ်ဆိုရင်လည်း ပြောပြပေးပါဦး။
ဖြေ - စိတ်ကူးထားတဲ့ အိပ်မက်လေးဆိုရင် ပရိသတ် လက်ခံအားပေးတဲ့ အနုပညာရှင် တစ်ယောက် ဖြစ်ချင်ပါတယ်။

မေး - အခုလက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေအပေါ်မှာ ညီမ ဘယ်လိုမြင်ပါသလဲ။
ဖြေ - အခုဆိုရင် နိုင်ငံတော်ကြီးက တိုးတက်သင့်သလောက်လည်း တိုးတက်နေပါပြီ။ အိုင်တီပိုင်းတွေ၊ နောက်ပြီး သတင်းတွေ ဆိုရင်လည်း တိုးတက်နေပါပြီ။ ချက်ချင်း သိရတယ်။ အတွေးအမြင်တွေကိုလည်း လွတ်လွတ် လပ်လပ် ပြောပြခွင့်၊ ချပြခွင့် ရှိပြီလို့ ထင်ပါတယ်။ အခုလို အချိန်ကာလကို အရမ်း သဘောကျပါတယ်။ ဒီထက် လည်း တိုးတက်ဖို့အတွက်ကို မျှော်လင့်ပါတယ်။

မေး - နောက်ဆုံးအနေနဲ့ ညီမလေးကို အားပေးနေတဲ့ ပရိသတ်အတွက် စကားလက်ဆောင်လေး ပြောပြပေးပါဦး။
ဖြေ - ပရိသတ်ကြီးလည်း အခုလို တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ စီးပွားရေး၊ လူမှုရေးတွေလည်း အစစအရာရာ တိုးတက် အောင်မြင်ပါစေ။ ညီမရဲ့ အနုပညာအပေါ်မှာလည်း ကောင်းတာရော၊ ဆိုးတာတွေကိုလည်း ဝေဖန်ရင်း အားပေးကြပါလို့ ပြောချင်ပါတယ်။

# တော်ကဆုန် ညောင်ရေသွန်းချိန်မို့

TZO

တပုံတခန်း၊ ကဆုန်ဆန်းမို့၊ ယုန်စန်းငွေလ၊ စန္ဒရနှင့် ...လို့ ဆိုတဲ့ လကဆုန်ကို ရောက်ပြန်ဦးတော့မယ်။ တော်ကဆုန် ညောင်ရေသွန်းချိန်မို့... ဆိုတဲ့ အတိုင်း ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအဖို့ ဂေါတမမြတ်စွာဘုရားအမှီပြု ပွင့်တော်မူရာ ရွှေညောင်ပင်ကို နံ့သာရည်ထုံမွှမ်းတဲ့ အတာရေအိုးများနဲ့ ညောင်ရေသွန်းလောင်းကြတဲ့ ပွဲတော်ချိန်ခါလည်း ဖြစ်ပါတယ်။

ဟေမန်နွေလှန်လို့ တံ့ပြန်တော့၊ ဇွဲသဟံဝေယံအုံ့ဆီက လေပြန်လှုံ့ဆော်ခဲ့ပြီ။ ကဆုန်လဟာ နွေအကုန်မိုးအကူး ကာလဖြစ်ပြီးတော့ တောင်လေ ပြန်တိုက်တဲ့ အချိန်လည်း ဖြစ်ပါတယ်။ ပင်ပေါ်ထက်၊ ရော်ရွက်ဝါထိန်ဝေနှင့် ခါဂိမှေသည်တစ်ခေတ်တွင်မှ၊ ညှာလိမ်ကြွေ တမည် သစ်မည်ကြောင့် အသစ်တွေ ထွေကာစုပါလို့၊ ပုရစ်ခွေ တမာနမှာကွယ်၊ ကျေးဥစီစီ... တဲ့ ရေးစာဆိုတော်များကတော့ မြန်မာ့ဆယ့်နှစ်လရာသီကို အမျိုးမျိုး ဖွဲ့နွဲ့စပ်ဆိုခဲ့ကြတာ တွေ့ရပါတယ်။ သာယာနာပျော်ဖွယ်တွေ၊ ဆွတ်ပျံ့ ကြည်နူးဖွယ်တွေ၊ လွမ်းမော ကြေကွဲဖွယ်တွေနဲ့ တောအလှ၊ တောင်အလှ မောင်ဖွဲ့မယ်ဖွဲ့တွေ မျိုးစုံနေအောင် ရေးဖွဲ့ခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်တော့ ကဆုန်လဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် ထူးခြားမွန်မြတ်လှတဲ့ လတစ်လဖြစ်ပါတယ်။ ဂေါတမဗုဒ္ဓလို့ ဖြစ်လာမယ့် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ မဟာသက္ကရာဇ် ၆၈ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့မှာ ဒေဝဒဟပြည်နဲ့ ကပိလဝတ်ပြည် တို့ရဲ့ အကြားမှာ ရှိတဲ့ လုမ္ဗိနီသာမောအင်ကြင်း တောမှာ မယ်တော် မာယာရဲ့ ဝမ်းကြာတိုက်မှာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါတယ်။ နောက်တချို့ ဘုရားအလောင်းတော် အသက် ၃၅နှစ်အရွယ် မဟာသက္ကရာဇ်၊ ၁ဝ၃ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ မိုးသောက်ယံမှာ အာသဝေါတရားလေးပါးတို့ရဲ့ ကုန်ခြင်းကို ပြုတတ်တဲ့ "အာသဝက္ခယဉာဏ်"ရတော်မူပြီး လောကသုံးပါးမှာ အတုမရှိတဲ့ သဗ္ဗညုဘုရားအဖြစ်ကို ရောက်တော်မူခဲ့ပါတယ်။

အဲဒီနောက် ၄၅ဝါ ကာလပတ်လုံး သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့ပြီး သက်တော် ၈ဝအရွယ် သဗ္ဗညုဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၄၈ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့မှာ ကုသိနာ ရုံပြည်က မလ္လာမင်းတို့ရဲ့ ဥယျာဉ်မှာ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါတယ်။

ဒါကြောင့် ကြည့်လိုက်ရင် ကဆုန်လပြည့်နေ့ဟာ မြတ်စွာဘုရား ဖွားမြင်တော်မူတဲ့နေ့၊ ဘုရားဖြစ်တဲ့နေ့နဲ့ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့နေ့တွေ အဖြစ် တွေ့ရမှာ ဖြစ်တဲ့အတွက် ထူးခြားမွန်မြတ်တယ်လို့ ပြောရတာပါ။ ဂေါတမမြတ်စွာဘုရား အမှီပြုပြီး ပွင့်တော်မူရာ ရွှေညောင်ပင်ကို ရှင်သန်စေအောင် ရေစင်များ သွန်းလောင်းကြတဲ့ ညောင်ရေသွန်းပွဲတော်ကို အနှယ်နှယ်အရပ်ရပ်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပကြတာ ဖြစ်ပါတယ်။

အရင်တုန်းက ပြည်ထောင်စု ရိပ်သာမှာနေတော့ ရွှေတိဂုံဘုရားနဲ့ နီးလို့ ကဆုန် လပြည့်နေ့ဆိုရင် ကိုဘအေးက ညောင်ရေ သွားသွန်းနေကျ။ ညီဖြစ်တဲ့ ကိုတူးလေးနဲ့ နှစ်ယောက်သား ဘုရားသွားကြပြီး ညောင်ရေ သွန်းကြတာ။ ရွှေတိဂုံဘုရား ရင်ပြင်ပေါ်က ညောင်ပင်ကြီး ရှိတဲ့ထောင့်မှာ (ရာဟုထောင့်လို့ ထင်ပါတယ်၊ ကိုဘအေးလည်း မရောက်တာကြာလို့ သိပ်မမှတ်မိတော့ဘူး) အလှူငွေထည့်ပြီး အတာအိုးလေးတွေယူ၊ နံ့သာဆီမွှေး ထည့်ချင်ရင်လည်း ဝယ်ပြီး တာအိုးထဲထည့်၊ ပြီးရင် ညောင်ပင်ကြီး ပတ်ပတ်လည်မှာ ဝိုင်းပြီးတန်းစီပြီး ညောင်ရေလောင်း ကြရတာ။ ညောင်ပင်ကြီးအောက်က ဗုဒ္ဓဆင်းတုတော်ကိုလည်း ရေသပ္ပာယ်ကြတယ်ပေါ့။ အဲဒီအချိန်မှာတော့ ဘာသာရေး အသင်းအဖွဲ့တွေ ဝတ်အသင်းတွေကလည်း အဖွဲ့လိုက်လာပြီး ညောင်ရေသွန်းကြတော့ သူတို့ တွေနဲ့ရော ဘုရားဖူး လာသူတွေနဲ့ရော ရှုတ်ယှက်ခပ်ပြီး ကိုဘအေးတို့ ညီအစ်ကိုတွေ တိုးဝှေ့ပြီး ညောင်ရေလောင်းကြရတာ။ ကုသိုလ်ရချင်လို့လေ တကယ် ပြောတာပါ။



Image Credit: www.uk.whyiexercise.com

ကိုဘအေးတို့ ကဆုန်လပြည့်နေ့မှာ ညောင်ရေသွန်းရင်းနဲ့ မိုးရွာတာ အမြဲကြုံရတယ်။ အမှန်တော့ မိုးမင်းကြီးက သူလာတော့မယ်လို့ သတိပေးတာဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနောက်ပိုင်း မိုးက ကျပြီလေ။ ကိုဘအေးတို့က ရွှေတိဂုံဘုရားတက်ရင် အနောက်ဘက် မုခ်က တက်ပြီး တောင်ဘက်မုခ်က ပြန်ဆင်းတယ်။ ပြီးရင် အဲဒီတုန်းက ဖွင့်တဲ့ ဆက်သွယ်ရေးတပ်က လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ကြတယ်။ စားပွဲထိုးတာက ကောင်မလေးတွေ တပ်ထဲက လူတွေရဲ့ သားသမီးတွေပါပဲ။ ကိုတူးလေးက အဲဒီထဲက ကောင်မလေး တစ်ယောက်နဲ့တောင် ချိတ်တိတ်တိတ် ဖြစ်လိုက်သေးတယ်။ ဒါပေမယ့် နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတဲ့ ကိုတူးလေးတစ်ယောက် အခုထိ လူပျိုကြီးဘဝနဲ့ပဲ ရှိသေးတယ်။

တကယ်တော့ ကိုဘအေးကလည်း နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတဲ့ လူတစ်ယောက်ပါ။ အဲဒီကျွန်းကြီး ရေမြုပ်သွားမှ မိန်းမရတာ။ ကမ္ဘာကြီး ပူနွေးလာတဲ့ ဖန်လုံအိမ်အာနိသင်ရဲ့ ကျေးဇူးလို့ပဲ ပြောရမယ်။ မြောက်ဝင်ရိုးစွန်းက ရေခဲပြင်တွေ အရည်ပျော်လာပြီး ပင်လယ်ရေပြင် မြင့်တက်လာတော့ ကျွန်းတွေ မြုပ်ကုန်တာလေ (ဘာမှမဆိုင်ဘူးနော်၊ ကိုယ်မစွံရင်မစွံဘူးပေါ့)

အဲဒီတုန်းက ကိုဘအေးလည်း ဦးကြင်ဥရဲ့ ကဗျာလေးတွေလိုပဲ လွမ်းနေရတာပေါ့။ ဘာကို လွမ်းလို့ လွမ်းနေလဲတော့ မသိဘူး။ အော်...... ..ဖော်ဝေးမစုံ၊ ဆွေးဖို့ကြုံအောင်၊ တပုံတခန်း၊ ကဆုန်ဆန်းမို့၊ ယုန်စန်းငွေလ၊ စန္ဒရနှင့် ပုဏ္ဏဲ့တာရာ၊ ကြယ်ဝိသာလဲ၊ အာကာမြင့်ခေါင်၊ ကွန့်ရှုန်းငယ်ပြောင်သည်၊ တိမ်မှောင်ချေလို့ လင်းတော့တယ်။ လွမ်းလို့ကောင်းနေတာ။ ဒါပေမယ့်............သံဝှန်ငယ် ညောင်းငြိမ့်၊ စည်မောင်းလိုမ့်လို့၊ ဝတိန့်ခွန်ဆွတ်၊ နတ်များ ထွတ်ကို၊ သခွတ်စားငယ်၊ ပြည်သမီးရင်း၊ လက်စကြွင်းကြောင့်၊ ရန်တင်းငယ် လှယ်သည်၊ စစ်ဆွယ်ပြိုင်လို့ ကျင်းတော့တယ်။ သီကြားမင်းနဲ့ အသူရာတို့ သမီးယောက္ခမ အချင်းများတဲ့ကြားမှာ ထီးမပါတဲ့ ကိုဘအေးတို့လည်း မိုးလွတ်အောင် ပြေးကြရတာပေါ့။

ဝသန်မိုးလေးက တဖွဲဖွဲရွာလာတဲ့ အခါကျတော့ မြေသင်းနံ့လေးတွေက တကြိုင်ကြိုင် ထွက်လာကြပြန်တယ်။ သင်းမြနံ့ တကြိုင်၊ စကားရွှေဝါနှင့် ညောင်သီဒါ ရေတော်သွန်းချိန်မို့ ရွှန်းဝေလို့လှိုင်။ မြိုင်မြစ်စုံ ယမုန်ခပါတဲ့၊ ပြည်အမရ မဏ္ဍိုင်၊ခရိုင်နယ့်တပိုင်း။ သို့ချိန်ဆီ၊ ရင့်ကျူး ပဋ္ဋဂီနှင့်၊ တိမ်ပန်းချီ ပွေလို့ရေးပေလိမ့်၊ ဆေးရင့်ပြာလှိုင်း..တဲ့။ ဖော်မစုံတဲ့ သူတစ်ယောက်အတွက်တော့ ပတ်ဝန်းကျင်မှာ အရာရာဟာ လွမ်းချင့်စရာတွေချည်းပဲ။ လူပျိုဘဝတုန်းကတော့ ကိုဘအေးလည်း လွမ်းငွေ့တဝေဝေ (ရုပ်ရှင်မဟုတ်ပါ) နဲ့ပေါ့။ အလကားနေရင်းလည်း စိတ်ကူးယဉ်ပြီး လွမ်းနေတာ။ အိမ်ထောင်လည်း ကျသွားရော လွမ်းချိန်မရတော့ဘူး။ လက်တွေ့ ဘဝ ရောက်လာပြီလေ။ ကလေးရတော့ ပိုဆိုးတာပေါ့။ အလွမ်းအဆွေးတွေ Go Awayပဲ။ ရုပ်ရှင်လည်း အလွမ်းကားတွေ မကြည့်တော့ဘူး။ အလွမ်းဝတ္ထုတွေ မဖတ်တော့ဘူး။ အဲ......တစ်ခုတော့ ရှိတယ်။ မိသားစုနဲ့ ဖြစ်လာတော့ ရုံးကိစ္စနဲ့ ကိုယ်ခရီးဝေးထွက်ရတဲ့အခါ ဖြစ်ဖြစ်၊ ဖောင်ကြီးတို့ မင်္ဂလာဒုံတို့ စသဖြင့် ရုံးက သင်တန်းတွေ သွားတက်နေရတဲ့အခါဖြစ်ဖြစ် ကိုယ့်မိသားစုကို လွမ်းတဲ့ စိတ်ကလေးတော့ ဖြစ်မိတာပေါ့။ မိသားစုနဲ့ ဖြစ်လာတဲ့ အချိန်မှာလည်း မိသားစုနဲ့ အတူ ရွှေတိဂုံဘုရားတို့ ဆူးလေတို့မှာ ညောင်ရေသွန်း ခဲ့ဖူးတယ်လေ။ ဒါကြောင့် အထူးသဖြင့် ဒီလိုအချိန်မှာ ခရီးထွက်ရရင် အိမ်ကို ပိုပြီး လွမ်းမိတယ်။

ခင်တန်းလျှို သပြေပင်က၊ ရွှေသဇင်သုတ်လေနှောပြန်တော့၊ နေဝင်လျှင်ဘုတ်တွေရောပါလို့၊ အုတ်ရွှေသြရယ်က တွန်သံချို၊ ဒွာနီနှင့် ကွာဝေး...။ ဖန်ခါခါ၊ လမ္ဘရာ စည်ဒိုးကျိုပေမို့၊ ဝသန်မှာ ဆည်မချိပြီဘူ့ ပူမိသည်မော်ရဂုံက၊ တော်ကဆုန် ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံ အောင်မြေကွန်းဆီသို့ လွမ်းလိုက်လှသေး..........။

ရောင်းသည်/ဝယ်သည်/အလဲထပ်လုပ်ပေးသည်။

Used iphone / ipad / ipod / Samsung / Sony / HTC/ Huawei/ Nokia
Used All in one PC / Notebook / Netbook/ UtlarBook/ Laptop / Mac Book Pro/ Mac Air/ iMac / Mac Mini / Any Tablet PC (Not China)

အထူးဈေးကောင်းပေးဝယ်လိုသည်

PH: 09-4500 39844

iPhone 5, 4S , 4, 3GS, 3G iPod 5, 4 , ipad 4,3,2, Mini Wifi & Wifi + 3G & More
Samsung S2,S3,S4,Grand ,Note 1,Note 2,Note 8.0, Any Samsung Tablet & More
Sony Xperia Z , T,TX,Ion, S,Sl,Acro S, J,P,U,E,V, Sola & More
HTC Butterfly, One , One X, One XPlus, XL, XE, Desire VC & More
HUAWEI Ascend D2, P1, U9508, U8951D, U8950,U8812D, U8825D , & More
Macbook Pro, Macbook Air , iMac , Any Laptop & More

အသစ်နီးပါးကောင်းမွန်သော iPhones နှင့် Laptops များရောင်းရန်ရှိသည်။

93% New iPhone 5 64GB Black Official Unlock
With Original Box & Accessories (6 Month Warranty)
Price : 690000

99% New iPhone 5 32GB White Official Unlock
With Original Box & Accessories (10 Month Warranty)
Price : 630000

95% New iPhone 5 16GB White Official Unlock
With Original Accessories (9 Month Warranty)
Price : 520000

99% New Samsung Galaxy S4 Black With Original Box & Accessories
Price : 570000

Brand New Packing iPad Mini 16GB Wifi White
Price : 300000

95% New iPod Touch 4G 32GB White
With Original Box & Accessories
Price : 125000

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

# တန်ဖိုးမဖြတ်နိုင်သော PRICE

Dr. PTS



Image Credit: www.uk.whyiexercise.com

"မင်္ဂလာပါ ဆရာမ" "မင်္ဂလာပါ တပည့်တို့"

အမှန်စင်စစ် စာရေးသူ၏ နားတွင် ကြားယောင်နေမိသော ထိုနှုတ်ခွန်းဆက် စကားလေးသည် စာရေးသူ တစ်ဦးတည်းသာ ကြားဖူးခြင်း ဟုတ်မည်မထင်။ ကျောင်းနေဖူးသူတိုင်း အနည်းနှင့် အများကြားဖူးကြမည်သာ။ စာရေးသူတို့ ပညာရည် နို့ချိုသောက်သုံးခဲ့ဖူးသော အမျိုးသား ကျောင်းတော်ကြီးသည်ကား နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည်နှင့်အညီ ပကတိတိတ်ဆိတ် ငြိမ်သက်လျက် နွေသရုပ်ဖော် ပန်းချီကား တစ်ချပ်နှယ် လှပနေစေကာမူ မလှုပ်မယှက် အသက်မဲ့လျက် ရှိပါသည်။ ကျောင်းတော်ကြီးရှေ့ ခဏရပ်ကာ ငယ်စဉ်က ပုံရိပ်လွှာများကို ပြန်လည် မြင်ယောင်ရသည်မှာ ကြည်နူးဖွယ် ကောင်းလှပါသည်။ "ဆရာမကြီး ဒေါ်မြင့်မြင့်များ ရှိပါသလား ခင်ဗျာ"

"ရှိပါတယ် နေမကောင်းလို့ အိပ်ရာထဲ လဲနေပါတယ်"

"ကျွန်တော် သူ့တပည့်ဟောင်းပါ။ ပုသိမ်ပြန်လာတုန်း ဂါဝရပြုချင်လို့ပါ"

"ကြွပါရှင် အထဲကို"

"ဆရာမကြီး ကျွန်တော့်ကို မှတ်မိပါသလား"

"သိပ်မှတ်မိတာပေါ့၊ မင်းမောင်......မလား။ လူကြီးတွေ ဖြစ်ကုန်ကြပြီပဲ"

"ဆရာမကြီး နေမကောင်းလို့ဆို"

"အေးကွယ် လူကတော့ မြင်တဲ့အတိုင်း အကောင်းကြီးဆိုရမှာပဲ။ အသက်ကကြီး လူကလည်း ဝတော့ ကိုယ့်ကိုယ်ကိုယ်တောင် မသယ်နိုင်တော့ဘူး။ ဒူးနာတာ အဓိက ဆိုပါတော့"

"ဆရာမ ဒေါ်နန်းဆင့်နဲ့ တွေ့ချင်လို့ပါ"

"အေး၊ မောင်.......၊ ဘယ်တုန်းက ရောက်လဲ၊ လာခဲ့ ဆရာမ ဒီဘက်အိမ်မှာ"

"ဆရာမ နေကောင်းတယ်နော်၊ ကျွန်တော်လည်း ပုသိမ်မရောက်တာ အတော်ကြာသွားပြီ"

"အေးကွယ်၊ လူကတော့ ကောင်းပါတယ်။ မကောင်းတာက ဒီဒူးပဲ"

"ဘွားဘွားမြ နေကောင်းရဲ့လား"

ဩော်၊ အေး မောင်.........၊ ကောင်းပါတယ်ကွယ် ဒူးလေး နာတာက လွဲရင်ပေါ့"

"ဩော်၊ ဒူး၊ ဒူး၊ ဒီဒူးပဲ ဒုက္ခကို ပေးနိုင်လွန်းတယ်"

စာရေးသူ၏ လူနာရှင်း ဒေါ်စိန်ပု ညည်းနေကျ စကားလေးကို ပြန်လည်ကြားယောင်လာမိသည်။ ဟုတ်ပါသည်။ အသက်ကြီးသူ ဆယ်ဦးတွင် ခြောက်ဦးခန့်မျှ ဒူးနာသော ဒုက္ခကို တစ်ခါ (သို့မဟုတ်) အကြိမ်ကြိမ် ခံစားရဖူးမည် သေချာပါသည်။ အသက်ငယ်သူများ၊ အထူးသဖြင့် လှုပ်ရှားမှုများသူများ၊ အားကစားသမားများအဖို့ ဆိုလျှင်လည်း ဒဏ်ရာရ လွယ်သောနေရာတစ်ခုဟု ဆိုရပေမည်။ ဒူးခေါင်းသည် ကိုယ်ခန္ဓာ၏ အကြီးဆုံးနှင့် အထိခိုက် အလွယ်ဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ အကွေ့အဆန့်၊ အလှည့်အပတ် လုပ်နေရသကဲ့သို့ ကိုယ်ခန္ဓာ၏ ဝန်ကို ခြေနှင့် မြေပေါ်သို့ မသက်ရောက်မီ တစ်ဆင့်ခံ ပေးနေရခြင်းကြောင့်လည်း ဖြစ်သည်။ အကွေးအဆန့် လုပ်နိုင်သော်လည်း ဘယ်ညာ တိမ်းနွဲ့ရာ၌ တန်သည် ပို၍ ညွှတ်မိလျှင် ဒဏ်ရာရဖို့ သေချာလှသည်။

"Strains and Sprains" ဟူသော ရုတ်တရက် (သို့မဟုတ်) တာရှည် မနိုင်ဝန် ထမ်းရခြင်းသည် လူကြီးလူငယ် လူရွယ်အားလုံးကို ဒုက္ခပေးသည်။ ပြင်းထန်သော လေ့ကျင့်ခန်းများ၊ အားကစားခြင်းများကြောင့် အရွတ်ပြတ်သွားခြင်း၊ ကြွက်သား ပြဲသွားခြင်းများ ဖြစ်နိုင်သည်။ "Bursitis"ဟုခေါ်သော ဒူးအဆစ်အကြား (Cushioning)ကူရှင်အဖြစ် ခံပေးထားသော အစိတ်အပိုင်းများ ရောင်ရမ်းမှုကြောင့်လည်း ဒူးနာနိုင်သည်။ "Csteoarthritis"ဟုခေါ်သော အရိုးအဆစ် ရောင်ခြင်းကြောင့်လည်း ဒူးနာနိုင်ပါသည်။ လူပိန်း နားလည်အောင် "ဒူးအရိုးကျီးပေါင်း တက်ခြင်း"ဟု ပြောနိုင်သည်။ "ဇရာ"၏ လက္ခဏာတစ်ခုဖြစ်သော ထို "OA Knee"ဟူသော Csteoarthritisသည် သက်ကြီးရွယ်အိုများတွင် ချဉ်ဆီ ခန်းခြောက်ခြင်းကြောင့်လည်း ဖြစ်တတ်သည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဖော်ပြဖူးပါသည်။ စာရေးသူ၏ ဆရာမတို့ ဖြစ်သော အရိုးအဆစ်နာတို့၏ (၇၀)ရာခိုင်နှုန်းတို့သည်ကား ထို OA Knee ကြောင့်ပင် ဖြစ်မည်ဟု ထင်မိပါသည်။

"သွေးလေးဖက်နာ"ဟုခေါ်သော Connective Tissues Disorders Sle, RAကဲ့သို့သော ရောဂါများ၊ လေးဖက်နာဟု ခေါ်သော Rheumatic Discaseတို့သည်ကား မီးကောင်ပေါက်အရွယ် မိန်းမငယ်တို့ကို အဓိက ဦးတည် တိုက်ခိုက်သော ရောဂါများ ဖြစ်သည်။ ထို့ကြောင့် ဒူးနာရောဂါသည် တစ်ဦးကို တွေ့လျှင် အသက်အရွယ် အလိုက် သော်လည်းကောင်း "ကျား၊ မ"လိုက်၍ သော်လည်းကောင်း၊ Differential Diagnosis ဖြစ်တန်သည့် ရောဂါတူ ရောဂါကွဲများကို စဉ်းစားကြရသည်။ အပျော်အပါး လိုက်စားတတ်သူများ အဖို့ကား "Reactive Arthritis"ဟုခေါ်သည့် အဆစ်ရောင်ရောဂါ၊ Gonococcal Arthritisဟူသော ရောဂါများ ဖြစ်တတ်ကြပါသည်။ "Gout" ဂေါက်ရောဂါဟု လူသိများသော ရောဂါတွင်လည်း Uric Acidဓာတ် များပြားခြင်းကြောင့် အရိုးအဆစ်ရောင်ခြင်း (အထူးသဖြင့် ခြေမ၌) ဖြစ်တတ်သည်ကို သတိပြုကြရသည်။

"အဆစ်ရောင်လျှင်" "ဒူးနာလျှင်" ဆရာဝန်က ဘာတွေ စစ်မည်နည်း။ အဖြေက ရှင်းပါသည်။ ဖြစ်သင့်သည်က ဆိုခဲ့ဖူးသော အသက်အရွယ်၊ ရောဂါလက္ခဏာနှင့် သက်ဆိုင်သည့် အခြား ရောဂါများပါ ရှိ၊ မရှိ "ဒူး" တစ်ခုတည်းသာ မဟုတ်ဘဲ တစ်ကိုယ်လုံး ရောဂါရှာဖွေရမည်ဟု နိုင်ငံတကာတွင် ညွှန်ကြား ချက်များ ရှိပါသည်။ သို့သော် စာရေးသူတို့ကဲ့သို့ နယ်တွင် တာဝန်ထမ်းရသော ဆရာဝန်များအဖို့ မိမိနှင့် လက်လှမ်းမီသည့် ရောဂါ ရှာဖွေမှုမျိုးသာ လုပ်နိုင်သည်။ ဓာတ်မှန်တစ်ချက် ရိုက်ဖို့ပင်လျှင် မဖြစ်နိုင်သော နေရာဒေသတွင် ဆေးကုရမည် ဆိုလျှင် မည်သည့် ဓာတ်ခွဲခြင်း၊ သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းမျှ မပြုဘဲ မိမိ၏ ဦးနှောက်ကိုသာ လွှာ၍ စဉ်းစား အသုံးချပြီး အဖြစ်တန်ဆုံး ရောဂါ သတ်မှတ်ချက် ချကာ ကုရပါတော့မည်။ ထို့အတွက် အပြစ်တင်စရာ ရှိမည် မထင်ပါ။ ထို့ကြောင့် မြန်မာပြည်မှ ဆရာဝန်များ၏ လက်နှင့် ဦးနှောက်သည် အခြား နိုင်ငံများထက် သာသည်ဟု ဆိုကြခြင်း ဖြစ်သည်။ အနောက်နိုင်ငံများရှိ ဆရာဝန်များက သွေးစစ်ခြင်း ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းမျှ မရှိလျှင် ဆေးမကုရဲဟု ဆိုကြသည်။ ဖြစ်နိုင်လျှင်တော့ ရိုးရိုးဓာတ်မှန် သာမက အထူး MRT(Magnetic Resonance Imaging) CT (Computed Tomography)အထိ လုပ်ရပါမည်။ လိုအပ်လျှင် အဆစ်အတွင်းမှ အရည်ကြည်ကိုပင် အပ်နှင့် စုပ်ယူ စစ်ဆေးရပါမည်။ Ulhasand ဟုခေါ်သော (တယ်လီဗေးရှင်း ဓာတ်မှန်ဟု အများသိသည့်)စက်ကြီးနှင့်လည်း ရောဂါကို အတိမ်အနက် ခွဲခြား သိရှိနိုင်ပါသည်။ ဘာကြောင့်ဖြစ်ဖြစ် ဒူးနာပြီ ဆိုလျှင်ကား ဆရာဝန်နှင့် ပြသသင့်သည်။ ထိခိုက် ဒဏ်ရာရ၍ အရိုးကျိုးခြင်းမှအပ ဆရာဝန်နှင့် မပြသဖြစ်သေးခင် စပ်ကြားကာလတွင် မိမိတို့ ကိုယ်တိုင် ကြိုတင် ကုသထားနိုင်သော ကုထုံးအချို့ကို ဖော်ပြလိုပါသည်။ မည်သို့ပင် ဒူးနာပါစေ ထိုဒူးကို ထပ်မံ မထိခိုက်အောင် ဦးစွာ ကာကွယ်သင့်ပါသည်။ ကိုယ်ခန္ဓာ၏ တစ်နေရာရာ၌ ထိခိုက် ဒဏ်ရာရဖူးလျှင် (သို့) နာကျင် ခံစားနေရလျှင် နောက်တစ်ခါ ထိုနေရာကိုပင် ထပ်မံ ထိခိုက်တတ်ကြသည်ကို အချို့သူများ ခံစားဖူးကြမည်။ အကြောင်းမှာ Balance ပျက်နေ၍ ကောင်းသည့်ဘက်နှင့် မကောင်းသည့်ဘက် Harmony မဖြစ်ဘဲ ထိုဘက်ကို ထပ်မံ ထိခိုက်မိတတ်ခြင်း ဖြစ်သည်။ ဂရုစိုက်သည့်ကြားမှ ပိုဖြစ်တတ်ကြသည်။


ဒုတိယအချက် အနေဖြင့် ထိုနာကျင်နေသော ဘက်ကို အနားပေးသည်။ ဤနေရာ၌လည်း တန်ဆေး လွန်ဘေးဟူသော စကားကို လက်ကိုင် ထားရမည်။ ဒူးနာဖူးသူ လူကြီးတိုင်း ခံစားဖူးကြမည်မှာ ညာဘက် ဒူးနာ၍ လေ့ကားဆင်း လေ့ကား တက်ကို ဘယ်ဘက် တစ်ဘက်တည်းသာ အားပြုပြီး ညာဘက်ကို ညာရင်း ဘယ်ဘက် ဒူးပါ မထောက်နိုင်လောက်အောင် နာကျင်လာတတ်ခြင်း ဖြစ်သည်။ ဖြစ်နိုင်လျှင် နှစ်ဖက်စလုံးကို ဝန်မပိစေရန် တတ်နိုင်သမျှ နားနားနေနေ နေကြရမည်။ သို့သော် ၂၄နာရီ ဂုရက် တစ်ပတ်၊ တစ်လ စသဖြင့် အိပ်ရာမှ မထဘဲ လဲနေပြန်လျှင်လည်း မဖြစ်သေး။ နောက်ဆက်တွဲ ရောဂါများ ဝင်လာဦးမည် ဖြစ်သည်။

တတိယနည်း အနေဖြင့် ထိုနာနေသော ရောင်နေသော ဒူးကို ရေခဲကပ်ပေးခြင်းအားဖြင့် ရောင်ရမ်းမှုကို ကျစေရုံသာမက နာကျင်ကိုက်ခဲမှုကိုပါ သက်သာစေပါသည်။ စဖြစ်ခါစ ကနဦး အချိန်ကာလ ၂ရက် ၃ရက်အတွင်း ဆိုလျှင် ၂နာရီခြား ၃နာရီခြားပြီး တစ်ခါလျှင် ၁၅မိနစ်ခန့် ရေခဲကပ်ပေးရမည်။ စတုတ္ထကုထုံးအနေဖြင့် ထိုဒူးခေါင်းကို ဆေးပတ်တီးဟု လူသိများသော ကျုံ့နိုင်ဆန့်နိုင်သည့် Elastic Bandageကို မတင်းလွန်း၊ မလျော့လွန်းသော အနေအထားဖြင့် ပတ်စီးရမည်။ ထိုသို့ ပတ်စီးခြင်းသည် အရောင်ကျစေနိုင်သကဲ့သို့ ထိခိုက်မှုမှ ထပ်မံ ကာကွယ် ပေးရာရောက်၍ အကျိုးရှိလှသည်။ နောက်ကုထုံး တစ်ခုကား ထိုခြေထောက်ကို ခွေးခြေ (သို့) ကုတင်ပေါ်၌ သက်သာသော အနေအထားဖြင့် တင်ထားရမည်။ မတ်တပ်ရပ်ခြင်း၊ ခြေချထိုင်ခြင်းတို့သည် ရောင်ရမ်းမှုကို ပိုစေသည်သာမက နာကျင်မှုကိုလည်း တိုးစေသောကြောင့် ဖြစ်သည်။

ထို Protect, Rest, Ice, Compress, Elevationဟူသော PRICEဟူသည့် ရှေးဦး ကုထုံးလေးသည်ကား သင်၏ ဒူးနာကို ဆရာဝန်ထံ မရောက်မီ သက်သာစေနိုင်သော နည်းကောင်းတစ်ခု ဖြစ်သည်။ လူတိုင်းလိုလို ဆရာဝန်မပြမီ ပြုမူမိသည်ကား အကိုက်အခဲ ပျောက်ဆေး သောက်ခြင်းပင် ဖြစ်သည်။ "စပ်ဆေး"ဖြင့် နာမည်ကြီးသော ကွမ်းယာဆိုင်၊ အချို့ဆေးဆိုင်ကြီးများကို ရောက်သွားပြီး "အကိုက်အခဲပျောက်ဆေး ကောင်းကောင်း၊ အရောင်ကျဆေးကောင်းကောင်း စပ်ပေးစမ်းပါ"ဟု ပြောမိသူများလည်း ရှိပေမည်။ အကိုက်အခဲ ပျောက်ဆေး သောက်သင့်သည်မှာ မှန်သော်လည်း မိမိ၏ ရောဂါ သဘာဝ၊ ခံနိုင်ရည်အား၊ အစာအိမ်၊ အသည်း၊ ကျောက်ကပ် စသည် ကိုယ်ခန္ဓာ၏ အရေးကြီးသော အစိတ်အပိုင်းများ၏ ဓာတ်ခံပေါ်မူတည်ပြီး သင့်လျော်ရမည့် အကိုက်အခဲပျောက်ဆေးကို သောက်သုံးသင့်သည်။ ထို့ကြောင့် ဆရာဝန်နှင့် မပြမီ "ဆေးကောင်းကောင်း ဆေးပြင်းပြင်း"ကို မတမ်းတပါနှင့်။ လတ်တလော၊ ခေတ္တသက်သာပြီး ဒူးနာသာမက တစ်ကိုယ်လုံး "ဂျုံးဂျုံးကျ"သည်အထိ ရောဂါတိုးသွားနိုင်၍ ဖြစ်သည်။ ထို့ကြောင့် သာမန် အကိုက်အခဲ ပျောက်ဆေး Paracetamol (ဈေးကွက် အတွင်းရှိ နာမည်ကြီးသော Biogesic, Lensen, Paragesic, Paracap အစရှိသည် တို့ကိုသာ သောက်ထားသင့်သည်။ (Ibuprofen, Diclofenicတို့သည်လည်း ဘေးထွက်ဆိုးကျိုး အနည်းငယ် ရှိ၍ ဆရာဝန်ညွှန်မှ သောက်သင့်သည်)

လောကကြီးကား ဆန်းကြယ်လှသည်။ ဆရာဝန်တစ်ဦးအဖြစ် မွေးထုတ်ပြုစု ပျိုးထောင် ပေးခဲ့ကြသော ကျေးဇူးရှင် မိဘနစ်ပါးနှင့် ကျေးဇူးရှင် ဆရာသမားများသည်ကား သားဆရာဝန်၊ တပည့်ဆရာဝန်ဖြစ်၍ "ပီတိကို စားပြီး အားရှိ" ရရုံသာ။ ဆရာဝန်သား၊ ဆရာဝန် တပည့်၏ အနီးကပ်ပြုစု စောင့်ရှောက် ကုသမှုကိုကား မခံစားရချေ။ စိုက်ပျိုးပြုစုပေးခဲ့သော အပင်လေးမှ စိမ်းလန်းစိုပြည်လာကာ အသီးအပွင့်များ ဝေဆာလာချိန်တွင် ဂုဏ်ယူရရုံသာ။ ကိုယ်တိုင် ခူးဆွတ် စားသုံးခွင့် မရလိုက်ကြပါ။ သို့သော် စုန်ရေသာရှိသော ထိုမိဘနှင့် ဆရာသမားတို့၏ မေတ္တာစေတနာများသည်ကား လောဘကင်းသော ပြန်လည် ရယူလိုမှုကင်းသော သန့်ရှင်းစင်ကြယ်လှသည့် အနန္တ ကျေးဇူးတရားများ ဖြစ်ပါ၍ မြူမှုန် တစ်မှုန်စာမျှ ကျေးဇူးဆပ်ရာရောက်လျှင် စာရေးသူအဖို့ ကျေနပ်လှပါပြီဟု စိတ်ဝယ်မှတ်ရင်း အဝေးရောက်နေသော ဒူးနာနေသည့် မိဘဆရာသမားများအတွက် ရည်စူး ရေးသားလိုက်ရပါတော့သည်။


Image Credit: www.uk.whyiexercise.com





# မုဒုံမြို့မှ အတောင် ၄၀၀ပြည့် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ဇိနသုခရန်အောင် ချမ်းသာဘုရားကြီး

ယမင်းအေး

သူငယ်ချင်းများနဲ့အတူ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြိုင်ကုန်းကျေးရွာရှိ ဝင်းစိန်တောရ ရတနာတောင်သို့ ရောက်ရှိခဲ့ပါတယ်။ အထက်ပါ ဘုရားကြီးသည် ကမ္ဘာပေါ်တွင် အတောင် ၄၀၀ပြည့် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ဇိနသုခရန်အောင် ချမ်းသာဘုရားကြီး ဖြစ်ပါတယ်။ တစ်ခါမှ ဖူးမြော်ခဲ့ရခြင်း မရှိခဲ့ပါဘူး။ မြင်လည်း မမြင်ဖူးဘူးလေ။ အရမ်း အံ့သြဖို့ကောင်းတယ်နော်။

သူငယ်ချင်းက ကျိုက္ခမီ၊ စက်စဲ သွားမယ် လိုက်မလားလို့ မေးတော့ မရောက်လည်း မရောက်ဖူးတာနဲ့ ဘယ်လောက် ကုန်မှာလဲလို့ အရင်မေးရသေးတယ်လေ။ ပြီးမှ သိပ်မကုန်ရင် လိုက်ခဲ့မယ်။ တစ်ခါမှ မရောက်ဖူးသေးဘူးလို့ ပြောလိုက်တယ်။ သူတို့နဲ့က ကျိုက်ထီးရိုးသွားတုန်းကလည်း လိုက်သွားဖူးတော့ သူငယ်ချင်းရုံးက လူတွေ အားလုံးနဲ့ကလည်း ရင်းနှီးနေပြီလေ။ အားလုံးကလည်း အတင်း လိုက်ခိုင်းကြတယ်။ ပြီးတော့ လူလည်း ညီတယ်။ အားလုံးက စိတ်ထားကောင်းပြီး ဖော်ရွေကြတယ်။ အခု သွားမှာက လည်း ထားဝယ်အသင်းနဲ့ သွားမှာတဲ့။ ကုန်ကျစရိတ် ကလည်း သိပ်မရှိပါဘူး လိုက်ခဲ့ပါဆိုနေတော့ လိုက်ဖြစ်ခဲ့ပါတယ်။ ပြီးတော့ မော်လမြိုင်မှာ ကြိုဆိုရေးအဖွဲ့တွေလည်း ရှိတယ်တဲ့။ တကယ်ပါပဲ။ မော်လမြိုင်လည်း ရောက်ရော မော်လမြိုင်အသင်းက တာဝန်ကျေပွန်စွာနဲ့ ဆရာဝန်များ အသင်းခန်းမမှာ ကြိုဆိုကျွေးမွေး ဧည့်ခံခဲ့ပါတယ်။ ဝမ်းသာဖို့လည်း ကောင်း၊ ဘုရားတွေလည်း အစုံဖူးခဲ့ရတော့ ကြည်နူးဖို့လည်း အရမ်းကောင်းခဲ့ပါတယ်။ အဲ.. နောက်တော့ အရမ်း ကံကောင်းခဲ့တာကတော့ ချောင်းသာကမ်းခြေမှာ ဆူနာမီ ဝင်မွှေသွားတဲ့နေ့မှာပဲ။ (အိမ်က စိတ်ပူနေကြတာပေ့ါ)။ ကျွန်မတို့ အဖွဲ့ဟာ စက်စဲကမ်းခြေမှာ ရေဆော့လို့ ပျော်ကောင်းနေတဲ့ အချိန်ပေ့ါ။ ဪ ဒါနဲ့ ဘုရားကြီး အကြောင်း ပြန်ဆက်ရဦးမယ်။ ဒီဘုရားကြီးက အရမ်း အံ့သြဖို့ကောင်းတယ်။ ဘုရားကြီးရဲ့ ခြေထောက်တော်ကနေ ဝင်လိုက်ရင် အထဲမှာ အခန်းပေါင်း ၁၈၂ခန်းရှိတာကို တွေ့ခဲ့ရပါတယ်။ ဗုဒ္ဓဝင်ရုပ်လုံး ရုပ်ကြွတွေနဲ့ ငရဲပြည်၊ လူ့ပြည်၊ ဗြဟ္မာပြည်၊ နတ်ပြည် အသီးသီး ပုံစံအမျိုးမျိုးနဲ့ ရုပ်ပုံတွေကို တွေ့ရှိခဲ့ရပါတယ်။ ဒီဘုရားကြီးဟာ ၁၃၅၃ခုနှစ် ပြာသိုလဆုတ် (၁၀) ရက်နေ့ (၂၉-၁-၁၉၉၂) ဗုဒ္ဓဟူးနေ့ကစပြီး မွန်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ ကိုယ်တိုင် အုတ်မြစ်ချခဲ့ပြီး ဦးစီးတည်ဆောက်ခဲ့ပါတယ်။

ရောက်တော့ အစပဲ ရှိသေးတာကို တွေ့ခဲ့ရပါတယ်။ အခုထိလည်း မပြီးသေးပါဘူး။ ဆောက်လက်စပဲ ရှိပါသေးတယ်။ အထဲကို ရောက်ပြီးတော့ ပြန်ဆင်းရင်တော့ ဦးခေါင်းတော်ရဲ့ အောက်နားကနေ အပြင် ပြန်ရောက်ပါတယ်။ ဘုရားကြီးရဲ့ အမြင့်ပေဟာဆိုရင် ၁၁၈ ပေရှိပြီး အထပ်ပေါင်း ၈ထပ်ရှိပါတယ်။ ကျွန်မတောင် အမှန်ပြောရရင် ကံကောင်းလို့ ဖူးမြော်ရတာ။ ဘာလို့လဲဆိုတော့ ဘုရားကြီးရဲ့ ခြေတော်ရင်းနားမှာ မွန်ဆရာတော်ကြီးရဲ့ ကျောင်းရှိပါတယ်။ အဲဒီကို အရင်သွားဖူးရင်းနဲ့ ချော်လဲပါလေရော။ ချော်လဲတော့ ထလို့ မရတော့ဘူး။ ဒူးခေါင်းတွေလည်း ပွန်းလို့ အိမ်က သိရင် ပြောဦးမယ်။ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းကြီးပဲလို့ ဒါနဲ့ မသွားတော့ဘူးလို့ ပါလာတဲ့ ညီမလေးကို ပြောတော့ သူက မမရယ် ရောက်မှတော့ တက်ဖူးလိုက်ပါ။ သူ တွဲခေါ်ပါမယ်တဲ့။ ကျွန်မက အားနာလို့ သွားပါတော့ ဒီကပဲ စောင့်နေခဲ့မယ် ပြောတာကို အတင်းဆွဲခေါ်ပါလေရော။ ဒါနဲ့ ဖြည်းဖြည်းပဲ တက်သွားတာ အပေါ်ရောက်တော့ တော်တော့်ကို ကြည်နူးဖို့ကောင်းပါတယ်။ အဲဒီညီမလေးကိုလည်း အခုချိန်ထိ ကျေးဇူးတင်မိပါတယ်။ သူသာ တွဲမခေါ်ခဲ့ရင် ပြန်သာလာခဲ့တာ ရောက်ခဲ့ရမှာ မဟုတ်ဘူးလေ။ သူ့ကြောင့် ကျွန်မလေ ဘုရားကြီးရဲ့ အထပ်ပေါင်း ၈ ထပ်ကို ရောက်ခဲ့ရတာပါ။ ဗြဟ္မာပြည်၊ နတ်ပြည်၊ လူပြည်၊ ငရဲပြည်ဆိုပြီး ရုပ်ထုတွေနဲ့ အခန်းပေါင်း မြောက်မြားစွာ ပြုလုပ်ထားရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မပြောချင်တာက မွန်ပြည်နယ်၊ မုဒုံမြို့ကိုရောက်ရင် ရတနာတောင်ကို ဝင်ဖူးဖြစ်အောင် ဝင်ဖူးခဲ့ကြပါလို့ မှာချင်ပါတယ်။

---

# သမိုင်းဝင်နန်းတော်နှင့် ပြတိုက်အဆောက်အအုံများ ဒေသအစိုးရများသို့ လွှဲမည်

TZO

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၏ ပြောကြားချက်အရ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်သော သမိုင်းဝင် နန်းတော်ကြီးများနှင့် ပြတိုက် အဆောက်အအုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရ အဖွဲ့များသို့ လွှဲပြောင်း ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် ဘုရင့်နောင် မင်းတရားကြီး စံမြန်းခဲ့သည့် ပဲခူးမြို့မှ ကမ္ဘောဇသာဒီနန်းတော်၊ ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး၏ ရွှေဘုံစု ရတနာမင်္ဂလာ နန်းတော်ကြီးများ အပါအဝင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ ညောင်ရွှေယဉ်ကျေးမှု ပြတိုက် (ညောင်ရွှေဟော်)တို့ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ မေလအတွင်း လွှဲပေးသွားမည် ဖြစ်ကြောင်း မေလ ၇ရက်နေ့က ကျင်းပသော အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။ သက်ဆိုင်ရာ ဒေသအစိုးရသို့ လွှဲပြောင်း ပေးမည့် စာရင်းတွင် မြန်မာနိုင်ငံ၏ နောက်ဆုံး မင်းဆက် သီပေါမင်း နန်းစံခဲ့သည့် မန္တလေး မြနန်းစံကျော် ရွှေနန်းတော်ကြီး ပါဝင်သော်လည်း လွှဲပြောင်းပေးမည့် အစီအစဉ်နှင့် ပတ်သက်၍မူ ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။ ရှေးဟောင်းအဆောက်အအုံကြီးများအား သက်ဆိုင်ရာဒေသ အစိုးရများသို့ လွှဲပြောင်းပေးလိုကြောင်း၊ နိုင်ငံတော် သမ္မတထံ တင်ပြခဲ့ရာတွင် သက်ဆိုင်ရာ အစိုးရများက စီမံခန့်ခွဲနိုင်ကြောင်း ပြဋ္ဌာန်းထား သော်လည်း တာဝန်ယူဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိနှင့် ဆန္ဒရှိ၊ မရှိ ညှိနှိုင်း၍ ဆောင်ရွက်လိုပါက လွှဲပြောင်းပေးခွင့်ရှိကြောင်း အကြောင်းပြန်လာသည်ဟု ဆိုပါသည်။



Image Credit: www.uk.asiaexplorers.com

Approved Centre (Since 2008)

Golden Crown

အမှတ် (၁၅၀)၊ တတိယထပ်၊
ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်။

ဖုန်း ၀၁-၃၇၃၀၃၀
၀၉-၇၃၂၃၄၉၉၂

အင်္ဂလိပ်ဘာသာရပ်ကို စိတ်ဝင်စားသော လူငယ်များအတွက်

Applied Mechanical Engineering Diploma
Applied Electronic Engineering Diploma
Applied Electrical Power Engineering Diploma
Mechanical & Electrical Engg Diploma
Diploma in Construction ( Civil )
Diploma in Refrigeration & Air-Condition

Advanced Diploma in Electrical & Electronic
Advanced Diploma in Mechanical
Advanced Diploma in Construction (Civil)

သင်တန်းကြေးအား အရစ်ကျခွဲသွင်းနိုင်သည်။

တန်းခွဲသစ်မတ်လ(၂၀)ရက်နေ့တွင်စမည်။ 10% Off

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု Diploma ရလိုသူများ၊ GTI အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ရာနှုန်းပြည့် အောင်ချက်များ ဖြင့် 2011,2012 ခုနှစ်အတွက် ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင်များကိုလည်းမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်လည်း ကမ္ဘာ့အဆင့်ထူးချွန်သူဖြစ်ချင်ရင် . . . .

အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 17

# စိတ်ရဲ့သဘောကို သိကြည့်ခြင်း

စိတ်တစ်မျိုးတည်းရဲ့ သဘောအဓိပ္ပာယ်ကတော့ အာရုံကို သိတတ်တဲ့ သဘောတစ်ခုပဲ ရှိတယ်။ သိတယ်ဆိုတဲ့ နေရာမှာလည်း ဉာဏ်ပညာနဲ့သိတဲ့ အသိမျိုး မဟုတ်ဘူး။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ ပတ်သက်တဲ့ အာရုံခြောက်မျိုးရဲ့ အသိခြောက်မျိုး။ အာရုံတွေကို ရအောင်ယူနိုင်တဲ့အသိ။ မြင်သမျှ ကြားသမျှ အာရုံတွေကို ကောင်းတယ်၊ မကောင်းဘူး ဆိုတာကိုတော့ ခွဲခြားပြီး မသိဘူး။ ပုံသဏ္ဍာန်အကောင်အထည် အနေနဲ့လည်း မရှိတော့ စိတ်ဆိုတာကို ဘယ်သူမှ မမြင်ဖူးဘူး။ ဒါပေမယ့် စိတ်ကို စောင့်ကြည့် သိမှတ်တဲ့ အသိဉာဏ်ပညာနဲ့ ကြည့်ရင်တော့ စိတ်ရဲ့သဘာဝ၊ စိတ်ရဲ့အလျဉ်၊ စိတ်ရဲ့ အဖြစ်အပျက်တွေကို ကိုယ်တိုင် လက်တွေ့ သိကြည့်လို့ ရတယ်။ သိကြည့်လို့ ရတယ်ဆိုတာ စိတ်တစ်ခုတည်းတင် မကဘူး။ စိတ်ကိုမှီပြီး ဖြစ်ပေါ်နေတဲ့ စေတသိက် အားလုံးကိုပါ သိကြည့်လို့ရတာကို ဆိုလိုတာ။

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.comတွင် သွားရောက် လေ့လာနိုင်ပါသည်။

## မန္တလေးတိုင်း ကွန်ပျူတာ ပညာရှင်အသင်း၊ AUနဲ့ KOICAတို့ ပူးပေါင်း၍ ICTသင်တန်း ခေါ်ယူ


Image Credit: www.uk.brunel.ac.uk

Sfd

မန္တလေးတိုင်း ကွန်ပျူတာ ပညာရှင်အသင်း၊ ကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၊ ကိုရီယားနိုင်ငံ အခြေစိုက် Aero space University(AU)နှင့် Korea International Cooperation Agency(KOICA)တို့ ပူးပေါင်း၍ ICTဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရပါသည်။ ဖွင့်လှစ်မည့် သင်တန်းများမှာ Microcontroller သင်တန်း၊ ကိုရီးယား ဘာသာစကား သင်တန်းနှင့် EPS-TOPIK ဖြေဆိုလိုသူများအတွက် အခြေခံ သင်တန်းများ ဖြစ်ကြောင်း သိရပါသည်။ သင်တန်းများအား ကိုရီယားနိုင်ငံမှ သက်ဆိုင်ရာ ဆရာများ ကိုယ်တိုင် လာရောက် သင်ကြားပေးမည် ဖြစ်ကြောင်း၊ စာတွေ့ လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ပြီး၊ ထူးချွန်ကျောင်းသား ၂၀ ဦးအား ရွေးချယ်ပြီး၊ လုပ်ငန်း ထူထောင်နိုင်ရန် အတွက်ပါ ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ သင်တန်းဆိုင်ရာ အချက်အလက်များအား စုံစမ်း မေးမြန်းလိုသူများသည် မြန်မာ-ကိုရီးယား ICT နည်းပညာသင်တန်းရုံးရှိရာ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ တယ်လီဖုန်း အမှတ် ၀၂-၆၉၃-၁၃၊ ၀၂-၆၉၃-၁၅တို့အား စုံစမ်းနိုင်ကြောင်း သိရပါသည်။

## ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားတက္ကသိုလ်တို့ ပညာရေး ပူးပေါင်း လုပ်ဆောင်မည်

TZO

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ၂၀၁၃ခုနှစ်၊ မေလ ၃ရက်နေ့က ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားနိုင်ငံ Hankuk တက္ကသိုလ်တို့ နှစ်နိုင်ငံ တက္ကသိုလ်တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု စာတမ်း လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းသဘောတူညီမှု စာတမ်းတွင် နှစ်နိုင်ငံ တက္ကသိုလ်များအကြား ပညာရေးဆိုင်ရာ အစီအစဉ်များနှင့် သင်ခန်းစာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်ကြားရေးနှင့် သုတေသန လုပ်ငန်းများ ပူးတွဲလုပ်ဆောင်ရန် ပညာရေးဝန်ထမ်းများ ဖလှယ်ခြင်း၊ ပညာရေး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာရေး ခရီးစဉ် တစ်လှည့်စီ သွားရောက်ခြင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယား တက္ကသိုလ်တို့ ပူးတွဲ၍ သုတေသန လုပ်ငန်းများ၊ သင်ခန်းစာ ပို့ချမှုများ၊ သင်တန်းများ ပို့ချခြင်း၊ နှစ်ဦးနှစ်ဖက် စိတ်ဝင်စားသည့် ဘာသာရပ်များတွင် နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် လေ့လာရေးနှင့် သုတေသန လုပ်ငန်းများ လုပ်ဆောင်ရန် ကျောင်းသား၊ ကျောင်းသူများ ဖလှယ်ခြင်း စသည့် အချက်အလက်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် တက္ကသိုလ်နှစ်ခု၏ ပညာရေးနှင့် သုတေသန လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထူးအလေးထား လုပ်ဆောင်လျက် ရှိသည်ကို ဖော်ပြခြင်း ဖြစ်ပါကြောင်း Hankuk University of Foreign Studies၏ ဥက္ကဋ္ဌ ပါမောက္ခ Mr. Park Chulက ယင်း အခမ်းအနားတွင် ထည့်သွင်း ပြောကြားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနသည် Hankuk Universityနှင့် ပူးပေါင်း ဆောင်ရွက်မှုတွင် သာမကပဲ ဥပဒေဌာနနှင့် ဂျပန်နိုင်ငံ Nagoya Universityတို့ပါ ပညာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း "Java Basic Course" သင်တန်း ဖွင့်လှစ်မည်

သန့်စင်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ကြီးမှူး၍ Java J2EE and Cloud နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက်Java Basic Course သင်တန်းတစ်ခုကို မေလ (၁၈) ရက်နေ့ ၂၀၁၃ ခုနှစ်၌ စတင်ဖွင့်လှစ်သွားမည် ဖြစ်သည်။ ဤသင်တန်းတွင် Java Programming Language၏ အခြေခံ ဗဟုသုတများ၊ ဆက်စပ် ပစ္စည်းများနှင့် နည်းပညာများကို Java Professional ဦးဖြိုးမင်းဇော် (Managing Director- 7th Computing)မှ စာတွေ့ လက်တွေ့ သင်ကြား လေ့ကျင့်ပေးမည် ဖြစ်ပါသည်။

သင်ကြားပေးမည့် အကြောင်းအရာများမှာ - Object Oriented Programming (encapsulation, inheritance, polymorphism, abstraction, class, object, interface, package)၊ Eclipse IDE and Tools and Technics of using STS၊ Core Java (Data Types, Control Statements, Classes, Inheritance, Interfaces, Packages, Multi Threading, Exception Handling, Networking, I/O, Java Collections Framework, Java Generics, Java Enums, Java Annotations)၊ JDBC (Java Database Connectivity API)and Transaction Management with best Practices၊ Database - MYSQL Database and Tools usages – workbench၊ Log4J Java Logging Toolတို့ ဖြစ်သည်။

သင်တန်းကာလမှာ မေလ ၁၈ရက်နေ့မှ ဇွန်လ ၂ရက်နေ့ အထိ (စနေ၊ တနင်္ဂနွေ) ဖြစ်ပြီး သင်တန်းအချိန် နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီ အထိ ဖြစ်သည်။ သင်တန်းကြေးမှာ တစ်ဦးလျှင် ၅၀,၀၀၀/ (ငါးသောင်း ကျပ်တိတိ) MCPA Member များအနေဖြင့် ၅၀ရာခိုင်နှုန်း Discount ရရှိမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေကို (၁၅)ဦးသာ လက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်း တက်ရောက် လိုသူများ အနေဖြင့် မေလ (၁၇)ရက်နေ့ ညနေ (၄)နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ် -၆၅၂-၂၇၆၊ ၀၉-၇၃၀-၈၈၃-၀၀သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

CARTOON BY

စမ်းချောင်း ကိုကိုအောင်



# စီးပွားရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များ အကြောင်းကို "The Relevance of Business Degrees for future Career Prospectus"ခေါင်းစဉ်ဖြင့် ကာတင်စင်ကာပူမှ ဟောပြောမည်

SM

ယနေ့မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ မူဝါဒ အပြောင်းအလဲများကြောင့် နိုင်ငံတကာမှ အထူး အာရုံစိုက်လျက် ရှိပြီး စီးပွားရေး လုပ်ငန်းရှင် အများအပြားမှ မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်းများ လာရောက် ရင်းနှီး မြှုပ်နှံလိုကြလျက် ရှိသည်။ နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်မည့် အလားအလာ ကောင်းများကြောင့် ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ကျွမ်းကျင်သူများ အထူး လိုအပ်လာပြီး နိုင်ငံတကာမှ စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘွဲ့ရရှိသူများ အနေဖြင့် မိမိ နိုင်ငံအတွင်းမှာပင် နိုင်ငံခြားမှ လစာနှုန်းထား ခံစားခွင့်များ အတိုင်း ရရှိနိုင်ကြမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း နယ်ပယ်တိုင်း အတွက် စီးပွားရေး၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပညာရှင်များ မရှိမဖြစ် လိုအပ်သည့် အတွက် ယင်းပညာရပ်များကို ကျွမ်းကျင်အောင် တတ်မြောက်ထားသူများသည် ကျယ်ပြန့်သော လုပ်ငန်းခွင် ရွေးချယ်ခွင့်များ ရရှိနိုင်ကြမည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်း နယ်ပယ်တိုင်းအတွက် စီးပွားရေး၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပညာရှင်များ မရှိမဖြစ် လိုအပ်သည့်အတွက် ယင်းပညာရပ်များကို ကျွမ်းကျင်အောင် တတ်မြောက်ထားသူများသည် ကျယ်ပြန့်သော လုပ်ငန်းခွင် ရွေးချယ်ခွင့်များ ရရှိနိုင်ကြမည် ဖြစ်သည်။ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်များတွင် ငွေကြေး အရင်းအနှီး၊ ရင်းနှီးမြှုပ်နှံမှုများ အကြောင်း၊ မိမိ၏ ကိုယ်ပိုင်လုပ်ငန်း (သို့) ကုမ္ပဏီလုပ်ငန်း (သို့) အစိုးရအဖွဲ့အစည်းများ အတွင်း ရင်းနှီးမြှုပ်နှံခြင်း၊ ရှယ်ယာနှင့် စာချုပ်များ ဝယ်ယူခြင်း၊ ငွေရင်းနှီး မြှုပ်နှံမှုများမှ ရရှိမည့် အကျိုးအမြတ်များအား စီမံခန့်ခွဲခြင်းနှင့် မိမိ၏ ရင်းနှီး မြှုပ်နှံမှုအား ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် စီမံ ဆောင်ရွက်နိုင်ခြင်း အကြောင်းများကို လေ့လာရမည် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ စီးပွားရေး၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေး လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် နိုင်ငံတကာ ပညာရေး အတိုင်အပင်ခံ AT&Sနှင့် ကာတင် စင်ကာပူတို့ ပူးပေါင်းကာ လက်တွေ့ လုပ်ငန်းခွင် အသုံးချ အတွေ့အကြုံများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ တက်ရောက် ထားသင့်သော စီးပွားရေး၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေး လုပ်ငန်းဆိုင်ရာ ပညာရပ်များ၊ မိမိနှင့် သင့်လျော်မည့် လုပ်ငန်းခွင် ရွေးချယ်မှုများ အကြောင်းတို့ကို မေလ (၁၈)ရက်နေ့၊ စနေနေ့၊ ကုန်သည်ကြီးများ ဟိုတယ်၊ ပင်းယခန်းမ၌ နံနက် (၁၀)နာရီမှ နေ့လည် (၁၂)နာရီအထိ ဟောပြော ဆွေးနွေး သွားမည် ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို ကာတင် စင်ကာပူ၏ ဒါရိုက်တာဖြစ်သူ Mr. Simon Phillipsမှ ဦးဆောင် ဆွေးနွေးပေးမည် ဖြစ်ကာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် လေ့လာနိုင်ပြီး၊ မိမိသိလိုသည်များကိုပါ မေးမြန်း ဆွေးနွေးနိုင်မည် ဖြစ်သည်။ အဆိုပါ ဟောပြောပွဲသို့ တက်ရောက် လိုသူများ အနေဖြင့် ဖုန်း - ၀၁-၆၅၂-၂၈၈၊ ၀၁-၂၅၁-၃၃၂တို့သို့ ကြိုတင် စာရင်း ပေးသွင်းနိုင်ပါသည်။




# UK နိုင်ငံတွင် ပညာသင်ကြားချင်သူများ အတွက် Scholarshipနှင့် Bursary

သန့်စင်

UK နိုင်ငံရှိ Top University များဖြစ်သည့် University of Oxford, University of Cambridge, University of Surrey, University of Sussex, Lancaster University, University of Leeds, University of York, Kingston University, University of Sheffield, University of Bath, Royal Holloway University, University of London အစရှိသည့် တက္ကသိုလ်ကြီးများသို့ ဝင်ခွင့် ရရှိရန်အတွက် University Foundation Programများကို သင်ကြားပေးနေသည့် London မြို့ရှိ Bellerbys Collegeမှ အထူး အစီအစဉ် အနေဖြင့် မြန်မာနိုင်ငံမှ ကျောင်းသူ/ ကျောင်းသားများ အတွက် Scholarshipနှင့် Bursaryများကို ပေးအပ် ချီးမြှင့်သွားမည် ဖြစ်ပါသည်။ Scholarship အနေဖြင့် GCE "A" Level လျှောက်ထားလိုသူများ အတွက် ပေးအပ် ချီးမြှင့်ခြင်း ဖြစ်ပြီး Bursary အနေဖြင့် Foundationနှင့် Undergraduate Year 1 Business Management ဘာသာရပ်တို့ကို လျှောက်ထားလိုသူများအတွက် ပေးအပ် ချီးမြှင့်ခြင်း ဖြစ်ပါသည်။ GCE"A" Level အတွက် £8520မှ £17160အထိ မိမိ၏ Education ရမှတ်များပေါ် မူတည်ပြီး ပေးအပ်သွားမည် ဖြစ်ပါသည်။ Foundation Programအတွက် £2580 ပေးအပ်မည် ဖြစ်ပြီး Diploma Programအတွက် £ 3990 ပေးအပ်မည် ဖြစ်သည်။ လျှောက်ထားရန်အတွက် အနိမ့်ဆုံး ပညာ အရည် အချင်းမှာ တက္ကသိုလ်ဝင်တန်းအောင်(သို့) IGCSE အောင်မြင် ထားသူများ ဖြစ်ရန် လိုအပ်ကြောင်းလည်း သိရှိရပါသည်။ ယင်းပညာသင်ဆုများကို ယခု 2013ခုနှစ် September ကျောင်းဖွင့်ချိန်နှင့် 2014 ခုနှစ် Januaryနှင့် April Intake တို့အတွက် ကြိုတင် လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။ အသေးစိတ် သိရှိလိုပါက SR Worldwide Educationသို့ အခမဲ့ လာရောက် စုံစမ်း မေးမြန်းနိုင်ပါသည်။ ဖုန်း 01-246-188, 387-022, 09-542-8848, 543-8848သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# INFO Computerနှင့် Language Centerမှ E.P.I (TOPIK) ဝင်ခွင့်သင်တန်း စတင်

သန့်စင်

INFO Computerနှင့် Language Centerမှ ကိုရီးယားနိုင်ငံတွင် အလုပ် လုပ်ကိုင်နိုင်ရန် အစိုးရ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီမှ တရားဝင် ကျင်းပသော E.P.I (TOPIK) စာမေးပွဲ ဝင်ခွင့် သင်တန်းကို ၂၀ ရက်နေ့တွင် စတင်မည်ဟု သိရသည်။ သင်တန်း ကာလမှာ ၆လ ကြာမြင့်မည် ဖြစ်ပြီး သင်တန်းကြေးမှာ 150,000ကျပ် ဖြစ်သည်။ အခြား သင်ကြားပေး လျက်ရှိသော Computerနှင့် ဘာသာစကားသင်တန်းများမှာ Basic course, Advanced Excel course များအပြင် အလုပ်အကိုင် အခွင့်အလမ်း များစွာ ပေါ်များလျက်ရှိသော Graphic Design Course, DTP Course, Video Editing Course, Practical A++ Courseများ၊ မီဒီယာလုပ်ငန်းတွင် Layout Designer အဖြစ် လုပ်ကိုင်လိုသူများအတွက် Photoshopနှင့် Pagemaker အထူးသီးသန့် Layout Design Course၊ ကလေးများအတွက် Computer For Kids နှင့် Internet & E-Mail Creating Blog သင်တန်းများနှင့် English, Korean, Chinese ဘာသာစကား သင်တန်းများ ပါဝင်သည်။ ထိုသင်တန်းမှ Professional Course ၂ခု ပြီးသူတိုင်းကိုလည်း ငွေကြေး တစ်စုံတစ်ရာ ကုန်ကျရန် မလိုပဲ လုပ်ငန်းခွင်များနှင့် ချိတ်ဆက် ပေးလျက်ရှိသည်။ ထို့အပြင် မေလ ၁၅ ရက်နေ့အထိ သင်တန်း လာရောက် အပ်နှံသူများအား 10 Percent Discount ပေးမည် ဖြစ်သည်။ သင်တန်းကျောင်း တည်နေရာမှာ သယ်န်းကျွန်း Junction Zawana ရှေ့တွင် တည်ရှိပြီး စိတ်ဝင်စားသူများ အနေဖြင့် ဖုန်း - 01-573-778, 09-501-8494သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

# "Wireless Network Essentials Course (WNE)" သင်တန်း ဖွင့်လှစ်မည်

သန့်စင်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ကြီးမှူး၍ Net-working နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် Wireless Network Essentials Course (WNE) သင်တန်းကို ၂၀၁၃ ခုနှစ် မေလ (၂၅) ရက်နေ့၌ စတင် ဖွင့်လှစ်သွားမည် ဖြစ်သည်။ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ NGO များ၌ အလုပ်လုပ်နေသော Network Engineerများ၊ IT Officerများ Wireless အကြောင်း လေ့လာနေသူများ၊ ကျောင်းသူ၊ ကျောင်းသားများ အထူး တက်ရောက် သင့်ပါသည်။

သင်တန်း၌ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းမှ About Wireless Local Area Network and WLAN Configuration, Ad-host, WLAN (point to point, point to Multipoint, Repeater), Using Outdoor Antenna ( Short and Long ), WiFi HotSpot Creating for Software and Hardware, WiFi Controller Device and Acesspoint CPE, About WiFi IP Camera and Configuration, Zentyal Server, Pfense Hotspot and Radius WiFi, Local VPN Network Configuration, Basic Mobile WiFi Network အစရှိသည်တို့ကို စာတွေ့ လက်တွေ့ သင်ကြား လေ့လာရမည် ဖြစ်သည်။ သင်တန်းကာလ -၂၀၁၃ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ ဇွန်လ (၂၃)ရက်နေ့ အထိ (စနေ၊ တနင်္ဂနွေ) သင်တန်းအချိန် - နေ့လည် ၁၂း၀၀ နာရီမှ ၃း၀၀ နာရီအထိ၊ သင်တန်းကြေး - ၉၀,၀၀၀ိ/- MCPA Member (50%) - ၄၅,၀၀၀ိ/-၊ သင်တန်းသား ဦးရေ (၁၅)ဦး၊ သင်တန်းနေရာ - အဆောင် (၁)၊ MICT Park၊ MCPA Lab Room၊ လှိုင်မြို့နယ်။ သင်တန်း တက်ရောက်လိုသူများ အနေဖြင့် ၂၀၁၃ ခုနှစ်၊ မေလ (၂၄)ရက်နေ့ ညနေ (၄)နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ် - ၀၁-၆၅၂-၂၇၆၊ ၀၉-၇၃၀-၈၈၃-၀၀သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။



အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 17

# ထိုင်းနိုင်ငံ တက္ကသိုလ်သို့ ယခုနှစ် ပညာသင်ဆု လျှောက်ထားနိုင်ပြီ

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီး သူများနှင့် ဘွဲ့ရရှိပြီး သူများအတွက် ထိုင်းနိုင်ငံရှိ အထင်ကရ တက္ကသိုလ်ကြီး တစ်ခုဖြစ်သော Shinawatra University၏ ပညာသင်ဆုများကို လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။ Shinawatra Universityသည် ထိုင်းနိုင်ငံရှိ နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ကြီး တစ်ခု ဖြစ်ပြီး Office for National Education Standards and Quality Assessment (ONESQA)၏ အသိအမှတ်ပြု အဆင့်မြင့် ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်း တက္ကသိုလ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အဆိုပါ တက္ကသိုလ်တွင် ၂၀၁၃ခုနှစ် ဇွန်လ ကျောင်းဖွင့်ချိန်မှာ International အသိအမှတ်ပြု ဘာသာရပ်များကို ပညာသင်ဆု လျှောက်ထားနိုင်ရန်အတွက် ပညာရေး ဆွေးနွေးပွဲကို OESC Education Centerမှ ကြီးမှူး၍ လာမည့် မေလ (၂၄) ရက်နေ့ မနက် ၉:၃၀ မှ ၁၁:၃၀နာရီအထိ Central Hotel - Jade Hallတွင် ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရှိရပါသည်။

"ယခုအခါ မြန်မာကျောင်းသားများနှင့် မိဘအများစုမှာ ထိုင်းနိုင်ငံ ပညာရေးကို ပိုမို စိတ်ဝင်စားလာကြကြောင်း၊ အထူးသဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အနေဖြင့် ပညာသင်ဆု လျှောက်ထားနိုင်ခြင်း၊ နေထိုင်စရိတ်နှင့် ကျောင်းစရိတ် များစွာ သက်သာခြင်း၊ ကျဉ်းကျပ်သော စာသင်ခန်းများ City Campus ပုံစံမဟုတ်ဘဲ ကမ္ဘာ့အဆင့်မီ လုံခြုံစိတ်ချရသော University Campusများတွင် စာသင်ကြားရေးဆိုင်ရာ နိုင်ငံတကာ အထောက်အကူ ပစ္စည်းပြည့်စုံစွာ သင်ကြားရသဖြင့် University Life အပြည့်အဝ ရခြင်းတို့ကြောင့် ဒီနှစ်ပိုင်းတွေမှာ ထိုင်းနိုင်ငံ ပညာရေးကို အခြားနိုင်ငံများထက် ပိုမို၍ ရွေးချယ်လာကြပါတယ်။ ဒါကြောင့်ပဲ စိတ်ဝင်စားကြတဲ့ လူငယ်တွေအတွက် ပညာသင်ဆု ပညာရေး ဆွေးနွေးပွဲတွေကို ကျွန်မတို့ OESC Education Centerမှ ကြီးမှူးပြီး မကြာခဏ ပြုလုပ်ဖြစ်တာပါ။"ဟု OESC Education Center၏ Managing Director ဒေါ်မိုးဖြူမာအောင်မှ ပြောကြားပါသည်။

Shinawatra Universityတွင် တက်ရောက်နိုင်မည့် ဘာသာရပ်များမှာ Bachelor Programအတွက် International Business, Professional Finance, Tourism and Hotel Management, Software Engineering, Management Information Systems, Web & Mobile Applications, Architectural Innovation Management, Building & Facility Management, Energy & Environment Management, Engineering for Computer Engineeringနှင့် English for International Communication ဘာသာရပ်တို့ကို လျှောက်ထားနိုင်ပြီး Master Program အတွက် Professional Finance, International Business, Tourism and Hotel Management, Management Information Systems, Software Engineering, Energy & Environment, Sustainable Developmentနှင့် Master of Teaching English as an International Language (MTEIL) ဘာသာရပ်များနှင့် Ph-D Program များအထိ လျှောက်ထားနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ တက္ကသိုလ် တက်ရောက်နေဆဲ သူများသည် မိမိ တက်ရောက်နေသော ဘာသာရပ်နှင့် ပတ်သက်ဆက်နွှယ်သော ဘာသာရပ်များကို လျှောက်ထားပါက ဘာသာရပ် ကင်းလွတ်ခွင့်များ လျှောက်ထားနိုင်ပါသည်။ IELTSနှင့် TOEFL အမှတ် မရှိသေးသူများလည်း ပညာသင်ဆု လျှောက်ထားနိုင်ပြီး Bachelor Programအတွက် IELTS (5.5) ရှိထားသူများသည် English ဘာသာရပ်အတွက် ကင်းလွတ်ခွင့် ရရှိမှာ ဖြစ်ပါသည်။

ပညာသင်ဆု အနေဖြင့် IT ဘာသာရပ်အတွက် 50%၊ အခြား Program များအတွက် Undergraduateနှင့် Master Program များအတွက် 25%မှ 75% အထိ ရရှိနိုင်ကြောင်း သိရှိရပါသည်။ 2013 June Semesterအတွက် ကျောင်းလျှောက်ထားလိုသူများ၊ ဆွေးနွေးပွဲ တက်ရောက်လိုသူများ အနေဖြင့် OESC Education Center - အမှတ် (၂၇၂) ခနေလှိုင်တာဂါ၊ အခန်း (၃၀၄)၊ (၃)လွှာ၊ ကမ္ဘောဇဘဏ် အပေါ်ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ ဒဂုံစင်တာ (II) အနီး၊ စမ်းချောင်းမြို့နယ်၊ ဖုန်း- 09-730-940-60နှင့် 01-519-092သို့ ဆက်သွယ် မေးမြန်း၍ ကြိုတင် စာရင်း ပေးသွင်း တက်ရောက်နိုင်ပါသည်။

# နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး သင်တန်းကျောင်း

စင်ကာပူနိုင်ငံ Nanyang Institute of Management ကျောင်းတွင် နိုင်ငံတကာ အဆင့်မီ ဆောက်လုပ်ရေး နည်းပညာဘာသာရပ် Diploma in Construction Engineeringနှင့် နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူများထဲတွင် ရေပန်းအစားဆုံး ဖြစ်သည့် ဟိုတယ်နှင့် ခရီးသွား ဘာသာရပ် Diploma in Tourism and Hospitality Management တွင် Nanyang Institute of Management၏ ဆောက်လုပ်ရေး နည်းပညာ ဒီပလိုမာ (Diploma In Construction Engineering) Technology (SIET)မှ ဗိုလီတက်ကနစ်နှင့် အဆင့်တူ သတ်မှတ်ထားသောကြောင့် ပိုလီ (၃)နှစ်အစား NIMတွင် (၂)နှစ် တက်ရောက်ပါက ဒီပလိုမာ ရမည့်အပြင် SIET Level – 3 Fellowship Examinationကို တိုက်ရိုက် ဝင်ရောက် ဖြေဆိုနိုင်မည် ဖြစ်သည်။ သင်တန်းကာလမှာ (၂၄)လ ကြာမြင့်မည်ဖြစ်ပြီး ထူးခြားချက်မှာ ကွန်ကရစ် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ နည်းပညာများအပြင် လက်တွေ့ အသေးစိတ် လေ့လာ သင်ယူရမည် ဖြစ်ပါသည်။ မော်ဂျူး (၂၄)ခု သင်ယူရမည် ဖြစ်ကြောင်း သိရသည်။ ရက်သတ္တပတ် (၁၆)ပတ်မျှ Industrial Orientation / Projectsများတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင် ဆောင်ရွက်ရမည် ဖြစ်ပြီး Diploma In Construction Engineering၏ ဝင်ခွင့် သတ်မှတ်ချက်အဖြစ် အနည်းဆုံး တက္ကသိုလ်ဝင်တန်း အောင်မြင် ထားရမည် ဖြစ်ကာ အင်္ဂလိပ်စာ လိုအပ်ချက် IELTS (5.0)ရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ AGTI – Civil Engineering ပြီးမြောက်ထားသူများ အနေဖြင့် ဘာသာရပ် ကင်းလွတ်ခွင့် လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုပေးရမည် ဖြစ်ပြီး ၎င်းစာမေးပွဲကို Skyward Education Groupရုံးတွင် ဖြေဆိုရမည်ဟု သိရသည်။ မြန်မာကျောင်းသားတွေအတွက် အဆင်ပြေ ချောမွေ့စေရန် ကျောင်းလခများကိုလည်း အရစ်ကျ (၂)ရစ် ခွဲသွင်းခွင့် ပေးထားပြီး Post Graduate Diploma in Tourism and Hospitality Managementမှာ ဘွဲ့လွန် ဒီပလိုမာ ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွား ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှု ပညာရပ်များ သာမက မိမိကိုယ်တိုင် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း စတင် လုပ်ဆောင်ရာတွင် အသုံးပြုရသည့် အဓိကဆိုင်ရာ ဘာသာရပ်များကို သင်ကြားရမည်ဟု သိရသည်။ သင်တန်းကာလမှာ (၁)လနှစ် ကြာမြင့်ပြီး သင်ခန်းစာများကိုလည်း လုပ်ငန်းခွင် အတွေ့အကြုံများစွာ ရှိသော ဆရာ၊ ဆရာမများ ကိုယ်တိုင် သင်ကြားပို့ချ ပေးသည့်အပြင် စာတွေ့ (၆)လ ပြီးပါက လုပ်ငန်း အတွေ့အကြုံများကို နိုင်ငံတကာ အဆင့်မီ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများတွင် လက်တွေ့ (၆)လ ဝင်ရောက် လုပ်ကိုင်ကာ လုပ်ငန်း အတွေ့အကြုံ ရယူနိုင်ကြောင်း သိရသည်။ Post Graduate Diploma in Tourism and Hospitality Management သင်တန်းကို တက်ရောက်လိုသူများသည် အနည်းဆုံး ဘွဲ့တစ်ခု ရရှိထားရမည် ဖြစ်ပြီး ဘွဲ့မရရှိသေးသော်လည်း အချိန်ပြည့် ဒီပလိုမာ တစ်ခုခုနှင့် လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ရှိပါကလည်း လျှောက်ထားနိုင်သည်ဟု သိရသည်။ အသေးစိတ် သိရှိလိုပါက No. 148, 2nd Floor, On the Corner of 35th Street & Anawrahta Road, Kyauktada Township, Yangon, Myanmar. Tel: (+95)-1-391-155, Hp: 09-541-3823. Email: admin@skyward-sg.com, uko.skyward@gmail.com၊ website: www.skyward-sg.com.

# မြန်မာအဆင့်မြင့်အရာရှိကြီးများ၏ UK တက္ကသိုလ်များ လေ့လာရေး ခရီးစဉ်စတင်



ဗြိတိန်၊ အိန္ဒိယ၊ ထိုင်း၊ ဩစတြေးလျနိုင်ငံများရှိ တက္ကသိုလ်များ၏ အဆင့်မြင့်ပညာရေး ကဏ္ဍများတွင် မည်သို့ စီမံခန့်ခွဲ အုပ်ချုပ်သည်များကိုလေ့လာနိုင်ရန် ပထမခရီးစဉ် တစ်ခုဖြစ်သည့် UKရှိ တက္ကသိုလ်များသို့ လေ့လာရေး ခရီးစဉ်သို့ ပညာရေးဝန်ကြီးဌာန ဒုတိယပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြတ်ကျော်တို့ ပါဝင်သောအဖွဲ့သည် မေလ ၁ရက်နေ့တွင် UKသို့ ထွက်ခွာသွားခဲ့သည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် မေလ ၁ရက်နေ့မှ ၃ရက်နေ့ များတွင် Scotlandနိုင်ငံ Edinburghမြို့ရှိ တက္ကသိုလ်၊ မေလ ၇ ရက်နှင့် ၈ရက်နေ့များတွင် Londonမြို့၌ University of Londonနှင့် ၎င်းလက်အောက်ရှိ တက္ကသိုလ်များသို့ သွားရောက်ခဲ့ကျကြောင်း၊ မေလ ၉ရက်နေ့တွင် University of Londonနှင့် ဗြိတိသျှကောင်စီတို့ ပူးတွဲကျင်းပသော "Myanmar - a new future through higher education? A Myanmar-UK policy dialogue"ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ပညာရေးမူဝါဒ ဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။ ခရီးစဉ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အဆင့်မြင့် ပညာရေး မူဝါဒချမှတ်သူများအား UKနိုင်ငံ၏ အဆင့်မြင့်ပညာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာပြီး မြန်မာနိုင်ငံ၏ အဆင့်မြင့် ပညာကဏ္ဍ ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချရန်ဖြစ်သည်။ ဤခရီးစဉ်သည် ရန်ကုန်တက္ကသိုလ် (ပင်မ) ပြန်လည်အသက်သွင်းရေးတွင် အကျိုးရှိစေမည်သာမက မြန်မာနိုင်ငံ၏ အဆင့်မြင့် ပညာရေးကဏ္ဍတွင် ရင်ဆိုင်နေရသော အခက်အခဲများကို သိရှိနားလည်စေရန်၊ UKရှိ ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုကို အားပေးရန်၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် UK ရှိ အဆင့်မြင့် ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွင် ပါဝင်အကြံပေးနိုင်ရန်တို့ကို ရည်ရွယ်ထားကြောင်းသိရသည်။

FREE SEMINAR
SKYWARD EDUCATION GROUP မှကြီးမှူး၍
စင်ကာပူနိုင်ငံရှိ NANYANG INSTITUTE OF MANAGEMENT
ပညာရေးနှီးနှော ဖလှယ်ပွဲ
IN HOUSE SEMINAR
- TOURISM HOSPITALITY
- EARLY CHILDHOOD EDUCATION
- CONSTRUCTION ENGINEERING
ကျင်းပမည့်အချိန် ---- ညနေ(၄) နာရီမှ ----
ကျင်းပမည့်နေ့ရက် ---- ၁၆.၀၅.၂၀၁၃ (ကြာသပတေးနေ့)
ကျင်းပမည့်နေရာ ---- SKYWARD EDUCATION GROUP
အမှတ်(၁၄၈)၊ ဒုတိယထပ်၊ အနော်ရထာလမ်းနှင့် ၃၅ လမ်းထိပ်၊ သင့်မြတ်စတိုးအပေါ်ထပ်၊ ကျောက်တံတားမြို့နယ်။
391155, 09 73066380 သို့ စာရင်းပေးသွင်းကြပါရန်
skyward
NANYANG INSTITUTE OF MANAGEMENT 南洋現代管理學院

လူကြီးမင်းတို့၏ ကွန်ပျူတာ ပြဿနာများအတွက် ဖုန်းဆက်လိုက်ရုံဖြင့် လာရောက် ပြုပြင်ပေးနေပါပြီ
Windows Installation - 3000
Android Phone Myanmar Font + Application Install - 3000
- လူကြီးမင်းတို့၏ ကွန်ပျူတာHardware ပျက်ဆီးမှုများကို ပြုပြင်ပေးခြင်း
- CDMA, GSMဖုန်းတို့ဖြင့် Internetအသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခြင်း
- လူကြီးမင်းတို့၏ အိမ်သုံး၊ ရုံးသုံး၊ ကုမ္ပဏီများနှင့် Internet ဆိုင်၊ ဂိမ်းဆိုင်များကို Networkချိတ်ဆက်ခြင်း
- PS2, PS3 စက်များကို ကွန်ပျူတာဖြင့် ချိတ်ဆက်ပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် စက်တိုင်း ခွေမလိုပဲ ဆော့ကစားနိုင်အောင်ဆောင်ရွက်ပေးခြင်း
Elite Engineering Group
အမှတ် (၁၂၃)၊ ပထမထပ်၊ ၃၉ လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ PH : ၀၉ - ၄၅၀၀၅၆၃၀၈

# Cell Phoneစနစ်ကို လမ်းကြောင်းပြခဲ့သူ W. Rae Young, Jr.

မင်းခန့်

မိုဘိုင်း တယ်လီဖုန်းနဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းကို ပြောမယ်ဆိုရင် W. Rae Youngကို မေ့ထားလို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ Raeက မိုဘိုင်း တယ်လီဖုန်းကို ပထမဆုံး တီထွင်နိုင်ခဲ့သူ မဟုတ်ပေမယ့် အရေးပါတဲ့ နည်းပညာတွေကို တီထွင် ဖန်တီးနိုင်ခဲ့လို့ပါ။ ဘာတွေ ဖန်တီးခဲ့တယ်၊ ဘာတွေ ဆန်းသစ်ခဲ့တယ်ဆိုတာ အရင်ဆုံး ရေးပြတာထက် စာကိုယ်မှာ ဖြည်းဖြည်းချင်း ဖော်ပြသွားတာက ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဆက်ဖတ်ကြည့်ပါဦးဗျာ။

William Rae Youngကို မက်ချီကန်ပြည်နယ်၊ လော်တန်မှာ ၁၉၁၅ ခုနှစ် အောက်တိုဘာ ၃၀ရက်နေ့က မွေးဖွားခဲ့ပါတယ်။ မွေးချင်းလေးယောက်ရှိပြီး အကြီးဆုံး သားဖြစ်ပါတယ်။ မိဘများကတော့ William Rae Young Sr.နဲ့ Elizabeth Emersomတို့ ဖြစ်ပါတယ်။ ဖခင်မှာ ဆရာဝန် တစ်ယောက်ဖြစ်ပြီး မိခင်ကတော့ ကျောင်းနေရင်း အိမ်ထောင်ကျခဲ့တာ ဖြစ်ပါတယ်။ ၁၉၃၇ ခုနှစ်မှာ Raeဟာ Mary Lou Traywickကို လပ်ထပ်ခဲ့ပြီး ကလေးသုံးယောက် ထွန်းကားခဲ့ပါတယ်။ ဂီတ တူရိယာ မျိုးစုံကို တီးခတ်ရတာ ဝါသနာထုံပြီး နှစ်ပေါင်း ၄၀ကျော်ကြာအောင် ဂီတဝိုင်း သုံးဝိုင်းနဲ့ တွဲဖက်တီးခတ် ဖျော်ဖြေခဲ့ပါသေးတယ်။ ၂၀၀၈ခုနှစ် မတ်လ ၇ရက်နေ့၊ Raeအသက် ၉၂ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

Raeဟာ မိုဘိုင်းဖုန်း စတင်တီထွင် ဖန်တီးခဲ့တဲ့ Bell Labsအဖွဲ့ရဲ့ အဖွဲ့ဝင် အင်ဂျင်နီယာ တစ်ယောက် ဖြစ်ပြီး ဆဲလ်ဖုန်းကို တီထွင်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလမှာ Raeဟာ ဆဲလ်ဖုန်းစနစ်တွေ အတွက် အရေးအကြီးဆုံး အပိုင်းဖြစ်တဲ့ Hexagonal Cell အယူအဆ ဆိုင်ရာ အတွေးအခေါ်တွေကို တီထွင်ကြံဆ ထုတ်ဖော် နိုင်ခဲ့ပါတယ်။ Raeဟာ ၁၉၃၇ခုနှစ်မှာ မက်ချီကန် တက္ကသိုလ်ကနေ လျှပ်စစ်အင်ဂျင်နီယာ အထူးပြုနဲ့ B.S ဒီဂရီကို ရရှိခဲ့ပါတယ်။

ပထမဆုံး အဖြစ် Bell Labsမှာ စတင် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး Bell Labsအတွက် ရေဒါစနစ်၊ တယ်လီဗီးရှင်း စနစ်၊ ဆက်သွယ်ရေး ဆိုင်ရာ စနစ်နဲ့ လျှို့ဝှက် စစ်ဖက်ရေးရာ သတင်းစနစ်တွေကို တီထွင် ဖန်တီးနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ Raeတစ်ယောက် နယူဂျာဆီပြည်နယ်က ဆမ်းမစ်မှာ မနေထိုင်ခင် အချိန်က နယူးယောက်ခ်မှာ နှစ်ပေါင်း များစွာ နေထိုင်ခဲ့ပါတယ်။

၁၉၄၂ခုနှစ်ကနေ ၁၉၄၅ ခုနှစ် အတွင်း Raeဟာ အမေရိကန် စစ်တပ်အတွက် ရေဒါနဲ့ ဆက်သွယ်ရေး ဆိုင်ရာ စနစ်တွေကို အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၄၅ခုနှစ် အရောက်မှာတော့ Raeဟာ မြို့ပြနဲ့ နယ်ဝေး နှစ်မျိုးစလုံး အသုံးပြုနိုင်မယ့် Mobile Radiotelephone Systemကို အကောင်အထည် ဖော်ဆောင်ခဲ့ပါတယ်။ Raeဟာ တည်နေရာ ပြောင်းလဲမှု အပေါ် မှီခိုနေရတဲ့ Frequencyဆိုင်ရာ အားနည်းချက်တွေကို လျှော့ချပြီး ပိုမို အဆင်ပြေမယ့် နည်းလမ်းတွေကို အသုံးချနိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်း Raeဟာ Radio Manufacturing Association(RMA)ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါတယ်။

၁၉၄၇ခုနှစ် အရောက်မှာတော့ ယခု ကျွန်တော်တို့ ဆဲလ်ဖုန်းလို့ ခေါ်တဲ့ ဆက်သွယ်ရေး ပစ္စည်းသစ် အကြောင်းကို RMA System Committeeဆီကို တင်ပြခဲ့ပါတယ်။ Raeနဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်တဲ့ Bell Labsက Douglas H. Ringကလည်း Raeရဲ့ စနစ်သစ်ကို အားပေး ထောက်ခံခဲ့ပါတယ်။ ဒါကြောင့် Rae တင်ပြခဲ့တဲ့ Hexagonal Cell Conceptကို ထောက်ခံကြောင်း အဆိုပြုလွှာကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ ဒါကြောင့်လည်း ၁၉၅၁ခုနှစ်မှာ Raeကို Cellular Systemဆိုင်ရာ အင်ဂျင်နီယာ အဖွဲ့ရဲ့ ခေါင်းဆောင် အဖြစ် တာဝန်ပေးအပ်ခြင်း


Image Credit: www.stiri.tvr.ro

ခံခဲ့ရသလို နောက်ပိုင်းမှာ Bell Labsရဲ့ Cellular Mobile Phone စနစ် တီထွင်မှု အဖွဲ့ချုပ်မှာ တာဝန်ခံ ဖြစ်လာပါတယ်။

၁၉၅၀ ပြည့်လွန် နှစ်များ အရောက်မှာ Raeဟာ နယူးဂျာဆီပြည်နယ်၊ မာရေးမှာ ရှိတဲ့ Bell Labsရဲ့ အခြားဌာနခွဲ တစ်ခုမှာ ပြောင်းလဲ တာဝန်ယူဆောင်ရွက်ခဲ့ပြီး Telephone Switching Systemနဲ့ Data Transmission Systemတွေကို တီထွင်နေခဲ့ပါတယ်။ ဒါ့အပြင် ၁၉၆၂ ခုနှစ်မှာ နယူဂျာဆီ ပြည်နယ်၊ ဟိုးမ်ဒဲလ်မှာ ရှိတဲ့ Bell Labsရဲ့ ဌာနခွဲ တစ်ခုကို ထပ်မံပြောင်းရွှေ့ တာဝန်ယူခဲ့ပါတယ်။ ၁၉၆၄ခုနှစ် အရောက်မှာတော့ IEEEလို့ ခေါ်တဲ့ Mobile Radio and Data Communication Systemကို ဖန်တီးခဲ့ပါတယ်။ ၁၉၇၉ခုနှစ် အရောက်မှာတော့ Raeဟာ Bell Labsအတွက် ၄၇နှစ်ကြာအောင် တာဝန် ထမ်းဆောင်ပြီး အနားယူခဲ့ပါတယ်။

Ref: www.wikipedia.com

# အလုပ်အကိုင်များ သေချာစေနိုင်သည့် ဘာသာရပ်များ ဆွေးနွေးပွဲ ကျင်းပမည်

သန့်စင်

အနာဂတ်တွင် အလုပ်အကိုင် အခွင့်အရေးများ သေချာစေနိုင်သည့် ဘာသာရပ်များ အကြောင်းကို စင်ကာပူနိုင်ငံ အစိုးရ၏ Edutrust 4 years ရရှိထားပြီး Industrial Relevent Programmesများကိုသာ သင်ကြားပို့ချနေသော Nanyang Institute of Managementမှ တာဝန်ရှိသူတစ်ဦးမှ မေလ ၁၇ရက်နေ့ မနက် ၁၀နာရီမှ ၁၂နာရီ အချိန်ထိ SR Worldwide Educationရုံးခန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ယင်းနေ့တွင် ကျောင်းအပ်သော ကျောင်းသား၊ ကျောင်းသူများကိုလည်း အထူး Promotion အနေဖြင့် Application Fees ၅၀ ရာခိုင်နှုန်း လျှော့ချပေးသွားမည် ဖြစ်သဖြင့် S$ 428 အစား S$ 214သာ ပေးသွင်းရန် လိုအပ်မည် ဖြစ်ပါသည်။

အဓိက ဆွေးနွေးမည့် အကြောင်းအရာများမှာ NIM၌ အဓိက သင်ယူနိုင်သည့် ဘာသာရပ်များ ဖြစ်သော ၁နှစ်သာ တက်ရုံမျှဖြင့် University of Ballarat, Australiaမှ ရရှိမည့် MBA program အကြောင်း၊ မြန်မာနိုင်ငံမှ AGTI, B. Tech, BE (Civil)များအတွက် ဘာသာရပ် အထူးကင်းလွတ်ခွင့် လျှောက်ထားနိုင်ပြီး အလုပ်အကိုင် အခွင့်အရေး အထူးကောင်းသည့် Diploma in Construction Engineering Program အကြောင်း ဆွေးနွေးသွားမည်ပင် ဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံတကာ၌ အလုပ်အကိုင် အခွင့်အလမ်း များပြားလာသည့် Diploma in Tourism and Hospitality Management ဘာသာရပ်ကိုလည်း စာတွေ့ ၈လ + Internship ၆လဖြင့် အချိန်တိုတို အတွင်းမှာ တက်ရောက် သင်ယူနိုင်သည့် အကြောင်းကိုလည်း အထူးတလည် ဆွေးနွေးသွားမည် ဖြစ်ပါသည်။

ယင်းပညာရေး ဆွေးနွေးပွဲကို စိတ်ဝင်စား၍ တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများ အနေနှင့် ယနေ့မှစ၍ SR Worldwide Educationတွင် ကြိုတင် စာရင်း ပေးသွင်းနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက SR Worldwide Education ဖုန်း - 01-246-188, 09- 542-8848တို့ကို ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။






# SAA-Global Education၏ FIAနှင့် ACCA ဘာသာရပ်ဆိုင်ရာများကို တစ်ဦးချင်း ဆွေးနွေးပေးမည်

သန့်စင်

SAA-Global Education, Singapore၏ သင်တန်းကြေး ပြောင်းလဲမှု၊ ပူးတွဲ ချီးမြှင့်မည့် လက်မှတ်များ၊ ဘာသာရပ် ကင်းလွတ်ခွင့်များ စသည့်တို့နှင့် ပတ်သက်၍ တစ်ဦးချင်း ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၃ခုနှစ်၊ မေလ ၉ရက်နေ့၊ နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိ AT&S Co., Ltd.အမှတ် (၁၄၀)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း (အထက်)၊ လသာမြို့နယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရှိရပါသည်။

စာရင်းကိုင် ဘာသာရပ်များ သင်ကြားမှုတွင် နှစ်ပေါင်း (၃၀)နီးပါး အတွေ့အကြုံ ရှိထားပြီး စင်ကာပူနိုင်ငံလုံးဆိုင်ရာ ပြည်သူ့စာရင်းကိုင် အဖွဲ့အစည်းကြီးများ ဖွင့်လှစ်ထားသည့် Singapore Accountancy Academy Global Education (SAA-GE)မှ တာဝန်ခံ အရာရှိဖြစ်သူ Le Viet Haiမှ တစ်ဦးချင်း ဆွေးနွေးပွဲကို ဦးဆောင် ဆွေးနွေးပေးမည် ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများမှ သိလိုသည်များကို အသေးစိတ် မေးမြန်းနိုင်ကြမည် ဖြစ်သည်။

၂၀၁၃ခုနှစ် ဇူလိုင်ကျောင်းဝင်ခွင့်မှ စ၍ SAA၏ FIAနှင့် ACCA ဘာသာရပ်များအတွက် ဘာသာရပ် ရွေးချယ်မှုနှင့် သွင်းငွေပမာဏ အပြောင်းအလဲများ ရှိနေခြင်းကြောင့် စာရင်းကိုင် ဘာသာရပ်ကို စိတ်ပါဝင်စားသူများ မဖြစ်မနေ တက်ရောက် သင့်သည့် ပညာရေး ဆွေးနွေးပွဲ ဖြစ်ပါသည်။ ACCA၏ ဘာသာရပ် (၁၄) ခု ရှိသည့်အနက် (၉)ခု ပြီးဆုံးသွားပါက စာတမ်းတစ်စောင် ပြုစုကာ Oxford Brookes University၏ BSc (Hons) in Applied Accounting Degreeကို လျှောက်ထား ရယူနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံမှ ဘွဲ့ရရှိပြီးသူများ၊ LCCI Level 3 Diploma ရရှိထားသူများသည် ACCA သို့ IELTS မလိုဘဲ တိုက်ရိုက် တက်ရောက်နိုင်မည် ဖြစ်သည်။

တစ်ဦးချင်း ဆွေးနွေးပွဲကို တက်ရောက်လိုသူများ အနေဖြင့် AT&S Co., Ltd. ဖုန်း - ၅၂၁-၁၂၅၊ ၆၅၂-၂၈၈၊ ၀၉-၅၀၆-၂၀၇၁၊ ၂၅၁-၃၃၂၊ ၀၉-၅၁၂-၄၇၆၁တို့သို့ ဆက်သွယ် စုံစမ်း စာရင်း ပေးသွင်းနိုင်ပါသည်။




အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 17

# သင့်ကို အလုပ်ရှင်က အလေးပေးလာဖို့ . . .

Sid



Image Credit: www.salon.com

## နိဒါန်း

ဆောင်းပါးထဲမှာ လုပ်ငန်းရှင်တွေရဲ့ ဝန်ထမ်းတွေအပေါ် ဘယ်လို လုပ်ရပ်တွေကို နှစ်မြို့က်တယ်၊ မနှစ်မြို့က်ဘူး၊ ဘာတွေ လုပ်သင့်တယ်၊ မလုပ်သင့်ဘူး ဆိုတာတွေကို သာဓကတွေနဲ့ တင်ပြထားပါတယ်။ လုပ်ငန်းရှင် သဘောကျနှစ်မြို့က်အောင် လုပ်ဆောင်နေထိုင်ခြင်းက သင့်အတွက် အထောက်အကူဖြစ်စေသလို တစ်ဖက်က လုပ်ငန်းရှင် အတွက်လည်း အချိန်နဲ့ စွမ်းအင်တွေကို တတ်နိုင်သလောက် ဖာထေးပေးရာ ရောက်ပါတယ်။ စွမ်းအင်လို့ သုံးလိုက်ရတဲ့ အကြောင်းကတော့ ငွေကြေး၊ စွမ်းဆောင်ရည်၊ အရည်အချင်းအပြင် အခြားသော အချက်တွေ အားလုံးကို ခြုံပြောလိုက်တာပါ။ ဆက်ဖတ်ကြည့်ရအောင်ဗျာ။

## တာဝန်ယူစိတ် အပြည့်ရှိခြင်း

လုပ်ငန်းရှင် တစ်ယောက်ရဲ့ ဝန်ထမ်းဆီက အလိုချင်ဆုံးအရာကို ထောက်ပြပါဆိုရင် အချိန်ကိုက် အလုပ်ပြီးမြောက်မှုနဲ့ တိကျမှု ဖြစ်ပါတယ်။ အချိန်ကိုက်ဆိုတာက ဘယ်နေ့၊ ဘယ်အချိန်မှာ ဘယ်အလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ရမယ်ဆိုတာကို တာဝန်ကျေစွာ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါတယ်။ တိကျမှု ဆိုတာက အချိန်မီ အလုပ်ပြီးစီးတိုင်း အရည်အသွေး မပြည့်တဲ့၊ တစ်နည်းပြောရရင် တိကျပြည့်စုံမှု မရှိတဲ့ ထွက်ကုန်ကို ပြီးစီးအောင် လုပ်ဆောင်ခြင်းထက်၊ အရည်အသွေး ပြည့်မီတဲ့ ကုန်ချောကို အချိန်မီ ပြီးစီးအောင် လုပ်ဆောင်နိုင်ခြင်းကို ဆိုလိုပါတယ်။

အကြောင်းကတော့ ဝန်ထမ်းတစ်ယောက်ရဲ့ အလုပ်ပြီးမြောက်မှုရဲ့ နောက်ဆက်တွဲ အဖြစ် သူရဲ့ အလုပ်ပြီးမြောက်မှုကြောင့် ရရှိလာတဲ့ ထွက်ကုန်ဟာ ကုန်ကြမ်းတစ်ဆင့် ဖြစ်နိုင်သလို ကုန်ချောလည်း ဖြစ်နိုင်တာကြောင့် အရေးကြီးလှပါတယ်။ ဥပမာ အနေနဲ့ဆိုရင် ကျွန်တော်တို့ အလုပ်မှာပဲ အလွယ်ကြည့်မယ်ဆိုရင် ဝန်ထမ်းတစ်ယောက်ချင်းစီရဲ့ အလုပ်ပြီးမြောက်မှုနဲ့ အတူ ရရှိလာတဲ့ သတင်းတွေ၊ စာတွေဟာ တစ်ခါတည်း ကုန်ချောအဖြစ်နဲ့ စာဖတ်သူ လက်ထဲ ရောက်ရှိသွားမှာ ဖြစ်လို့ စာစောင်ထွက်ရက် မတိုင်ခင် အချိန်မီ ပြီးမြောက်အောင် ရေးသားနိုင်ဖို့လိုအပ်သလို၊ အမှားအယွင်းမရှိပဲ ရေးသားတင်ပြနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒါက ကုန်ချောတစ်ခါတည်း ထွက်တဲ့ အလုပ်အမျိုးအစားမျိုးဖြစ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် လုပ်ကိုင်ဆောင်ရွက်ရတဲ့ အလုပ်မျိုးလည်း ရှိပါတယ်။

ဒါ့အပြင် တာဝန်ယူစိတ် အပြည့်ရှိခြင်း ဆိုတဲ့နေရာမှာ အလုပ်မပြီးမြောက်ခြင်း၊ မအောင်မြင်ခြင်းနဲ့ ချို့ယွင်းချက်များ ရှိခြင်းအတွက်လည်း တာဝန်ယူခြင်းတွေ ပါဝင်ပါတယ်။ မည်သူ တစ်ဦးတစ်ယောက်မှ ရာနှုန်းပြည့် ပြီးပြည့်စုံနိုင်ခြင်းမရှိတဲ့အတွက် ဝန်ထမ်းကိုယ်စီတိုင်းမှာလည်း အမှားအယွင်းဆိုတာမျိုး ဖြစ်ပေါ်တတ်မြဲ ဖြစ်ပြီး အဆိုပါ အမှားအယွင်းနှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ကိုလည်း တာဝန်ယူရဲခြင်းဆိုတာ ဝန်ထမ်းတိုင်း ရှိသင့်ပါတယ်။ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်အတွက် ရဲရဲရင့်ရင့်စွာ တာဝန်ယူသော၊ တစ်နည်း အပြစ်ဝန်ခံသော ဝန်ထမ်းအား မည်သို့သော အလုပ်ရှင်ကမှ အားနည်းချက်ကို ထပ်မံနင်းနေလိမ့်မည် မဟုတ်ပဲ နောက်နောင်အတွက်သာ ပြောကြားလိမ့်မည် ဖြစ်ပါတယ်။ ဒါ့အပြင် မိမိ အပြစ်၊ ချို့ယွင်းချက်ကို တာဝန်ယူရဲခြင်းမှာ လုပ်ငန်းရှင်၏ ယုံကြည်မှု၊ သဘောကျ နှစ်မြို့က်မှု တစ်ခုတည်းသာ ရရှိမှာမဟုတ်ပဲ ဝန်ထမ်းအချင်းချင်းအကြား လေးစားအားကျမှုကိုပါ တစ်ခါတည်း ရရှိမှာ ဖြစ်ပါတယ်။ ဆန့်ကျင်ဘက် လားရာဖြစ်သော တာဝန်ယူစိတ်မဲ့သော ဝန်ထမ်းမှာမူ ဆန့်ကျင်ဘက် အကျိုးကျေးဇူးများကိုသာ ရရှိပါလိမ့်မယ်။

ဒါကြောင့် အလုပ်ရှင်က ပေးအပ်တဲ့ တာဝန်ကို အချိန်မီ၊ အရည်အသွေးပြည့် လုပ်ဆောင်နိုင်ခြင်း၊ ဖြစ်ပေါ် ကြုံတွေ့လာနိုင်မယ့် ချို့ယွင်းချက်၊ အပြစ်အပေါ်မှာပါ တာဝန်ယူ ခေါင်းခံခြင်းတွေဟာ လုပ်ငန်းရှင်တွေကို သူတို့ရဲ့ ဝန်ထမ်းတွေအပေါ် သဘောကျနှစ်မြို့က်စေခြင်း ပထမ အချက်ဖြစ်ပါတယ်။

## သင်မှာ ကြိုတင်ပြင်ဆင်မှု ရှိပါစေ

ရှေးက ဆိုရိုးစကားတွေ ရှိပါတယ်။ ကံကောင်းခြင်း၊ အောင်မြင်ခြင်း ဆိုတာက ကြိုတင်ပြင်ဆင်ထားခြင်းရဲ့ ရလဒ်ဖြစ်တယ်လို့ ပြောလေ့ပြောထ စကားတွေကို လူအများ ကြားဖူးကြမယ် ထင်ပါတယ်။ ကျွန်တော်တို့ ဘာသာဝင်တွေတောင်မှ ဘုရားဟောတရား - ရှေးကပြုတဲ့ ကုသိုလ်ကံကြောင့် ယခုမျက်မှောက်မှာ အကျိုးတွေ ပြန်လည်ခံစားရတယ်ဆိုတာကို သက်ဝင်ယုံကြည်ကြတယ် မဟုတ်ပါလား။

ဥပမာ အနေနဲ့ ပြောရအောင်ဗျာ။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ကိုယ့်လုပ်ငန်းရှင်နဲ့ အစည်းအဝေး တစ်ခုကို လုပ်ကိုင်ဆောင်ရွက်တော့မယ်လို့ ဆိုကြပါစို့ဗျာ။ အဲဒီ အစည်းအဝေးမှာ သင်ဘာတွေ ပြောမယ်၊ ညှိနှိုင်းမယ် ဆိုတာတွေကို ကြိုတင်ပြီး မှတ်ချက်ကလေးတွေ လုပ်ထားမှသာ အစည်းအဝေးမှာ အဆင်ပြေချောမွေ့မှာ ဖြစ်တဲ့အပြင်၊ အကြောင်းချင်းရာ တစ်ချက်တစ်လေမှ မေ့လျော့တာ၊ ကျန်ရစ်တာတွေ မဖြစ်နိုင်တော့ပါဘူး။ ဒီလို ပြင်ဆင်ဆောင်ရွက်ခြင်းဟာ သင့်ရဲ့ အရည်အချင်း၊ စရိုက် လက္ခဏာကိုပါ ပြသရာရောက်ပါတယ်။ ဘယ်လို အကြီးအကဲ၊ ခေါင်းဆောင် တစ်ယောက်မှ အစည်းအဝေး၊ အခမ်းအနား တစ်ခုခုကို လက်တန်းထိုး ပြောဆိုဆွေးနွေးတယ်ဆိုတာ မရှိလို့ပါပဲ။ ဒီလို ကြိုတင် ပြင်ဆင်ဆောင်ရွက်တတ်တဲ့ အကျင့်စရိုက်ကြောင့် သင် ပြောဆို ဆွေးနွေးမယ့် အကြောင်းအရာတွေကို လုံးစေ့ပတ်စေ့ ပြည့်စုံအောင် ပြောဆိုနိုင်မှာ ဖြစ်တဲ့အပြင် အဲ့ဒီ အကျင့်စရိုက်ရှိသူကိုလည်း လုပ်ငန်းရှင်တွေက သဘောကျနှစ်မြို့က်မြဲ ဖြစ်ပါတယ်။

ဒီလို ကြိုတင် ပြင်ဆင်မှုတွေကြောင့် အကြောင်းအကျိုး ဆီလျော်အောင် ပြောဆို ဆွေးနွေးလာနိုင်တဲ့ အကျင့်ကောင်းတစ်ခု သင့်မှာ ရရှိလာမှာ ဖြစ်တဲ့အပြင်၊ အဲဒီ ကြိုတင် ပြင်ဆင်ချက်တွေကပဲ သင် အလုပ်အပေါ် ဘယ်လောက် စိတ်ပါဝင်စားမှု ရှိသလဲဆိုတာ သက်သေပြနေမှာပါ။ အကြောင်းကတော့ ထွက်ကုန်ပိုင်းဆိုင်ရာ ပြစ်ချက်ကြောင့် ဖြစ်စေ၊ ဝန်ထမ်းရွေးချယ် ခန့်ထားရေး အတွက်ဖြစ်စေ၊ လုပ်ငန်းတိုးချဲ့ဖို့ရာ အတွက်ပဲ ဖြစ်စေ ဆွေးနွေးစရာ ပေါ်ပေါက်ကြုံတွေ့ လာရချိန်မှာ အမှန်တကယ် ကိုယ့်တာဝန်၊ ကိုယ့်အလုပ်ကို စိတ်ပါဝင်စားသူ တစ်ယောက်ကသာ ဖြစ်ပေါ်နေတဲ့ ပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်မယ့်နည်းလမ်းကို အကြံပေးနိုင်မှာ ဖြစ်သလို၊ သင့်တော်တဲ့ ဝန်ထမ်းခန့်ထားမှုဆိုင်ရာ၊ လုပ်ငန်းတိုးချဲ့နိုင်မှု ဆိုင်ရာတွေကို အကောင်းဆုံး အကြံဉာဏ် ပေးနိုင်မှာပဲ ဖြစ်လို့ပါ။

ဒါကြောင့် အဲဒီလို ကြိုတင် ပြင်ဆင်မှု ပြုလုပ်လေ့ရှိတဲ့ ဝန်ထမ်းတွေဟာ လုပ်ငန်းအတွက် တကယ် အကျိုးရှိစေမယ့် အချက်အလက်၊ အထောက်အထားတွေကို တင်ပြဆွေးနွေးနိုင်မှာ ဖြစ်သလို အမှန်တကယ် အလုပ်ကို စိတ်ပါဝင်စားကြောင်း သက်သေပြတဲ့ သဘောကို ဆောင်နေတဲ့အတွက် အလုပ်ရှင်တွေရဲ့ သဘောကျ နှစ်မြို့က်ခြင်းတွေကို ခံရမြဲ ဖြစ်မှာပါ။

Ref: www.news.com.au

ဆက်လက်ဖော်ပြပါမည် . . .

**CARTOON BY**

သီဟ
(စခန်းသစ်)



# 3D Printerထုတ် သေနတ် ပတ်ခတ်နိုင်



*Image Credit: www.tech.fortune.cnn.com*

Sid

3D Printerနည်းပညာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံး သေနတ်ကို ပြီးခဲ့တဲ့ စနေနေ့က အမေရိကန်နိုင်ငံ၊တက္ကဆက်ပြည်နယ်အော်စတင်မှာ ပတ်ခတ်စမ်းသပ် အောင်မြင်ခဲ့ပါတယ်။ စမ်းသပ်အောင်မြင်ခဲ့တဲ့ အဖွဲ့ဟာ နှစ်ပေါင်းများစွာကြာအောင် လေ့လာမှုများ လုပ်ဆောင်ခဲ့ရကြောင်း ပြောကြားခဲ့ပြီး အမေရိကန်နိုင်ငံ လက်နက်တားမြစ် တိုက်ဖျက်ရေးအဖွဲ့ကတော့ အဆိုပါ တီထွင်မှုနဲ့ ပတ်သက်ပြီး ကန့်ကွက်ခဲ့ပါတယ်။ ဥရောပဆိုက်ဘာ ရာဇဝတ်အဖွဲ့ကတော့ ရာဇဝတ်မှု ကျူးလွန်သူများအတွက် အထောက်အကူ ဖြစ်စေလိမ့်မယ်လို့ ပြောပါတယ်။ အဆိုပါ သေနတ်မှာ ABS အမျိုးအစား ပလက်စတစ်အလွှာပေါင်းများစွာကို အထပ်ထပ် တည်ဆောက်ပြီးမှာ ရရှိနိုင်မည်ဖြစ်ကာ စွန့်စားမှုတစ်ရပ်အသွင်နဲ့ရော အောင်မြင်မှု တစ်ခုအနေနဲ့ပါ မှတ်ယူနိုင်ကြောင်း ဆိုပါတယ်။ သေနတ်ကို တည်ဆောက်ရရှိဖို့အတွက် eBayမှ တစ်ဆင့်ဝယ်ယူ ရရှိမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ ဒေါ်လာ ၈၀၀၀ ဖြစ်ပါတယ်။ ATFမှ Donna Sellerကတော့ National Firearm Actအရ 3D သေနတ်ဟာ Automatic Gunတွေကဲ့သို့ မကြာခင် တရားဝင် ဖြစ်လာလိမ့်မယ်လို့ ပြောပါတယ်။

Ref: www.bbc.co.uk

# Toyotaမှ Corollaကားအသစ်ကိုပြသ




*Image Credit: www.tech.fortune.cnn.com*

Sid

Toyotaရဲ့ Corollaမော်ဒယ်ဟာ ၁၉၆၆ ခုနှစ်က ဂျပန်နိုင်ငံမှာ ပထမဆုံး မိတ်ဆက် ရောင်းချခဲ့တာ ဖြစ်ပြီး နောက်နှစ်နှစ် အကြာမှာ အမေရိကန်ကို တင်သွင်းနိုင်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် အရောက်မှာတော့ တစ်ကမ္ဘာလုံးမှာ Corolla ကားအစီးရေ သန်း ၃၀ ကျော် ရောင်းချနိုင်ခဲ့ပါတယ်။ အမေရိကန်မှာ ဆိုရင်လည်းလူကြိုက်အများဆုံးအဆင့်မှာ ဒီနေ့အထိ Camry Familyဝင် ဖြစ်တဲ့ Sedanတွေပြီးရင် ဒုတိယနေရာမှာ လိုက်နိုင်နေဆဲ ဖြစ်ပါတယ်။ ကမ္ဘာ့ကားဈေးကွက်မှာလည်း Toyotaဟာ နိုင်ငံပေါင်း ၁၀၀ ကျော်ကို ကားတွေ ဖြန့်ဖြူးရောင်းချနိုင်နေပါတယ်။ ဒါကြောင့် တစ်ချိန်က အောင်မြင်ခဲ့တဲ့ Corollaကားတွေကို ဒီဇိုင်းအပိုင်း ပြန်လည်ဖန်တီးမှုတွေ နှစ်ပေါင်းများစွာ ကြာအောင် လုပ်ဆောင်ပြီး ပြန်လည် ဖြန့်ချိတော့မှာ ဖြစ်ကြောင်း Toyotaရဲ့ ပြောရေးဆိုခွင့်ရှိသူ Maurice Durandက ပြောပါတယ်။ Toyotaဟာ ပြီးခဲ့တဲ့ ဧပြီလအတွင်းက Hondaရဲ့ Civicနဲ့ Hyundaiရဲ့ Elantraတို့ကြောင့် ဈေးကွက်ဆုံးရှုံးခဲ့ရတာကြောင့် Corollaအတွက် စိန်ခေါ်မှုတွေ စောင့်ဆိုင်းနေပါတယ်။ Corollaအသစ်နဲ့ ပတ်သက်ပြီး လာမည့် ဇွန်လ အစောပိုင်းမှာ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား ပြည်နယ်မှာ စတင်မိတ်ဆက် ပြသသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

Ref: www.cnn.com

# Samsungက SmartPhoneသုံး 16MP ကင်မရာသစ် ထုတ်

မင်းခန့်

ပြီးခဲ့တဲ့ နှစ်အတွင်းက စပြီး Samsungဟာ SmartPhoneတွေမှာ အင်တာနက်နဲ့ တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်မယ့် ကင်မရာ တစ်လုံးကို ထုတ်လုပ်နိုင်ဖို့ ကြိုးစားခဲ့ပြီး မကြာခင်ကာလကမှ အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ နည်းပညာ သတင်းများဖော်ပြနိုင်မှုမှာ ယုံကြည်စိတ်ချရတဲ့ သတင်းတွေ ပေးစွမ်းနိုင်တဲ့ SamMobile အမည်ရှိ နည်းပညာWebsiteမှာ ဖော်ပြထားချက်များအရ Samsungဟာ သူရဲ့မော်ဒယ်သစ် S4အတွက် Zoom ကင်မရာတစ်လုံး ဖြန့်ချိဖို့ ရှိနေပြီး 16 MPစွမ်းအား ရှိမယ်လို့ ဆိုပါတယ်။ အဆိုပါ မော်ဒယ်သစ်ကင်မရာဟာ လက်ရှိ Samsungထုတ် Galaxyဖုန်းတွေမှာ ပါရှိတဲ့ ကင်မရာတွေနဲ့ အမျိုးအစားတူ ဖြစ်ပြီးတော့ ထူးခြားမှုတစ်ခုအဖြစ် ဖုန်းတွေထဲက ဓါတ်ပုံတွေကို Facebookနဲ့ Istreamတွေပေါ်ကို Uploadအလွယ်တကူ လုပ်နိုင်မှာ ဖြစ်ကြောင်း သိရပါတယ်။ ယခု camera အသစ်မှာ Smartphone Cameraအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပြီး၊ Internetနှင့် တိုက်ရိုက်ချိတ်ဆက် နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ယခု ကင်မရာဟာ ဈေးကွက်တင်ပြီး ဖုန်းတွေက ကင်မရာတွေထက် အရည်အသွေးပိုမို ကောင်းမွန်တဲ့ ပုံရိပ်တွေကို ရိုက်ကူးပေးနိုင်မှာ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

Ref: www.latimes.com

# SmartPhoneဈေးကွက်မှာ LG နံပါတ် ၃ နေရာရရှိ




*Image Credit: www.thenextweb.com*

လင်းထက်

၂၀၁၃ ခုနှစ် ပထမ သုံးလတာ ကာလအတွင်း SmartPhoneရောင်းချရမှု အပိုင်း၏ ဈေးကွက်နေရာ ရရှိမှုအပိုင်းမှာ LG Electronics Inc.က နံပါတ်သုံး ရရှိခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ကာလအတွင်း LGက SmartPhone အရေအတွက် ၁၀.၃ သန်းကျော် ရောင်းချခဲ့ရပြီး ယခင်နှစ်များက ၄.၉ သန်းရောင်းချရမှုနှင့်စာရင် နှစ်ဆကျော် တိုးတက်လာကြောင်း သိရှိရပါတယ်။ ဈေးကွက် ပိုင်ဆိုင်မှုအရ LGက ဈေးကွက်ရဲ့ ၄.၉ ရာခိုင်နှုန်းနှင့် တတိယ၊ တရုတ်အခြေစိုက် Huaweiက ၄.၈ ရာခိုင်နှုန်းနှင့် စတုတ္ထ၊ ZTEက ၄.၃ ရာခိုင်နှုန်းနှင့် ပဥ္စမ နေရာတို့တွင် ရပ်တည်နိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် LGက တာဝန်ရှိသူတွေကတော့ ဒီလောက်ထိ အောင်မြင်မှု ရရှိခဲ့တဲ့ အတွက် ကျေနပ်ကြောင်းနှင့် အိန္ဒိယနဲ့ တရုတ်ဈေးကွက်များအား ယခုထက် ပိုမိုထိုးဖောက်နိုင်အောင် ထပ်မံကြိုးစားသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ မှတ်တမ်းများအရ တရုတ်နိုင်ငံတွင် Huaweiနှင့် ZTEတို့မှာ အရောင်းဆိုင်ပေါင်းများစွာ ဖွင့်လှစ်ထားရှိနိုင်ခြင်းများကြောင့် အောင်မြင်မှုများ ရရှိနေပြီး LGကလည်း အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်သွားရန် ရှိနေကြောင်း သိရပါတယ်။ ဈေးကွက်၏ ထိပ်ဆုံးမှ ကုမ္ပဏီများမှာ ဂျပန် အခြေစိုက် Sonyနှင့် ထိုင်ဝမ် အခြေစိုက် HTCတို့ ဖြစ်ပါတယ်။

Ref: www.wsj.com

# အင်္ဂါဂြိုလ်ပေါ်ရှိ Sharpတောင် ဖြစ်ပေါ်လာပုံ ခန့်မှန်းမှု အသစ်ထွက်ပေါ်




*Image Credit: www.mars.jpl.nasa.gov*

Sid

အင်္ဂါဂြိုလ်ပေါ်တွင် သက်ရှိများ နေထိုင်ခဲ့ကြခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ရန် အကောင်းဆုံးအဖြစ် သတ်မှတ်ထားခဲ့ကြသော Sharpတောင် ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ခန့်မှန်းချက် အသစ်များ ထွက်ပေါ်လာခဲ့ပါသည်။ ပရင်စတန် တက္ကသိုလ်နှင့် ကယ်လီဖိုးနီးယား နည်းပညာသိပ္ပံတို့၏ ပူးပေါင်း လေ့လာမှုများအရ အင်္ဂါဂြိုလ်ပေါ်ရှိ Galeချိုင့်ဝှမ်းအတွင်း တည်ရှိသော Sharpတောင်ဟာ ယခင်က ယူဆထား သကဲ့သို့ ရေကြောင့် ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ပဲ လေကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်တယ်လို့ ယူဆကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက် အသစ်များအရ အဆိုပါ ချိုင့်ဝှမ်းအတွင်း လေထုစီးကြောင်း တစ်ခုခုဟာ နှစ်သန်းပေါင်း ရာချီပြီး တိုက်ခတ်ရာမှ အနည်ကျကျောက်ဆန်သော အဆိုပါ တောင်ကြီး ဖြစ်ပေါ်လာကြောင်းကို ကွန်ပျူတာပုံရိပ်များနဲ့ ပုံဖော်ပြီး တင်ပြထားတာကို တွေ့ရပါသည်။ အဆိုပါ Sharpတောင်အား ယခင်က ရေထု တည်ရှိမှုကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆခဲ့သည့်အတွက် ရှေးအခါက အင်္ဂါဂြိုလ်ပေါ်မှာ သက်ရှိများ နေထိုင်ခဲ့ခြင်း ရှိ၊ မရှိနှင့် ပတ်သက်ပြီး လေ့လာမှုများ ဆောင်ရွက်ရန် ဂြိုလ်တုတစ်စင်း လွှတ်တင်ထားရှိခဲ့ပြီး ဖြစ်ကာ အဆိုပါ စူးစမ်းလေ့လာရေး ယာဉ်မှာ Galeချိုင့်ဝှမ်းအတွင်း လွန်ခဲ့သော ရှစ်လကတည်းက ရောက်ရှိနေခဲ့ပြီး Sharpတောင်သို့ ချဉ်းကပ်ရန် ၆ မိုင်ခန့် လိုနေသေးကြောင်း သိရပါသည်။

Ref: www.sciencedaily.com

How-to

# Wireless Chargingတွေ ဘယ်လို အလုပ်လုပ်သလဲ...ဘယ်လို အသုံးပြုမလဲ...

မင်းအနီ

Wireless Chargingတွေဟာ နောက်ဆုံးပေါ် SmartPhoneတွေမှာ သုံးစွဲလာကြပြီးတော့ အလွယ်တကူ တွေ့မြင်နိုင်မယ့် Phoneတွေက Google Nexus 4,Samsung Galaxy S4နဲ့ Nokia Lumia 920တွေမှာ အသုံးပြုနေကြပါတယ်။ ဒါ့အပြင် iPhone 5မှာလည်း အဲဒီစွမ်းဆောင်ချက်ကို အသုံးပြုနိုင်ပါသေးတယ်။ Wireless Chargerတွေက လျှပ်စစ်သံလိုက် စွမ်းအင်သုံး ပစ္စည်းတွေ ဖြစ်ပါတယ်။ Chargerရဲ့ အားသာချက်က Cableတွေနဲ့ ချိတ်ဆက်စရာမလိုပဲ မျက်နှာပြင်ပေါ် တင်ထားရုံနဲ့ အားသွင်းနိုင်မှာ ဖြစ်ပါတယ်။

Wireless Chargerက USBတွေနဲ့ ချိတ်ဆက်စရာ မလိုပဲ အားသွင်းတဲ့ အလုပ်ကို လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပြီးတော့ သင့်ရဲ့ SmartPhoneကို Chargerရဲ့ မျက်နှာပြင်ပေါ် တင်လိုက်ရုံပါပဲ။ ဘာကြောင့် ကြိုးမဲ့စနစ်နဲ့ အလုပ်လုပ်နိုင်သလဲ ဆိုရင် လျှပ်စစ်စွမ်းအင်ကို လွှင့်ထုတ်နိုင်ဖို့ သံလိုက်စွမ်းအင်ကို အသုံးပြုထားလို့ပါ။ နံရံမှာ ချိတ်ဆက်တပ်ဆင်ထားတဲ့ Charger ထဲကို လျှပ်စစ်စွမ်းအင် ဝင်ရောက်လာပြီး Chargerက သံလိုက်စွမ်းအင် အသုံးပြုပြီးတော့ လျှပ်စစ်ဓါတ်အားကို SmartPhoneတွေဆီ ဝင်ရောက်သွားအောင် လုပ်ဆောင်ပေးပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက ကိုယ်အားသွင်းမယ့် SmartPhoneနဲ့ Chargerရဲ့ စနစ်နဲ့ ကိုက်ညီမှု ရှိဖို့လည်း လိုအပ်ပါတယ်။ တကယ်လို့ Chargerနဲ့ သင့်ဖုန်းရဲ့ စနစ်တွေ မကိုက်ညီရင်တော့ အားသွင်းနိုင်မှာ မဟုတ်ပါဘူး။

အခု ကျွန်တော်တို့ ပြောမှာက SmartPhoneတွေ Wireless စနစ်နဲ့ အားသွင်းမယ့် အကြောင်းကို ပြောမှာပါ။ တကယ်လို့ သင့်မှာ Electric Toothbrushရှိမယ်ဆိုရင်တော့ Wireless Chargingအတွက် အဆင်သင့် အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် သူမှာလည်း အားနည်းချက် ရှိပါတယ်နော်၊ တခြားတော့ မဟုတ်ပါဘူး၊ Toothbrushမှာ ရေ အကျွင်းအကျန်ရှိရင် Shock ဖြစ်နိုင်တာပဲ ဖြစ်ပါတယ်။

ဒီနေ့ကာလမှာ Wireless Chargingတွေ တနေ့တခြား အသုံးများလာပါပြီ။ Coilစနစ်ပါတဲ့ ဖုန်းတွေကို အလွယ်တကူ ဝယ်ယူရရှိနိုင်နေပါပြီ။ Charging တွေလည်း လွယ်လွယ် ရနိုင်နေပါပြီ။ ဒါပေမယ့် အဲဒီလို လွယ်လွယ် ရနိုင်နေတဲ့ ပစ္စည်းတွေမှာ Chargerတွေရဲ့ စနစ်လည်ပတ်ပုံခြင်း မတူညီတာတွေ့ရတာပါပဲ။ ထုတ်တဲ့ ကုမ္ပဏီ မတူညီရင် စနစ်လည်း မတူညီတာကြောင့် Wireless Chargerဖြစ်တိုင်း ကိုယ့်ဖုန်းနဲ့ Match မဖြစ်နိုင်ပါဘူး။

အဓိက Standard ဖွဲ့စည်းမှု ပုံစံသုံးမျိုး ရှိပါတယ်။ အဲဒါတွေက Qi, PMA (Power Matter Alliance) Powermatနဲ့ A4WP (Alliance for wireless power)တွေ ဖြစ်ပါတယ်။ ဥပမာ ပြောရရင် Googleဟာ အရင်ကတည်းက PMAရဲ့ နည်းပညာနဲ့ Matchဖြစ်ပေမယ့် အခုအခါမှာတော့ Nexus 4


PMA Wireless Charger


Powermat Wireless Charger


Qi Wireless Charger

အပါအဝင် ဖုန်းတွေဟာ LGက ထုတ်တဲ့ Qiနဲ့ပါ Matchဖြစ်နေပါတယ်။ ဘာကြောင့်လဲ ဆိုတော့ LGက PMAနဲ့ ဆက်သွယ်လုပ်ကိုင်နေလို့ပါပဲ။

သင့်အနေနဲ့ Wireless Chargingသုံးတော့မယ်ဆိုရင် စနစ်ကိုက်ညီမှု ရှိတဲ့ Smartphoneနဲ့ Chargerတွေ လိုအပ်လာပါပြီ။ ကျွန်တော် အလွယ်ပြောနိုင်တဲ့ Wireless Chargingလုပ်နိုင်မယ့် SmartPhoneတွေကတော့ Google Nexus 4, Samsung Galaxy S4 (သင့် အနေနဲ့ Wireless Charging Cover လိုအပ်မှာဖြစ်ပြီးတော့ Galaxy S4ရဲ့ Back Panelမှာ တပ်ဆင်အသုံးပြုရမှာပါ), HTC Droid DNA ( HTC Oneအပါအဝင် အခြား HTCတွေမှာ Wireless Charging မသုံးနိုင်ပါဘူး), Nokia Lumia 820, Nokia Lumia 920, iPhone 5 (ပုံမှန်မှာတော့ iPhone 5မှာ Wireless Chargingစနစ် မပါပါဘူး၊ ဒါပေမယ့် Powermat Caseကို ဝယ်ပြီး Wireless Charging လုပ်ဆောင် သုံးစွဲနိုင်မှာပါ) ဖြစ်ပါတယ်။

အခု ပြောခဲ့တဲ့ SmartPhoneတွေက Qiစနစ်သုံး ဖုန်းတွေ ဖြစ်ပါတယ်။ iPhone တစ်မျိုးကတော့ Powermatကို အသုံးပြုရတာ ချွင်းချက်ဖြစ်ပါတယ်။ သတိပြုစရာ တစ်ချက်ကတော့ သင့်ဖုန်းအားသွင်းချိန်တိုင်း သေချာအောင် အားသွင်းပါ။ တစ်ခါတစ်ရံမှာ Shockဖြစ်နိုင်ပါတယ်နော်။

Ref: www.howtogeek.com

## Samsung Galaxy တွေကို Font Style ပြောင်းကြမယ်

ရသား

ဒီတစ်ပတ်အတွက် Android How toကို ကိုယ်တိုင်ပဲ အလွယ်တကူ လုပ်နိုင်မယ့် အကြောင်းအရာလေးတွေကိုပဲ ပြောပြချင်ပါတယ်။ Samsung Galaxy တွေမှာပါတဲ့ Functionတစ်ခုက တခြား Android ဖုန်းတွေမှာမပါတဲ့ အကြောင်းကို အရင်ပြောချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ Font Style ပြောင်းတာပါပဲ။ Font Style ပြောင်းရင် ဘာတွေ ထူးခြားလာမှာလဲ ဆိုတော့ ဘာမှတော့ မထူးခြားပါဘူး။ ဒါပေမဲ့ Samsung Galaxy စီးရီးကို အသုံးပြုတဲ့ သူတွေအတွက် ဖုန်းတစ်ခုလုံးမှာရှိတဲ့ စာလုံးတွေကို ပြောင်းလဲ အသုံးပြုချင်တဲ့ သူတွေအတွက် ဒီ Font Styleလေးကို ထည့်ပေးထားတာပါ။ Font Style ပြောင်းလဲ အသုံးပြုလိုက်တာနဲ့ ဖုန်းထဲမှာရှိတဲ့ ရှိသမျှ စာလုံးတွေ ပုံစံပြောင်းသွားမှာပါ။ ဖုန်းထဲမှာ Defult ပါတဲ့ Font Styleတွေအပြင် တခြား Font Style တွေကိုပါ Install လုပ်ပြီး ပြောင်းလဲလို့ ရပါသေးတယ်။ Samsung Galaxy မှာပါတဲ့ Font Styleတွေကို ဘယ်လိုပြောင်းရမလဲဆိုတာ ပြောပြပါ့မယ်။ ဒါတွေက ကိုယ်တိုင် လုပ်နိုင်တဲ့ လွယ်ကူရိုးရှင်းတဲ့ Featureတွေပါပဲ။

အရင်ဆုံး ဖုန်းထဲမှာပါတဲ့ Font Styleတွေကို ပြောင်းကြည့်ရအောင်။ Settingထဲသွားလိုက်ပါ၊ Display ထဲမှာရှိတဲ့ Brightnesကို ရွေးပြီးရင် Font-styleကို တွေ့ပါလိမ့်မယ်။ Font Styleကိုတွေ့ရင် ဖုန်းထဲမှာ အစ ကတည်းက ရှိတဲ့ Font styleတွေကို တွေ့ပါလိမ့်မယ်။ ကြိုက်နှစ်သက်တဲ့ Font styleကို ရွေးပြီး Ok လုပ်လိုက်ပါ။ Back ပြန်ထွက်ပြီး ကြည့်လိုက်တာနဲ့ Font Style တွေ ပြောင်းနေတာကို တွေ့ရပါလိမ့်မယ်။ ဒီလိုနည်းနဲ့ Font Style ပြောင်းလဲ အသုံးပြုလို့ ရပါတယ်။ တခြား Font Styleတွေကိုလည်း Install လုပ်ပြီး ဒီနည်းအတိုင်း အသုံးပြုလို့ ရပါသေးတယ်။ လွယ်ကူရိုးရှင်းပေမယ့်လည်း တစ်ခါတလေ ကိုယ်မသိတော့ အထူးအဆန်း ဖြစ်တတ်တဲ့အတွက် Android ဗဟုသုတလေး ရနိုင်အောင် တင်ဆက်ပေးလိုက်ရပါတယ်ဗျာ။

Ref: www.howtogeek.com

## RingCut အသုံးပြုနည်း





ရသား

Android ဖုန်းတွေပေါ်မှာပဲ ကိုယ်ကြိုက်တဲ့ သီချင်းတွေကို Ringtone လုပ်နိုင်မယ့် Apkတစ်ခုပါ။ ကိုယ်ကြိုက်တဲ့ သီချင်းတွေကို ကြိုက်တဲ့ နေရာကနေ တည်းဖြတ်နိုင်တဲ့အပြင် Mp3 Cutter အနေနဲ့လည်း အသုံးပြုလို့ ရနိုင်ပါတယ်။ နာမည်က RingCutလို့ ခေါ်ပါတယ်။ One Mobileကနေ Download ရယူပြီး အသုံးပြုလို့ ရပါတယ်။ File Sizeက 643KB ရှိပြီး ဖြတ်ထားသမျှ သီချင်းတွေကို Ringtoneအဖြစ် ဖုန်းထဲမှာ သိမ်းထားလို့ ရနိုင်ပါသေးတယ်။

Ref: www.howtogeek.com

## သင့်ကွန်ပျူတာကို မြန်နှုန်းမြှင့်ရအောင်...




လင်းအောက်

သင့် ကွန်ပျူတာက အလုပ်လုပ်တာတွေ အရမ်းနှေးနေပြီဆိုရင် Cleaning Processလုပ်ဖို့ လိုအပ်မှာ ဖြစ်သလို တစ်ခါတစ်ရံမှာ အခြားသော အကြောင်းအရာများကြောင့်လည်း နှေးကွေးမှုတွေ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တခြား ပြစ်ချက်ကြီးကြီးမားမား မရှိပဲ သင့် PCက နှေးနေပြီ ဆိုရင်တော့ မြန်နှုန်းမြှင့်နိုင်အောင် အောက်ပါအတိုင်း လုပ်ဆောင်နိုင်မှာပါ။ ပထမ အဆင့်အနေနဲ့ သင် မသုံးတာ ကြာပြီဖြစ်တဲ့ Softwareတွေ၊ တစ်နည်း သင်မသုံးတဲ့ Softwareတွေကို ဖြုတ်ပစ်လိုက်ပါ(Uninstall လုပ်ပါ)။ အထူးသဖြင့် Start barနဲ့ Browerတွေမှာ Plug inလုပ်ထားတဲ့ Softwareတွေ ဖြစ်ပါတယ်။ နောက်တစ်ချက်က Startup မှာ မလိုအပ်တဲ့ Applicationတွေကို ဖြုတ်ပစ်လိုက်ပါ။ Uninstallကို ဆိုလိုတာ မဟုတ်ပဲ Disableလုပ်ဖို့ ပြောတာပါ။

တကယ်လို့ သင့် ကွန်ပျူတာမှာ Errorတစ်ခုခု အမြဲဖြစ်နေတတ်တယ်ဆိုရင် Error Messageတွေ ထုတ်ပေးဖို့အတွက် Miscrosoft Security Essentialလို Softwareမျိုးကို Runပေးဖို့ လိုအပ်ပါတယ်။ ဒါဆိုရင် Googleက Error Messageတွေကို သင့် အတွက်အမြဲ ပို့ပေးနေပါလိမ့်မယ်။ နောက်ဆုံး အထက်ပါ နည်းလမ်းတွေနဲ့ မရတော့ဘူးဆိုရင်တော့ သင့် PCကို Windowအသစ်သာ ပြန်တင်လိုက်ပါတော့။ တကယ်လို့ သင်ဟာ Window 8သုံးစွဲနေရင်တော့ Refresh Your PC Featureကို အသုံးပြုနိုင်ပါတယ်။

Ref: www.howtogeek.com

## Web Guide

## အမျိုးသမီး မဂ္ဂဇင်း



http://www.cosmopolitan.com

နိုင်ငံခြား၊ လူမျိုးခြား၊ ဘယ်လိုပင် ယဉ်ကျေးမှု မတူညီနိုင်ပါစေ၊ တူညီတာကတော့ အခုခေတ် မိန်းမတွေဟာ လှချင်၊ ပချင်ရုံမျှမက ပုရိသတွေကို စွဲဆောင်မှုရှိတဲ့ သူတစ်ယောက် ဖြစ်ချင်ကြတာပါ။ ဒီဝက်ဘ်ဆိုက်ကတော့ Fashion, Sex Advice, Dating Tipsနဲ့ Celebrity Newsတွေကို ဖော်ပြပေးနေတဲ့ အွန်လိုင်း အမျိုးသမီး မဂ္ဂဇင်း ဖြစ်ပါတယ်။ ဆံကေသာ၊ အသားအရေ၊ Celebrity ဖက်ရှင်ဆိုင်ရာ လျို့ဝှက်ဝှက်နဲ့ အကြံပေးချက် ဆောင်းပါးတွေ၊ အချက်အလက်တွေနဲ့ နှလုံးသားရေးရာ၊ ချစ်မှုရေးရာတွေ ရေးသား တင်ပြပေးထားပြီး ခေတ်မီမီ လှပချင်သူတွေ၊ ခေတ်နဲ့အညီ သိထားသင့်တဲ့ အရာတွေ ဖြစ်လို့ သင်အင်တာနက် ကြည့်ပြီဆိုရင် ဖယ်ချန်ထားမရတဲ့ ဝက်ဘ်ဆိုက်တွေထဲက တစ်ခုပါပဲ။

## အခမဲ့ မိုဘိုင်းဒေါင်းလုပ်



http://www.crazy4mobilez.com

မိုဘိုင်း ဖုန်းနဲ့ ပတ်သက်တာတွေ အခမဲ့ ဒေါင်းလုပ် ဆွဲယူနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ Mobile Software, Text Messages, Mobile Themes, Unlocking Code, Mobile Fonts, s60 Software, s60 Themes, N Series Applications, N Series Themes, iPhone Application, s60v5 Application နဲ့Picuture Messageစတဲ့ မိုဘိုင်း ဖုန်းဆိုင်ရာ အချက်အလက်တွေ ရယူနိုင်မှာဖြစ်ပြီး Register လုပ်စရာ မလိုတဲ့အပြင် One Clickတည်းနဲ့ နောက်ဆုံးပေါ် မိုဘိုင်း နည်းပညာ တွေကို အကန့်အသတ်မရှိ အချိန်မရွေး နေရာမရွေး ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းဖုန်းကနေ ဒေါင်းလုပ် ဆွဲယူ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိုဘိုင်း ရင်းဂ်တုန်းနဲ့ ဂိမ်းတွေ ရယူနိုင်မယ့် ဝက်ဘ်လင့်ခ်တွေလည်း ထည့်သွင်း ပေးထားပါတယ်။

## နိုင်ငံတကာ ပညာရေးနယ်ပယ်



http://www.learn4good.com

တစ်နှစ် တစ်နှစ်ကို လူဦးရေ သန်း၃၀ကျော် ဝင်ရောက် ကြည့်ရှုတဲ့ နိုင်ငံတကာ ပညာရေး ဝက်ဘ်ဆိုက်ပါ။ အမေရိကာ၊ ကနေဒါ၊ ဥရောပ၊ အင်္ဂလန်၊ စပိန်၊ ယူအေအီး နိုင်ငံတွေနဲ့ စင်္ကာပူ၊ ထိုင်း၊ အိန္ဒိယစတဲ့ အာရှ နိုင်ငံတွေမှာ ပညာသင်ဖို့ ကျောင်း ရှာဖွေနိုင်မှာဖြစ်ပြီး ကလေးသူငယ် စောင့်ရှောက်ရေး ပညာကစလို့ ဆေးပညာရပ်တွေအထိ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အင်္ဂလိပ်ဘာသာ စကား တိုးတက်စေဖို့ အခမဲ့ လမ်းညွှန်း သင်ကြား ပို့ချပေးထားပြီး ကျွမ်းကျင်မှု အရည်အချင်းကို စစ်ဆေးနိုင်မှာ ဖြစ်ပါတယ်။ လူကြီး လူငယ်မရွေး သင်ယူနိုင်မယ့် နိုင်ငံစုံမှ အဝေးသင် အွန်လိုင်း ပညာရေးစနစ်တွေကို လေ့လာနိုင်မယ့် အပြင် နိုင်ငံတကာ အလုပ်အကိုင်တွေနဲ့ ဟိုတယ်တွေကို ရှာဖွေ ကြည့်ရှုနိုင်မှာဖြစ်လို့ ပညာရေးနဲ့ ပတ်သက်ရင် အပြည့်စုံဆုံး ဝက်ဘ်ဆိုက် တစ်ခုလို့ ဆိုပါရစေ။

## တောက်ပတဲ့အနာဂတ် တံတား



http://www.job.com.mm

သင့်ရဲ့ တောက်ပတဲ့ အနာဂတ်အတွက် တံတားလေး တစ်ခုပါလို့ ဆိုတဲ့ ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေး ဝက်ဘ်ဆိုက်ပါ။ စာရင်းကိုင်၊စီမံရေးရာ၊ ဘဏ်လုပ်ငန်း၊ အဆောက်အဦး တည်ဆောက်ခြင်း၊ ဒီဇိုင်း၊ ပညာရေး၊ အင်ဂျင်နီယာ၊ ကျန်းမာရေး၊ ဟိုတယ်ဆိုင်ရာ၊ ကွန်ပျူတာ အိုင်တီ၊ ဥပဒေ၊ ကုန်ထုတ်လုပ်မှု၊ မီဒီယာနှင့် ကြော်ငြာ၊ အရောင်းနှင့် ဈေးကွက်၊ သိပ္ပံနှင့် နည်းပညာ၊ ဝန်ဆောင်မှု၊ သယ်ယူ ပို့ဆောင်ရေးနဲ့ အင်န်ဂျီအို အလုပ်အကိုင် လစ်လပ် ရာထူးတွေကို လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အမျိုးအစား၊ တည်နေရာ၊ လုပ်သက် အတွေ့အကြုံ အလိုက် ရှာဖွေ နိုင်မှာဖြစ်သလို မှတ်ပုံတင်ထားသူ လုပ်ငန်းရှင်များသာ ကြည့်ရှုခွင့် ရမယ့် အလုပ်ရှာသူများ စာရင်းနဲ့ အလုပ်ရှင် စာရင်းတွေကို သိရှိနိုင်မှာ ဖြစ်ပါတယ်။

## ငွေတွေ အိမ်ကိုလာမယ်



http://www.makemoneyhome.ws

အိမ်မှာနေရင်း ဝင်ငွေရနိုင်မယ့် နည်းလမ်း အသွယ်သွယ်၊ အင်တာနက်သုံးရင်း အကျိုးအမြတ်လေးတွေ ရရှိနိုင်မယ့် နည်းလမ်း အဖုံဖုံကို တင်ပြပေးထားတဲ့ ဝက်ဘ်ဆိုက်ပါ။ အခမဲ့ ဝက်ဘ်ဆိုက် လုပ်ငန်းနဲ့ ဝင်ငွေရဖို့ ဗီဒီယို ကျူတိုရီယယ်တွေ သင်ကြား ပေးထားပြီး သင်ဟာ ကျွမ်းကျင်မှုမရှိ၊ စာတစ်ကြောင်းတောင် မရေးတတ်ပဲနဲ့တောင် နှစ်သက်ရာ ဘယ်အကြောင်းအရာကိုမဆို ကိုယ်ပိုင် အီးဘုတ်တွေကို လွယ်ကူ လျင်မြန်စွာ ပြုလုပ်နိုင်မယ့် နည်းလမ်းတွေ ထည့်သွင်း ပေးထားပါတယ်။ ဒါ့အပြင် ငွေရှာ နည်းပညာဆိုင်ရာ သိလိုတဲ့ မေးခွန်းတွေကို မေးမြန်း လိုသူတွေအနေနဲ့ အီးမေးလ် ပေးပို့ မေးမြန်း နိုင်မှာဖြစ်ပြီး လက်ခံ ဖြေကြားပေးသွားမှာ ဖြစ်တယ်လို့ ဝက်ဘ်ဆိုက် Adminက ဆိုပါတယ်။

## ပိုမြစ်လှပမှုရဲ့ လျို့ဝှက်ချက်



http://shwebeauty.com

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဂရုစိုက် ထိန်းသိမ်းနည်းတွေကို လေ့လာနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ အရပ်ရှည်ချင်သူများအတွက် ဝတ်စား ဆင်ယင်မှု၊ ညစာ စားပွဲတွေမှာ စမတ်ကျကျ ရှိနေဖို့၊ လက်သည်း အလှပြင်နည်း၊ လက်သည်းလှလှ ဆိုးကြမယ်၊ Eyeliner အလွယ် ဆွဲနည်း၊ ဝက်ခြံနဲ့ အမာရွတ်ပျောက်တဲ့ ဆေး၊ မိတ်ကပ် လိမ်းတဲ့အခါ မပါမဖြစ် ပါရတဲ့ Concealer အကြောင်း၊ ပိုမြစ် လှပခြင်းရဲ့ လျို့ဝှက်ချက်၊ ဂရုပြုစရာ ဆံကေသာစတဲ့ အလှအပနဲ့ ကျန်းမာရေး အကြောင်းတွေကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။ မိတ်ကပ်၊ ဖက်ရှင်၊ ဈေးဝယ် လမ်းညွှန်ကဏ္ဍတွေ အပါအဝင် ဗိုက်အဆီချ၊ တင်အဆီကျ၊ ပေါင်အဆီချ လေ့ကျင့်ခန်းတွေနဲ့ တစ်ကိုယ်လုံးပါ အဆီကျစေမယ့် လေ့ကျင့်ခန်းတွေ အကြောင်း ရေးသား တင်ပြပေးထားလို့ ကျစ်လျစ် သွယ်လျ စွဲမက်ဖွယ် ကိုယ်ခန္ဓာ ပိုင်ဆိုင်လိုတဲ့ အမျိုးသမီးတွေ အခုပဲ ဝင်ကြည့်လိုက်ကြပါ။

APT တင်ဆက်သည်။

---

# Microsoftမှ ခြောက်လအတွင်း Window 8လိုင်စင်ပေါင်း သန်းတစ်ရာကျော်ရောင်းချ

လင်းထက်

ပြီးခဲ့တဲ့ တနင်္လာနေ့က ထုန်ပြန်ခဲ့တဲ့ Microsoftရဲ့ ထုတ်ပြန်ချက်များအရ Window 8လိုင်စင်ပေါင်း သန်းတစ်ရာကျော်ကို ရောင်းချနိုင်ခဲ့ပြီး ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခင်က Window 7 ရောင်းချခဲ့ရမှုအပေါ် ရှိထားတဲ့ မှတ်တိုင်တစ်ခုကို ထပ်မံချိုးဖျက်နိုင်ခဲ့တယ်လို့ သိရပါတယ်။ "တကယ်လို့ နောက်ထပ် Touchစနစ်သုံး ပစ္စည်းသစ်တွေ ဈေးကွက်ဝင်လာဦးမယ်ဆိုရင် ဒီထက်ပိုကြာအောင် ဈေးကွက်မှာ အောင်မြင်နေနိုင်ပါသေးတယ်"လို့ Microsoftရဲ့ ဘဏ္ဍာရေးတာဝန်ခံ Tami Rellerက ပြောပါတယ်။ Window 8အား ဖြန့်ချိပြီး တစ်လအတွင်း သန်းပေါင်း ၄၀ ရောင်းချနိုင်ခဲ့သလို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ အကုန်အထိ သန်း ၆၀ ရောင်းချနိုင်ခဲ့ကြောင့်နှင့် ဒီနေ့အထိ သန်းပေါင်း ၁၀၀ကျော် ရောင်းချနိုင်ခဲ့တာလို့ ဆက်ပြောပါတယ်။ ဒီအရေအတွက်ဟာ မူလလိုင်စင် ရောင်းချရမှု အရေအတွက်သာ ဖြစ်ပြီး လက်ခွဲလိုင်စင် ရောင်းချရမှု အရေအတွက်များ ပါဝင်မှု မရှိသေးကြောင်း သိရပါတယ်။ ယခင် Window 7 ဖြန့်ချိခဲ့ချိန်ကလည်း ခြောက်လအတွင်း လိုင်စင်ပေါင်း သန်း ၁၀၀ ရောင်းချနိုင်ခဲ့ပြီး သမိုင်းမှာ အမြန်ဆုံးနဲ့ အများဆုံးရောင်းချနိုင်ခဲ့တဲ့ OSအဖြစ် မှတ်တမ်းဝင် ခဲ့ပါတယ်။

Ref: www.cnet.com




Image Credit: www.blogspot.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 17
MYANMAR ICT JOURNAL

Application

# Tripit-Travel Organizer




သန့်စင်

ခရီးသွားဖို့စိတ်ကူးရှိလာတဲ့အခါ စိတ်အေးချမ်းသာစွာ သွားလို့ရစေအောင် စီမံပေးမယ့် App တစ်ခုပါ၊ခရီးသွားခါနီး ကပျာကယာ စီစဉ်ရခြင်းတွေက ကင်းဝေးအောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်၊ Tripit က သင်သွားချင်တဲ့ ခရီးရဲ့အချက်အလက်တွေကို ရှာဖွေပေးမှာဖြစ်တဲ့အပြင် သင်လိုအပ်နေတဲ့ အချိန်မှာ ခရီးစဉ်နဲ့ပတ်သတ်သမျှကို ယုံကြည်စိတ်ချမှုရှိအောင် ရက်စွဲတွေ အလိုက် ဖော်ပြပေးသွားမှာဖြစ်တယ်၊ ခရီးသွားဖို့ အတည်ပြု မက်ဆေ့ချ် တစ်စောင်ကို သင်လက်ခံရရှိပြီဆိုရင် plan@tripit.com ကို မေးလ်ပြန်လည် ပို့လိုက်ရုံနဲ့ Tripit App က စားသောက်ဆိုင်တွေ၊ဆက်သွယ်ရမယ့်နေရာတွေ၊ တည်းခိုခန်းတွေ စသည်ဖြင့်ပါဝင်တဲ့ လမ်းညွှန်စာအုပ်ပေါင်း 3000 ကျော်ကို စုစည်းဖော်ပြပေးမှာဖြစ်ပါတယ်၊သင်သွားမယ့်ခရီးစဉ်ကို သင်ရဲ့မိသားစု၊ သူငယ်ချင်းတွေကို တိုက်ရိုက် Share လုပ်နိုင်မှာဖြစ်ပြီး Facebookလို လူမှုရေး ဆိုက်တွေမှာလဲ ဘယ်နေရာ၊ ဘယ်အချိန်သွားမယ်ဆိုတာကို ဖော်ပြနိုင်ပါလိမ့်မယ်၊ နောက်ထပ်ရနိုင်တာက Tripit Pro ဖြစ်ပါတယ်၊ သင်ရဲ့ လက်ထောက် တစ်ယောက်လို ခရီးတွေကို စီစဉ်ပေးနိုင်မှာဖြစ်ပြီး တစ်လလုံးစာအတွက် 49ဒေါ်လာပဲကျသင့်မှာဖြစ်ပါတယ်၊ အထူးသဖြင့် အမြဲတမ်းခရီး သွားတွေ အတွက် အပြည့်အဝ ကူညီပေးနိုင်မှာဖြစ်ပြီး လေယာဉ်ခရီးစဉ်တွေကိုလည်း သိမ်းဆည်းပေးထားမှာပါ၊ နောက်ပြီး သင်ခရီးသွားတဲ့အခါမှာ အခြားသောသူတွေကို အလိုအလျောက်သတိပေး သွားမှာပဲဖြစ်ပါတယ်၊ ဒီ Appကို အခမဲ့ Download ရယူနိုင်မှာဖြစ်ပြီး iOS 5.0 နှင့်အထက်ရှိဖို့တော့လိုပါတယ်၊ ချို့ယွင်းချက် တစ်ခုအနေဖြင့် ရှင်းလင်း ပြတ်သားတဲ့ ads စနစ်ကိုတော့ ဒီ Appမှာ ရနိုင်မှာမဟုတ်ပါဘူး၊ သူ့ရဲ့ Sizeက 12.3MB ရှိပြီး Version 4.0.1ပဲ ဖြစ်ပါတယ်၊ iPhone 5အတွက် အဓိကထား ထုတ်ထားပြီး iPad, iPod Touch တွေမှာလည်း သုံးနိုင်ပါတယ်၊

Ref: www.howtogeek.com

# Camcard Business Card Reader




သန့်စင်

Camcardလို့အမည်ရတဲ့ ဒီ app လေးက Card Reader ဒါမှမဟုတ် Card Scanner ဖြစ်ပါတယ်၊ Business cardတွေကို photoအဖြစ် ရိုက်ယူ လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် camcard appက သင့်ဖုန်းအတွင်းမှာရှိတဲ့ Cardholder သို့မဟုတ် Address Book တွင် အလိုအလျောက် သိမ်းဆည်း ပေးသွားမှာ ဖြစ်ပါတယ်၊ ဒါမှမဟုတ် Gmail မှာဖြစ်ဖြစ်၊ ရှိပြီးသား ကတ် အမျိုး အစား ပေါင်းစုံကို အုပ်စုတွေ ခွဲပြီး markပေးထားလို့ရပါသေးတယ်၊ ကတ်ကို auto crop ဖြတ်ပေးမယ်၊ စောင်းနေတာတွေ တည့်ပေးမယ်။ ဒါတွေက appရဲ့ Auto လုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်။ Cardholer ကနေ ဖုန်းနံပါတ် ထပ် နှိပ်စရာ မလိုတော့ပဲ ခေါ်ဆိုလို့ရနိုင်မယ့်အပြင် SMS, Email, Web Page တွေကို တစ်ခါတည်း ဖွင့်လို့ရမှာဖြစ်ပါတယ်။ English, Simplified Chinese, Traditional Chinese, Korean and Japaneseစသည့် ဘာသာငါးမျိုးကို အသုံးပြုနိုင်မည်ဖြစ်ပါတယ်။ ကတ်တွေကို သိမ်းဆည်းထားပေးမယ့်ပုံစံလေး ကလည်း စနစ်ကျတယ်ဆိုရမှာပါ။ ကတ်မှာပါတဲ့ အမည်၊ ဟမ်းဖုန်းနံပါတ်၊ ကုမ္ပဏီ နာမည်တွေကို သူ့နေရာနဲ့ ပုံစံချပေးသွားမှာပါ။ ကတ်ကို ဖတ်ပြီး သွားပြီးဆိုရင်လည်း မိမိသူငယ်ချင်းတွေကို ရှယ်ပေးလို့ရပါတယ်။ Business Cardရဲ့ အချက်အလက်တွေကို အမှန်ကန်ဆုံးဖော်ပြပေးမည့်အပြင် ကတ်နှစ် ဖက်လုံးစာအတွက်ကိုမှတ်ထားနိုင်မှာဖြစ်ပါတယ်၊ ကတ်ပေါ်မှာ note မှတ် ထားလို့ ရမယ်၊ ဒါတွေက Camcard appရဲ့ လုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်၊ Camcardကို ကမ္ဘာ့လူဦးရေ သန်း30ကျော်က သုံးစွဲနေပြီဖြစ်ပြီး၊ ဧပြီ 17ရက် က Online App Storeတွေမှာ ဝယ်ယူရနိုင်ပြီဖြစ်ပါတယ်၊ ဒီ appကို အသုံးပြုနိုင်ဖို့ Android 2.0 အထက်ရှိရမှာဖြစ်ပြီး၊ အလိုအလျောက် focusဖြတ် ပေးနိုင်တဲ့ကင်မရာပါဝင်ဖို့တော့ လိုအပ်ပါတယ်။ US 11.99 ကျသင့်မှာဖြစ်ပြီး Google Play မှာ ဝယ်ယူပီးဒေါင်းလုပ်ဆွဲသုံးနိုင်ပါတယ်၊


Ref: www.playgoogle.com

# Find my iPhone App


သန့်စင်

မိမိတို့ရဲ့ iBrandတွေဖြစ်တဲ့ iPhone, iPod, iPadတွေ နေရာ အထားမှား တာမျိုး၊ ပျောက်နေတာမျိုးတွေဖြစ်လာတဲ့အခါ ios စနစ်သုံးအခြား Devicesနဲ့ ပြန်လည်ရှာဖွေပေးနိုင်မယ့် iPhone App တစ်ခုဖြစ်ပါတယ်။ iOS Devices တွေမှာ ဒီ Appကို လွယ်ကူစွာဖြင့် Downloadလုပ်ကာ Sing in ဝင်ထားလိုက် မယ်ဆိုရင် Find my iPhone App ဟာ မြေပုံပေါ်ကနေ ပျောက်ဆုံးနေတဲ့ Device တွေကို ညွှန်ပြပေးနိုင်မယ့်အပြင် Lock ခတ်ခြင်း၊ Alert အသံ လှမ်းဖွင့်ခြင်းတွေကိုလည်း လုပ်ဆောင်ပေးနိုင်တယ်လို့ ဆိုထားပါတယ်၊ iOS 6နဲ့ အထက်ရှိတဲ့ iPhone, iPadတွေမှာဆိုရင် Lost Modeကိုပါ အသုံးပြုပေးမှာဖြစ်ပါတယ်။

